# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကိုဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ် (၁၁၈)


# ပြည်သူက တင်ပြလိုသော စာများ၊ တင်ပြချက်များကို စနစ်တကျ မှတ်ပုံတင်စာရင်းသွင်း လက်ခံ၍ ပျောက်ပျက်မှုမရှိစေဘဲ နိုင်ငံတော်အကြီးအကဲများထံ တင်ပြနိုင်ရေး အလေးအနက်ထားစီစဉ်ဆောင်ရွက်ပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**ပြည်သူသို့ ပန်ကြားချက်**

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၄ ရက်

( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

၁။ နိုင်ငံတော်အကြီးအကဲများထံ ပေးပို့လာသော အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၏ တင်ပြစာ၊ တိုင်ကြားစာ၊ အသနားခံစာများကို နိုင်ငံတော်သမ္မတရုံး တိုင်ကြားစာဌာန၊ (ဆက်သွယ်ရန်ဖုန်းနှင့် ဖက်စ်နံပါတ် ၀၆၇-၃၄၀၉၁၁၇) က မှတ်တမ်းရေးသွင်း၍ ခိုင်လုံမှုရှိ-မရှိ စိစစ်ခြင်း၊ ခိုင်လုံမှုရှိသော စာများကို သက်ဆိုင်ရာဌာနအသီးသီးသို့ ပေးပို့စိစစ်ဆောင်ရွက်စေပြီး တင်ပြသူထံသို့ ပေးပို့စာ လက်ခံရရှိကြောင်း ပြန်ကြားပေးခြင်း၊ နိုင်ငံတော်အကြီးအကဲများထံသို့ သက်ဆိုင်ရာဌာနအသီးသီးက ဆောင်ရွက်မှုများ ပြန်လည်ပေးပို့လာသည့်အခါ ဆက်လက်တင်ပြခြင်း၊ သတ်မှတ်ကာလအတွင်း ပြန်လည်ပေးပို့ခြင်းမရှိသော အမှုတွဲများအတွက် စောင့်ကြပ်ကြည့်ရှုလျက် သက်ဆိုင်ရာဌာနသို့ ထပ်မံအသိပေးအကြောင်းကြားခြင်း၊ တိုင်ကြား/တင်ပြစာများအပေါ် သက်ဆိုင်ရာဌာနများ၏ စစ်ဆေးတွေ့ရှိချက်၊ ဖြေရှင်းပေးမှုအခြေအနေများအား ကာယကံရှင်ပြည်သူများထံသို့ အကြောင်း ပြန်ကြားပေးခြင်းစသည့် လုပ်ငန်းစဉ်များကို အလေးအနက်ထား၍ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ သို့သော်လည်း နိုင်ငံတော်အကြီးအကဲများ၏ ပြည်တွင်းခရီးစဉ်များအတွင်း ပြည်သူအချို့က ၎င်းတို့၏ နစ်နာချက်များ၊ တိုင်ကြားချက်များ၊ အကြံပြုချက်များကို ရေးသားတင်ပြထားသည့် စာများအား

*စာမျက်နှာ ၃ ကော်လံ ၅* ◆

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း စင်ကာပူနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်မည် ဖြစ်ပါသည်။

**သတင်းစဉ်**

## မုန်တိုင်းငယ် ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဘူဘမ်နဆွာမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမား၊ ပါမောက္ခဒေါက်တာ အောင်ထွန်းသက် တို့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်အနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ကော်မရှင်၏ လုပ်ငန်းတာဝန်သတ်မှတ်ချက် အတည်ပြုရေးကိစ္စ၊ ကော်မရှင်အား အထောက်အကူပြုမည့် အတွင်းရေးမှူးရုံးအဖွဲ့ ဖွဲ့စည်းရေးတို့နှင့် ပတ်သက်ပြီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

*စာမျက်နှာ ၃ ကော်လံ ၁* ❑




မြန်မာ့အလင်း

# မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်

မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် တည်ရှိပါသည်။ ဤမြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့က လက်တွဲထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သည် သတ်မှတ်အရည်အချင်းပြည့်မီသော ကျောင်းသူကျောင်းသားတို့ကို နိုင်ငံ၏ဒေသအနှံ့အပြားမှခေါ်ယူ၍ ကမ္ဘာ့အဆင့်မီပညာရပ်တို့ကို သင်ကြားပို့ချပေးပါသည်။ ဤတက္ကသိုလ်၌ ကွန်ပျူတာပရိုဂရမ်အင်ဂျင်နီယာ (Computer Science & Engineering) နှင့် အီလက်ထရွန်နစ်ဆက်သွယ်ရေးအင်ဂျင်နီယာ (Electronics & Communication Engineering) တို့ကို သင်ကြားပို့ချလျက်ရှိပါသည်။

မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်ထူထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့က နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါနားလည်မှု စာချွန်လွှာအရ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်ထူထောင်ရာ၌ အိန္ဒိယနိုင်ငံရှိ အောင်မြင်မှုရရှိပြီးဖြစ်သော International Institute of Information Technology ၏ သင်ရိုးညွှန်းတမ်းနှင့် ဖွဲ့စည်းလုပ်ကိုင်ပုံတို့ကို စံနမူနာပြုဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ International Institute of Information Technology သည် အိန္ဒိယနိုင်ငံဘန်ဂလို (Bangalore) မြို့၌ တည်ရှိပါသည်။

နှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံအစိုးရက မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်ထူထောင်မည့် မြေနေရာနှင့်အဆောက်အအုံများအပါအဝင် တခြားသော အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးခဲ့ပါသည်။ အိန္ဒိယနိုင်ငံအစိုးရကဘဏ္ဍာရေးနှင့် နည်းပညာအပါအဝင် ခေတ်မီသင်ကြားမှုအထောက်အကူပြုပစ္စည်းကိရိယာတို့ကို အပြည့်အစုံပံ့ပိုးတပ်ဆင်ပေးခဲ့ပါသည်။ နှစ်နိုင်ငံအစိုးရ၏ ဤသို့လက်တွဲဆောင်ရွက်မှုသည် International Institute of Information Technology ၏ ဦးဆောင်ပံ့ပိုးမှုဖြင့် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်အား အချိန်တိုအတွင်း ကမ္ဘာ့အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် ထူထောင်နိုင်ရန် ဖြစ်ပါသည်။

ပစ္စုပ္ပန်ကာလ၌ နိုင်ငံတို့၏ ရှင်သန်ရပ်တည်နိုင်ရေးသည် သတင်းအချက်အလက် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်မျှပြင်ဆင်အကောင်အထည်ဖော်နိုင်စွမ်းရှိသည်ဟူသော အချက်အပေါ်မူတည်လျက်ရှိသည်ဟု မှတ်ချက်ပြုကြပါသည်။ လေ့လာသုတေသနပြုလုပ်မှုတို့အရ မြန်နှုန်းမြင့်အင်တာနက် အသုံးပြုမှုအား ၁၀ ရာခိုင်နှုန်းတိုးမြှင့်နိုင်ပါက တိုင်းပြည်၏ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) သည် ၁ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လာပါသည်။ အလားတူပင် လက်ကိုင်တယ်လီဖုန်းအသုံးပြုမှုအား ၁၀ ရာခိုင်နှုန်း တိုးမြှင့်နိုင်ပါက တိုင်းပြည်၏ထုတ်ကုန်တန်ဖိုး(ဂျီဒီပီ) သည် ၀ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာပါသည်။ ဤအချက်အလက်တို့အား သုံးသပ်ခြင်းအားဖြင့် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းတို့ဖန်တီးပေးနိုင်သည်ကို မှန်းဆနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အိန္ဒိယအစိုးရတို့၏ လက်တွဲဆောင်ရွက်မှုအား ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးကျောင်းသင်တန်းများ လျှောက်ထားနိုင်

**နေပြည်တော် ဩဂုတ် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီး သင်တန်းကျောင်း (ရန်ကုန်)တွင် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ၂၀၁၈-၂၀၁၉ ခုနှစ်၏ ဒုတိယအပတ်စဉ်အဖြစ် သုံးလသင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံ သင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို စက်တင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါသင်တန်းများအား တက်ရောက်လိုသူများသည် အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၇၉၇၀၂၁၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၂၅၀၁၃၀၃၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူပစ္စည်း၊ လစဉ်ထောက်ပံ့ကြေးနှင့် နယ်မှသင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ




# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ညောင်ရွှေမြို့ သက်မွေးပညာသင်တန်းကျောင်းနှင့် ပင်းတယ၊ ရွာငံ၊ မြို့ကြီးဆည်ရှိ ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဩဂုတ် ၁၀ ရက်က ပညာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ အခြေစိုက် Partnership for Change (PFC) တို့ပူးပေါင်းဖွင့်လှစ်ထားသော ညောင်ရွှေမြို့ မကျီးစင်ကျေးရွာအနီးရှိ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်းသို့ ရောက်ရှိကာ လက်ရှိပို့ချနေသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွင် ဘာသာရပ်အလိုက် သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသားများအား တွေ့ဆုံ အားပေးစကားပြောကြားသည်။(အောက်ပုံ)

သင်တန်းတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ်များဖြစ်သော ဧည့်ကြိုဘာသာရပ်၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး ဘာသာရပ်၊ အစားအစာ ဝန်ဆောင်မှုဘာသာရပ်၊ အစားအစာထုတ်လုပ်မှုဘာသာရပ်များအပြင် ဘဝတစ်သက်တာနေထိုင်ကျင့်ကြံလိုက်နာရန် ဘာသာရပ်များ၊ အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုမြှင့်တင်ခြင်းနှင့် IT နည်းပညာ ဘာသာရပ်များကို စာတွေ့ ငါးလ၊ လက်တွေ့ လေးလ စုစုပေါင်း ကိုးလကြာ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းဒေသရှိမြို့များမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၁ ရက်က ရှမ်းပြည်နယ် ပင်းတယမြို့နယ် ပွေးလှမြို့ရှိ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ဟော်နန်းအား ခရီးသွားလုပ်ငန်း လည်ပတ်နိုင်ရန် ခရီးစဉ်အသစ်တစ်ခုအဖြစ် စီစဉ်နိုင်မှု ရှိ မရှိ စစ်ဆေးကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၁၂ ရက် နံနက် ၇ နာရီက မြို့ကြီးဆည်အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အခြားခရီးသွားလုပ်ငန်း ဆိုင်ရာများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ မြို့ကြီးဆည်သည် ရှမ်းပြည်နယ်အတွင်း တည်ရှိသော်လည်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နှင့် နီးကပ်စွာတည်ရှိသဖြင့် ခရီးစဉ်ဒေသအသစ် ဖော်ဆောင်နိုင်ပါက မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွက် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဆက်စပ် လည်ပတ်နိုင်မည့်နေရာတစ်ခု ဖြစ်လာနိုင်မည်ဖြစ်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် ရွာငံမြို့နယ်၏ အနောက်ဘက် ၁၄ မိုင်ခန့်အကွာရှိ ကျောက်ခေတ် ရှေးဟောင်းနံရံပန်းချီများရှိသော ပြဒါးလင်းဂူသို့သွားရာ လမ်းကြောင်း အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းသမိုင်းဝင် ပြဒါးလင်းဂူအား ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ ကြည့်ရှု၍ ပြဒါးလင်းဂူ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲ တင်ပြဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ထင်သာမြင်သာပြုပြင်စရာ

## ရွှေသောင်ယံမြို့ ခရင်ချောင်းတံတား ရက်မတန်းများဆွေးမြည့်နေ၍ ပြုပြင်ပေးစေလို

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ခရင်ချောင်းတံတားတွင် အောက်ခံရက်မတန်းများမှာ ဆွေးမြည့်နေသည့်အတွက် ယာဉ်များဖြတ်သန်းသွားလာရာတွင် အချိန်မရွေးအန္တရာယ်နှင့် ကြုံတွေ့နိုင်ပါသည်။ ယာဉ်များသွားလာ၍မရပါက ကျေးရွာများနှင့် ကုန်စည်စီးဆင်းမှုများပါ ရပ်တန့်ပြီး ကျေးရွာများတွင်နေထိုင်ကြသော ဒေသခံများအဖို့ အခက်အခဲများ ကြုံတွေ့လာနိုင်ပါသည်။ အဆိုပါတံတားသည် ရွှေသောင်ယံမြို့နှင့် သဘော့ကန်အုပ်စု၊ သဲကုန်းအုပ်စုတို့ရှိ ကျေးရွာများနှင့် ဆက်သွယ်မှုများ နေ့စဉ် ပြုလုပ်နေရသော၊ ကုန်စည်စီးဆင်းရာတွင် အဓိကဆက်သွယ်အသုံးပြုရသော တံတားဖြစ်သည်။ ဒေသခံများသွားလာမှု အဆင်ပြေစေရေးအတွက် ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ခရင်ချောင်းတံတားတွင် အောက်ခံရက်မတန်းများ ဆွေးမြည့်နေသည်ကို သက်ဆိုင်ရာက အမြန်ဆုံးပြုပြင်ဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ **ကိုကိုမောင် (ရွှေသောင်ယံ)**



## ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်လမ်းများ အဆင့်မြှင့်တင်

**ပျဉ်းမနား ဩဂုတ် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်လမ်းများတွင် နိုင်ငံတော်မှ အဆင့်မြှင့်ကတ္တရာလမ်းများ ခင်းကျင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်၏ ငွေလုံးငွေရင်းဖြင့် ယခုနှစ် ဧပြီလ ပထမအပတ်မှ စတင်ကာ ပျဉ်းမနားမြို့ပေါ်ရှိ ရွာကောက်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်၊ ရန်အောင်(၁)ရပ်ကွက်၊ တောင်သာအုပ်စု အစရှိသည့် ရပ်ကွက်များအတွင်းရှိ လမ်းသွယ်လမ်းမများ ကတ္တရာလမ်းခင်းကျင်းဆောင်ရွက်လျက်ရှိရာတွင် ရွာကောက်ရပ်ကွက်အတွင်းရှိ မဥ္ဇူလမ်းမြေသားပြုပြင်ဆောင်ရွက်ခြင်း ၃၉၂၅ ပေ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းကတ္တရာခင်းခြင်း ပေ ၄၁၅၀၊ ဓမ္မာရုံလမ်း ၂၄၂၅ ပေနှင့် ပြည့်စုံလမ်း ၁၇၂၅ ပေ တို့ကို ယခု ဩဂုတ်လပထမအပတ်မှစတင်ကာ အဆင့်မြင့် ကတ္တရာလမ်းခင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ လမ်းခင်းကျင်းဆောင်ရွက်သည့် လုပ်ငန်းခွင်သို့ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးတို့ ယမန်နေ့က ကွင်းဆင်းကာ ရပ်ကွက်ဒေသခံများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

❑ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

မြန်မာနိုင်ငံအစိုးရသည် ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသား အစီအစဉ်တစ်ရပ်အနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တို့တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလို၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမား၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



◆ *ရှေ့ဖုံးမှ*

နိုင်ငံတော်အကြီးအကဲများ၏ လက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျပေးအပ်နိုင်ရန် ကြိုးပမ်းခဲ့ကြခြင်း၊ ထိုသို့ပေးအပ်ရန် အခွင့်မသာသည့်အချိန်အခါများတွင် အကြီးအကဲများ၏ ခရီးစဉ်အတွင်း၌ စာများ၊ ပစ္စည်းများကို ပစ်ပေးခြင်းများ ပြုလုပ်ခဲ့ကြခြင်းကြောင့် နိုင်ငံတော်အကြီးအကဲများ၏ လုံခြုံရေးအတွက် ပြည်သူများအကြားတွင် စိုးရိမ်ပူပန်မှုများ မြင့်တက်စေပြီး ဝေဖန်မှုများလည်း တိုးပွားလာပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များအတွင်း ပြည်သူလူထုက တင်ပြလိုသော စာများ၊ တင်ပြချက်များကို ခရီးစဉ်နှင့်အတူလိုက်ပါလာမည့် နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးထားသည့် တိုင်ကြားစာလက်ခံရေးအဖွဲ့ထံသို့ ပေးအပ်ကြပါရန်နှင့် ၎င်းအဖွဲ့မှ အဆိုပါ တင်ပြစာများကို စနစ်တကျမှတ်ပုံတင် စာရင်းသွင်းလက်ခံ၍ ပျောက်ပျက်မှုမရှိစေဘဲ နိုင်ငံတော်အကြီးအကဲများထံ တင်ပြနိုင်ရေး အလေးအနက်ထား စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ မိမိတို့၏နစ်နာချက်များကို တင်ပြလိုသော ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်အကြီးအကဲများ၏ ဘေးကင်းလုံခြုံရေး၊ ခရီးစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် နားလည်မှုအပြည့်ဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် ပန်ကြားအပ်ပါသည်။

# ကရင်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဩဂုတ် ၁၅**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၄ ဒသမ ၅၆ လက်မ၊ ပူတာအိုမြို့တွင် ၄ ဒသမ ၀၁ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၅၉ လက်မ၊ ညောင်လေးပင်မြို့တွင် ၃ ဒသမ ၅၅ လက်မ၊ ဇောင်းတူမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၀၀ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၂ ဒသမ ၃၄ လက်မ၊ မချမ်းဘောမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ တမူးမြို့နှင့် မြောင်းမြမြို့တို့တွင် ၂ ဒသမ ၂၄ လက်မစီ၊ ဆောမြို့တွင် ၂ ဒသမ ၀၃ လက်မ၊ အုတ်ဖိုမြို့တွင် ၂ ဒသမ ၀၅ လက်မနှင့် သံတွဲမြို့တွင် ၂ ဒသမ ၀၄ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းဝင်သင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဩဂုတ် ၁၄ ရက် နံနက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းဝင် သင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**




ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ တိုးတက်ကောင်းမွန်ရေးကို အလေးထားလျက်ရှိပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်လျက်ရှိပါကြောင်း၊ ယခုဥပဒေအရာရှိအဆင့်-၄(အစမ်းခန့်) များသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မျိုးဆက်သစ်အရာရှိများဖြစ်သဖြင့် သင်တန်းတွင် ပို့ချသည့် ပြည်တွင်း ပြည်ပဥပဒေများ၊ တရားစွဲနှင့် အမှုလိုက်ဘာသာရပ်၊ စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာများ၊ Legal English တို့အပြင် လက်တွေ့တရားခွင်များ၌ ကျွမ်းကျင်တတ်မြောက်ရန် သင်ကြားလေ့လာကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေအရာရှိ ကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးစံနှုန်းများကိုလည်း မှန်ကန်ထိရောက်စွာ လိုက်နာကျင့်သုံးနိုင်ရေးအတွက် လေ့လာဆည်းပူးကြရန်လိုကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပညာရည်ပြည့်ဝသော ဥပဒေအရာရှိကောင်းများ ဖြစ်ရေးအတွက် ယခုကပင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသားသင်တန်းသူ ၁၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အလှူငွေကျပ် ၁၄၇ သိန်းကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လည်းကောင်း၊ **(ယာပုံ)** မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) က အလှူ ငွေကျပ် ၂၀၄ သိန်းကို မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ဥက္ကဋ္ဌ ဦးသက်တင် ဦးဆောင်သောအဖွဲ့က လည်းကောင်း၊ သက်ကြီးရွယ်အိုကျန်းမာရေး ကူညီစောင့်ရှောက်ထောက်ပံ့ရေး-ဝန်ဇင်းမေတ္တာရှင်အဖွဲ့ (မိတ္ထီလာမြို့)က ငွေကျပ် ၄၀၂၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်ထုပ် ၁၂၀၊ သောက်ရေသန့် ၇၈ ဘူးနှင့် အလှူငွေကျပ် ၅၂၃၀၀၀ ကို သက်ကြီးရွယ်အိုကျန်းမာရေး ကူညီစောင့်ရှောက်ထောက်ပံ့ရေး - ဝန်ဇင်းမေတ္တာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမောင်ကလည်းကောင်း ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၏ တက္ကသိုလ် အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ ပညာရပ်ဆိုင်ရာလုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) များ၏ တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ ပညာရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၈)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil ServicesAcademy-CSA) ပညာရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက္ကသိုလ်အကြံပေးအဖွဲ့ အဖွဲ့ဝင်များက အကြံပြုတင်ပြကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက အကြံပြုတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၏ အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် ကင်းချောင်းတံတားသံပေါင်ထုတ်လုပ်ခြင်းလုပ်ငန်းစတင်

**နေပြည်တော် ဩဂုတ် ၁၅**

ရခိုင်ပြည်နယ် ဇင်ချောင်း - ကင်းမြောက်လမ်းပေါ်ရှိ ကင်းချောင်းတံတား စီမံကိန်းအတွက် ဩစတြီးယားအစိုးရ၏ အတိုးမဲ့ချေးငွေ ယူရို ၅ သန်းဖြင့် ဝယ်ယူမည့် သံပေါင်များထုတ်လုပ်ခြင်း ကိစ္စရပ်များ စတင်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တရားဝင်စတင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ငွေတိုက်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တံတားဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သံပေါင်ထုတ်လုပ်သည့် MCE, GmbH Co.,Ltd , Austria မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ တံတားသည် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် တည်ရှိပြီး ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့များကို ဆက်သွယ်ပေးထားသော အရှည် ၃၈၃ မီတာရှိ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး အောက်ခြေမှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်ဖြစ်သည်။ တံတား၏ အောက်ခြေအုတ်မြစ်လုပ်ငန်းများအား နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်မည်ဖြစ်ပြီး အပေါ်ထည်သံပေါင်များမှာ ဩစတြီးယားအစိုးရ၏ Uni Credit Bank မှ အတိုးမဲ့ချေးငွေ ယူရို ၅ သန်းဖြင့် ဝယ်ယူမည့် ဥရောပနည်းပညာဖြင့် ထုတ်လုပ်ထားသော သံပေါင်များဖြစ်သည်။

တံတားကြီးပြီးစီးပါက ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ပါဝင်သည့် ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အရေးပါသောတံတားတစ်စင်းအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) မှ ဆရာ ဆရာမများနှင့် အလုပ်သင် ဆရာဝန်များ သွားကျန်းမာရေးစစ်ဆေးကုသပေး

**ရန်ကုန် ဩဂုတ် ၁၅**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၊ ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာနမှ ဆရာ ဆရာမများနှင့် အလုပ်သင်ဆရာဝန်ရှစ်ဦး ပါဝင်သောအဖွဲ့သည် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် သဃ်န်းကျွန်းမြို့နယ် ဦးစီး အရာရှိ (သွားကျန်းမာ) လိုက်ပါလျက် ဩဂုတ် ၁၄ ရက်က ရွေ့လျားကုသရေး မော်တော်ယာဉ် (CLINOMOBIL) ဖြင့် အခြေခံ ပညာအထက်တန်းကျောင်း (သုဝဏ္ဏ) သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူ ၂၃၉ ဦးကို သွားကျန်းမာရေးစစ်ဆေးပြီး ကုသရန်လိုအပ်သည့် ကျောင်းသား ကျောင်းသူ ၄၇ ဦးကို အခမဲ့ ကုသမှုပေးခဲ့ကာ ၈၅၀ ကို သွားနှင့်ခံတွင်း ကျန်းမာရေးပညာ ပေးဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလှုပ်ရှားမှုအဖြစ် သံတွဲခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦး၊ အမှတ် (၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သံတွဲ) တပ်ဖွဲ့စုမှူးရဲအုပ်သန်းစိုးအောင်၊ ပို့/ဆက်ဦးစီး ဌာနတို့ ပူးပေါင်း၍ လမ်းသင်္ကေတများနှင့် ပတ်သက်သည့်အသိပညာပေးလက်ကမ်း စာစောင်များကို ယမန်နေ့က သံတွဲမြို့ ဒွါရာဝတီတံတားတွင် ယာဉ်မောင်းသူများ၊ ဆိုင်ကယ်မောင်းနှင်သူများအား ဖြန့်ဝေပေးစဉ်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ပဲခူးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးသို့ လာရောက်လှူဒါန်း

**ပဲခူး ဩဂုတ် ၁၅**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တွင်ဖွင့်လှစ်ထားသော ပဲခူးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့က ပဲခူးတိုင်းဒေသကြီးအတွင်း ရှိ ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လာရောက်လှူဒါန်းပေးခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၅၀၊ ရွှေပြည်သာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်နှင့် ချင်းမိသားစုမှ အလှူငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကတိကဝတ် အာမခံချက်နှင့် လွှတ်တော် အခွင့်အရေးကော်မတီမှ ခေါက်ဆွဲခြောက် ၂၅ ဗာ တန်ဖိုးငွေကျပ် ၁၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**




## ပင်လုံမြို့၌ တန်ဖိုးနည်း အာဟာရပြည့် အချက်အပြုတ်ပြိုင်ပွဲ ကျင်းပ

**လွိုင်လင် ဩဂုတ် ၁၅** ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ပင်လုံမြို့၌ လွိုင်လင်ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် တန်ဖိုးနည်းအာဟာရပြည့် အချက်အပြုတ်ပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်က ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးလွင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပတ်သက်၍ လွိုင်လင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်သန်းသန်းညွန့်က ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲသို့ ပင်လုံမြို့ပေါ် ရပ်ကွက်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခြောက်သင်းတို့က ယှဉ်ပြိုင်ကြရာ အချိန်တစ်နာရီအတွင်း တန်ဖိုးငွေအနည်းဆုံးနှင့် အရသာကောင်းမွန်အောင် ချက်ပြုတ်နိုင်သည့်အသင်းများကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချင်းတွင်းမြစ်ဝှမ်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေး လုပ်ဆောင်လျက်ရှိ

**မုံရွာ ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်နှင့် ချင်းတွင်းမြစ်ဝှမ်းကြီးတစ်ခုလုံး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စတော့ဟုမ်းပတ်ဝန်းကျင်သိပ္ပံ (SEI)နှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ(MEI)တို့နှင့် ပူးပေါင်းလုပ်ကိုင်နိုင်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးလုပ်ဆောင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၏ ပြောကြားချက်အရ သိရသည်။



"သူတို့ လုပ်ဆောင်နေတဲ့ သုတေသနလုပ်ငန်းတွေက ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာ နေထိုင်သွားလာနေကြတဲ့ ပြည်သူတွေအတွက်လုပ်တဲ့ လုပ်ငန်းတွေပါ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ သယံဇာတတွေက အများကြီးရှိပါတယ်။ သဘာဝတွင်းထွက်တွေ၊ သစ်တောတွေ၊ ရေနံတွေရှိတယ်။ သဘာဝသယံဇာတပစ္စည်းတွေကို တိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ ပြည်သူတွေ စနစ်တကျသုံးစွဲတတ်ဖို့၊ ရေရှည်သုံးစွဲနိုင်ဖို့ ဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းနိုင်ဖို့အတွက် ဒီအဖွဲ့က လိုက်လုပ်ဆောင်ပေးနေတာ။ ဒါကြောင့် သူတို့နဲ့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးဖို့ လုပ်ဆောင်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြောသည်။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် စတော့ဟုမ်းပတ်ဝန်းကျင်သိပ္ပံနှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံတို့ ပူးပေါင်းပြီး ရေအရည်အသွေးတိုင်းတာခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုနှင့် ပတ်သက်ပြီး သုတေသနလုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိရာ ယင်းလုပ်ငန်းများ ပိုမိုထိရောက်စွာလုပ်ကိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ SEI,MEIတို့နှင့် ပူးပေါင်းလုပ်ကိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။

"ချင်းတွင်းမြစ်ဝှမ်းကြီး ရေရှည်တည်တံ့နိုင်ရေးအတွက်ကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ နားလည်မှုစာချွန်လွှာကိုရေးထိုးနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်နေဆဲဖြစ်ပါတယ်။ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ဖို့ကို အခုအခြေအနေကတော့ အချက်အလက်တွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ထားပါတယ်။ သူတို့လည်း စစ်ဆေးနေပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာတော့ လက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု စတော့ဟုမ်းပတ်ဝန်းကျင်သိပ္ပံမှ Mr. Thanapon Piman က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စတော့ဟုမ်းပတ်ဝန်းကျင်သိပ္ပံနှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ထိုးပြီးပါက ချင်းတွင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ယခုထက်ပိုမိုပြီး ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဒေါ်လာဈေးမြင့်တက်နေခြင်းကြောင့် မြန်မာရွှေဈေးနှုန်း အတက်ဘက်သို့ ဦးတည်

**ရန်ကုန် ဩဂုတ် ၁၅**

ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်းသော်လည်း ဒေါ်လာဈေး မြင့်တက်နေခြင်းကြောင့် မြန်မာရွှေဈေးနှုန်း အတက်ဘက်သို့ ဦးတည်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ပြန်ကြားရေးမှူး ဦးအေးချို က "လက်ရှိ ရွှေဈေးကွက်အနေအထားက ကမ္ဘာ့ရွှေဈေးနှုန်းက တအားကျနေတယ်။ ကမ္ဘာ့ရွှေဈေးက ကျပြီး မြန်မာ့ရွှေဈေးက ဘာလို့ မကျလဲဆိုရင် တစ်ဖက်မှာ ဒေါ်လာဈေးက စံချိန်တင် အမြင့်ဆုံးဈေး ကျပ် ၁၅၀၀ ဖြစ်နေတယ်။ အဲဒီတော့ ကမ္ဘာ့ရွှေဈေးကျပြီး ဒေါ်လာဈေးတက်တဲ့အတွက် မြန်မာ့ရွှေဈေးကမကျဘဲ လက်ရှိအနေနဲ့က ဒီနေ့ပေါက်ဈေးဆိုရင် ကျပ် ၉၄၅၀၀ ဈေးလောက်နဲ့ အလုပ်ဖြစ်နေတယ်" ဟု ပြောသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရွှေဈေးနှုန်းသည် ကျပ် ၉၁၀၀၀၀ ခန့်ရှိရာမှ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ရွှေဈေးနှုန်းသည် ကျပ် ၉၅၀၀၀၀ ခန့်ရှိသဖြင့် တစ်နှစ်တာကာလအတွင်း ငွေကျပ်လေးသောင်းနီးပါး ဈေးတက်ခဲ့သည်။ ဒေါ်လာဈေးတက်ခြင်းနှင့်အတူ မြန်မာနိုင်ငံအနှံ့ ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်းသည်လည်း အရောင်းအဝယ်နည်းပါးသော အချက်တစ်ချက်ဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်တို့က ဆိုသည်။

ရွှေဆိုင်ကြီးများ အရောင်းအဝယ်ကောင်းမှသာ အခေါက်ရွှေများ ရောင်းရမည်ဖြစ်ပြီး ပန်းထိမ်သမားများလည်း အလုပ်အကိုင် ကောင်းမည်ဖြစ်သည်။ ရွှေဝယ်ယူစုဆောင်း သူများအနေဖြင့် ဈေးနှုန်းအတက်တွင် အမြတ်အစွန်းအထိုက်အလျောက်ရပါက ပြန်လည်ရောင်းချကြလေ့ရှိကြောင်း သိရသည်။ ဈေးနှုန်းအမြင့်သို့ရောက်လျှင် ပြန်ရောင်းချလေ့ရှိပြီး ဈေးနှုန်းကျဆင်းသည့်အခါတွင် ပြန်လည်ဝယ်ယူစုဆောင်းတတ်လေ့ရှိသည်ဟု သိရသည်။



"ဈေးမြင့်ရင် အရောင်းအဝယ်မကောင်းဘူး။ ဈေးနိမ့်ရင် အရောင်းအဝယ်ကောင်းတယ်။ ဘာလို့လဲဆိုရင် ဈေးမြင့်ရင်လူတွေက လိုက်မဝယ်ချင်ဘူး။ ကျသွားရင် လိုက်ဝယ်တယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ဦးအေးချိုက ဆက်လက်ပြောကြားသည်။

ယခုနှစ် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင် ရွှေဈေးနှုန်းများ သိသာစွာကျဆင်းခြင်းမျိုး ရှိနိုင်မည်မဟုတ်ကြောင်း ရွှေလုပ်ငန်းရှင်တို့က သုံးသပ်ကြသည်။ ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်မူ မြန်မာနိုင်ငံအတွင်း ရွှေများပြန်ထွက်လာခြင်း၊ နိုင်ငံခြားတိုင်းပြည်များတွင် ဘတ်ဂျက်ပိတ်ချိန်၊ စာရင်းပိတ်ချိန်များတွင်မူ ကမ္ဘာ့ရွှေဈေးနှုန်း တည်ငြိမ်ပြီး ဈေးနှုန်းကျဆင်းမှု ဖြစ်လေ့ဖြစ်ထရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ညောင်တုန်းမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ကွင်းရေ မြင့်တက်လာမှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထား

**ညောင်တုန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ကွင်းရေမြင့်တက်လာမှုကြောင့် ဩဂုတ် ၁၅ ရက်တွင် ညောင်တုန်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ ယာယီပိတ်ထားရကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ကွင်းရေမြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့နယ်အတွင်း ဩဂုတ် ၇ ရက်မှ ၁၅ ရက်အထိ စာသင်ကျောင်းပေါင်း ၁၂ ကျောင်းကို ယာယီပိတ်ထားရသော်လည်း ကွင်းရေပြန်လည်ကျဆင်းမှုကြောင့် ဩဂုတ် ၁၃ ရက်တွင် အမက(ပေါက်တော)နှင့် ဩဂုတ် ၁၅ ရက်တွင် အမက(ပနော်ခနာ) ကျောင်းတို့ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကွင်းရေမြင့်တက်မှုကြောင့် ဆက်လက်ပိတ်ထားသည့် စာသင်ကျောင်းများမှာ အမက (ကညင်ကောက်)၊ အမက(ဂုံမင်းဆိပ်)၊ အလက(ခွဲ) (တပေ ကုလား)၊ မူလွန် (အလယ်ဆယ်)၊ အမက(ထရုံကြီး)၊ အလက(ခွဲ) (ကုက္ကိုဝ)၊ အလက (ခွဲ) (ဖိုးခုံစု)၊ အမက(ရွာဟောင်း)၊ အမက (အောင် ဘောဂ) နှင့် အမက(ရွှေဟသာ ကျွန်းအောက်စု) စာသင်ကျောင်း စုစုပေါင်း ၁၀ ကျောင်းကို ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝဠာနိုင်(ညောင်တုန်း)**

# တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းမှုများပြား

**တနင်္သာရီ ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း မြစ်ရေကြီးမှု ဖြစ်စဉ်အရ ရေဘေးသင့်ပြည်သူများအတွက် နယ်ပယ်အသီးသီးမှ ရဟန်းရှင်လူ စေတနာရှင်များ နေ့စဉ်လာရောက်လှူဒါန်းမှု များပြားလျက်ရှိရာ ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က မြန်မာလူမှုဘဝတိုးတက်မြင့်မားရေးအသင်းဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဦးဗေလုဝနှင့် ဦးမေတ္တာ(ပါ) အဖွဲ့ဝင်များသည် တနင်္သာရီမြို့နယ် ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ငါးပြည်ဝင်ဆန်အိတ် ၂၀၀၀၊ ငါးသေတ္တာဘူး ပါကင် ၁၅၀ တို့ကို တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအလှူခံဌာနနှင့် ယာယီကွပ်ကဲရေးရုံးသို့ ကိုယ်တိုင်လာရောက်လှူဒါန်းပြီးနောက် ၎င်းတို့အဖွဲ့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီးအမတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေနှင့် အမှုဆောင်များလိုက်ပါ၍ ပဝကျေးရွာအုပ်စုအတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့်သွားရောက်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ အိမ်ထောင်စုအလိုက် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တိုးတက်ရေးအသင်းမှ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် တနင်္သာရီမြို့နယ် သံဃနာယကဥက္ကဋ္ဌ မြို့ဦးပရိယတ္တိစာသင်တိုက်ဆရာတော် အရှင်ဇောတိကထံမှတစ်ဆင့် ပေးပို့လှူဒါန်းသည့် ထောက်ပံ့ငွေကျပ် ၂၂ သိန်းနှင့် ကာလတန်ဖိုး ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာပစ္စည်းများကို လှူဒါန်းကြောင်း သိရှိရသဖြင့် ဆရာတော်ထံသို့ သွားရောက်၍ မွန်းတည့် ၁၂ နာရီက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီမှစ၍ ဇဝဲကျေးရွာအုပ်စု-မူလယဉ်ငေးတောရဘုန်းတော်ကြီး ပညာသင်ကျောင်းဆရာတော် အရှင်ပညာဒီပ ဦးဆောင်မှုဖြင့် ထိုင်းနိုင်ငံမှဆရာတော် Phra chirawat (ပါ) ထိုင်းသံဃာတော်ကိုးပါး၊ ထိုင်းနိုင်ငံသား Mr. Somchat(ပါ) အမျိုးသားလေးဦး၊ အမျိုးသမီး ၁၀ ဦးနှင့် မြန်မာနိုင်ငံသား ဦးမျိုးသိန်းပါလေးဦးနှင့် မင်္ဂလာပါ လူငယ်ပရဟိတအသင်းဝင်များ စုစုပေါင်း ၂၇ ဦးတို့သည် တန်ဖိုးငွေကျပ် ၃၈၇ သိန်းနှင့်ညီမျှသော ဆန်၊ ငါးသေတ္တာဘူး၊ မာမားခေါက်ဆွဲ၊ ကိတ်မုန့်နှင့် ရေသန့်ဘူးများကို တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများ အလှူခံဌာနနှင့်ယာယီကွပ်ကဲရေးရုံးသို့ ကိုယ်တိုင်ကြွရောက်တော်မူ၍ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ထို့နောက် ၎င်းဆရာတော်နှင့်အဖွဲ့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ကျောက်တလုံးကျေးရွာအုပ်စု မြေမအုံကျေးရွာမှ အိမ်ထောင်စု ၁၁၃ စု၊ ဆင်ခြေဖုန်းကျေးရွာအုပ်စု၊ ဘန်းသဲကျေးရွာမှ အိမ်ထောင်စု ၁၈ စု၊



တမုတ်ချုန်းကျေးရွာအုပ်စု ကျောက်မီးကျောင်းကျေးရွာမှ အိမ်ထောင်စု ၄၉ စု၊မြန်မာအင်းတော်ရွာမှ အိမ်ထောင်စု ၉၂ စု စုစုပေါင်းအိမ်ထောင်စု ၂၇၂ စု တို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ အိမ်ထောင်စု တစ်စုလျှင်(တစ်ယူနစ်စီ)ကို ကိုယ်တိုင်ကြွရောက်ကာ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါနယ်ပယ်အသီးသီးမှ လှူဒါန်းကြသည့် ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား တနင်္သာရီမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီးအမတ်(၂) ကိုယ်စားလှယ် ဦးရဲမြင့်ဆွေနှင့် အလှူငွေလက်ခံရေး၊ ခွဲဝေသုံးစွဲရေးနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းရီနှင့် ကော်မတီဝင်များက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**သတင်းနှင့်ဓာတ်ပုံ-**
**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာအထောက်အပံ့တွေ ပိုမိုရရှိရင် နိုင်ငံရဲ့စီးပွားရေးဟာ မျှော်မှန်းထားတဲ့အခြေအနေထက် ပိုလာနိုင်ပါတယ်

## စီးပွားရေးစကားဝိုင်းဆွေးနွေး

**ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

*ယမန်နေ့မှ အဆက်*

**ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာပြီး နိုင်ငံတော်၏ စီးပွားရေးမြင့်မားတိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကဘက်ပေါင်းစုံမှ ကြိုးစားဖော်ဆောင်လျက်ရှိရာ စီးပွားရေးအသိအမြင်များ ပိုမိုမြင့်မားလာစေရန်နှင့် ပူးပေါင်းအဖြေရှာခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပသည့် စီးပွားရေးစကားဝိုင်းတစ်ခုကို ဩဂုတ်လ ၉ ရက်နေ့က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြုလုပ်ခဲ့သည်။**

**"ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး" ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးနေလင်းဇင်၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘုရင့်နောင်ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးခင်ဟန်တို့က စကားဝိုင်းအတွင်း ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြခြင်းဖြစ်ရာ စာဖတ်ပရိသတ်များ သိရှိနိုင်စေရန် ပြန်လည်ဖော်ပြအပ်ပါသည်။**



**အစီအစဉ်မှူး ။** ။ ဟုတ်ကဲ့ပါခင်ဗျာ။ ဆက်လက်ပြီးတော့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ကနေပြီး အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးကို မကြာခင်ကကျင်းပခဲ့တဲ့အကြောင်းနဲ့ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီးတော့ရော ဘယ်လိုထူးခြားချက်တွေရှိသလဲဆိုတာနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

**ဦးအောင်စိုး ။** ။ ကျွန်တော်တို့ဆီမှာ အထူးစီးပွားရေးဇုန်ဥပဒေရှိပြီး ၂၀၁၄ ခုနှစ်မှာ ပြန်လည် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်တွေကို အကောင်အထည်ဖော်ဖို့ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ကို ဒုတိယသမ္မတ(၂)က ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ ကျွန်တော်တို့ဆီမှာ အထူးစီးပွားရေးဇုန် သုံးခုရှိပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွေ ဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ကတော့ လည်ပတ်တဲ့အဆင့်ဖြစ်ပြီး ထားဝယ်နဲ့ ကျောက်ဖြူဇုန်တွေကတော့ ဖော်ဆောင်ဆဲအဆင့်ဖြစ်ပါတယ်။ ထားဝယ်ဇုန်ဆိုရင် အချို့စာချုပ်တွေ ချုပ်ဆိုထားတာ ရှိပါတယ်။ ထားဝယ်က ထိုင်းနိုင်ငံနဲ့ နီးစပ်တော့ ဇုန်ကနေ ထိုင်းနိုင်ငံနယ်စပ် ထီးခီးအထိ လမ်းဖောက်လုပ်မယ့်လုပ်ငန်းတွေ စလုပ်သွားဖို့ရှိပါတယ်။ ထိုင်းနိုင်ငံကနေ လမ်းတည်ဆောက်ဖို့၊ ချေးငွေရယူဖို့အစီအစဉ်တွေလည်း ရှိပါတယ်။ လမ်းပြီးသွားရင် ဇုန်ရော၊ တနင်္သာရီဒေသပါ ဖွံ့ဖြိုးလာမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။

### ရေရှည်စီမံကိန်း

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကတော့ တရုတ်နိုင်ငံနဲ့ လမ်းကြောင်းသင့်တယ်လို့ ပြောနိုင်ပါတယ်။ အိန္ဒိယနဲ့လည်း နီးစပ်ပါတယ်။ အာဆီယံနဲ့လည်း ဆက်သွယ်လို့ရတဲ့ စကြံဖြစ်တာကြောင့် အလားအလာကောင်းတဲ့ ဇုန်တစ်ခုလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံက ပို့ကုန်မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေတဲ့အခါမှာ ဒေသအစဉ်အလာအရ ပို့ကုန်တွေတင်ပို့တာအပြင် စက်မှုထုတ်ကုန်တွေ တိုးတက်ထုတ်လုပ်နိုင်အောင် အထူးစီးပွားရေးဇုန်တွေကို တည်ဆောက်ပေးရတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ အခြေခံအဆောက်အအုံတွေကို မတည်ဆောက်ပေးနိုင်သေးတဲ့အတွက် အခုလိုတစ်နေရာတည်းမှာလိုအပ်တဲ့ အခြေခံအဆောက်အအုံ၊ ရေ၊ မီး စတာတွေ ဖြည့်ဆည်းပေးထားတဲ့ သဘောလည်း ဖြစ်ပါတယ်။ ဒါကလည်း Export-led Growth ဖြစ်ပြီး ရေရှည်စီမံကိန်းတစ်ခုဖြစ်ပါတယ်။

အခုအချိန်မှာ ကျောက်ဖြူဇုန်ရဲ့အဆင့်က နိုင်ငံတကာအဆင့်မီ တင်ဒါခေါ်ယူထားခဲ့ပြီး အောင်မြင်တဲ့ ကုမ္ပဏီနဲ့ ကျွန်တော်တို့ဘက်က ဖွဲ့စည်းထားတဲ့ စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှာပါ။ စီမံခန့်ခွဲမှုကော်မတီမှာတော့ ဒုတိယဝန်ကြီး ဦးဆက်အောင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဒေါက်တာစိုးဝင်းကလည်း ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ ကျောက်ဖြူဇုန်မှာ လုပ်ငန်းတွေဆက်လက်လုပ်ကိုင်ဖို့ မူဘောင်သဘောတူညီချက်တွေကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာ နှစ်ပိုင်းပါဝင်ပြီး တစ်ခုကတော့ Deep Sea Port ရေနက်ဆိပ်ကမ်းဖြစ်ပြီး နောက်တစ်ခုကတော့ စက်မှုဇုန်အပိုင်းဖြစ်ပါတယ်။ ရေနက်ဆိပ်ကမ်းအတွက် မူဘောင်သဘောတူညီမှု Framework Agreement ကို ဆွေးနွေးခဲ့ကြတာ ပြီးစီးသလောက် ဖြစ်နေပါပြီ။ ကျောက်ဖြူဒေသဟာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်မတန် အရေးကြီးပါတယ်။ ဒါ့အပြင် ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမယ့်အပြင် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အကျိုးကျေးဇူးများစေမှာပါ။ မူဘောင်သဘောတူညီချက်တွေ ရလာမယ်ဆိုရင်တော့ လုပ်ငန်းအပ်နှံတဲ့ သဘောတူစာချုပ်တွေ ချုပ်သွားမှာပါ။ ကျောက်ဖြူဇုန်ဟာ တရုတ်နိုင်ငံရဲ့ OBOR နဲ့လည်း ချိတ်ဆက်ထားတဲ့အတွက် ဆိပ်ကမ်းပြီးသွားရင် များစွာအကျိုးရှိမယ်လို့ ယူဆရပါတယ်။

### အဆင့်လိုက်တည်ဆောက်

အချို့က စိုးရိမ်ပူပန်ကြပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဟာ တန်ဖိုးကြီးတယ်။ အကြွေးများတယ် ဆိုတာလည်း မဟုတ်ပါဘူး။ အဆင့်လိုက် အဆင့်လိုက် တည်ဆောက်သွားမှာဖြစ်ပြီး လိုသလောက်ပဲ ရင်းနှီးမြှုပ်နှံမှာဖြစ်ပါတယ်။ အဆင့်တစ်ခု အောင်မြင်မှသာ နောက်တစ်ဆင့်ကို တက်လှမ်းသွားမှာဖြစ်ပြီး မလိုအပ်ဘဲနဲ့ နိုင်ငံကို ဝန်ထုပ်ဝန်ပိုးကြီးပိအောင် မဖြစ်ဖို့အတွက် သေသေချာချာ စိစစ်ညှိနှိုင်းဆောင်ရွက်နေသလို စီမံခန့်ခွဲမှု ကော်မတီ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပညာရှင်တွေ၊ ဥပဒေပညာရှင်တွေအားလုံးနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းထားပြီး ရခိုင်တိုင်းရင်းသားအများစုပါဝင်တဲ့ ကုမ္ပဏီတစ်ခုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်လို့ အားလုံးဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့် အများစိုးရိမ်သလို အကြွေးဝန်ထုပ်ပိမယ့် လုပ်ငန်းကြီး မဟုတ်ပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်တဲ့အတိုင်း စီးပွားရေးမှာ ကိုယ်လည်းအကျိုးရှိ၊ စီးပွားရေးလည်း လုပ်ကိုင်နိုင်အောင် ပြင်ဆင်နေပါတယ်။ ပြီးရင်တော့ EIA တို့၊ SIA တို့ စတဲ့ ဆန်းစစ်မှုတွေ လုပ်ဆောင်ပြီး လုပ်ငန်းအကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။** ။ ဟုတ်ကဲ့ပါခင်ဗျာ။ အခုဆိုရင် ပရိသတ်အတွက် စီးပွားရေးဆိုင်ရာ အသိပညာတွေ၊ ဗဟုသုတတွေနဲ့ မရှင်းလင်းတဲ့အချက်အလက်တွေအတွက်လည်း အများကြီး သိရှိသွားရပြီလို့လည်းထင်ပါတယ်။ နောက်ဆုံးအနေနဲ့ အရေးကြီးတဲ့အကြောင်းအရာတစ်ခုကို ဒုတိယဝန်ကြီးက ပြောကြားစေလိုပါတယ်။ အဲဒါကတော့ မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ တက်သလား၊ ကျသလားဆိုတာနဲ့ မြန်မာ့စီးပွားရေး ယခုထက်ပိုမိုမြင့်မားအောင် ဘာတွေလုပ်သင့်သလဲဆိုတာကို ပြောပြပေးပါခင်ဗျာ။

### ဒုတိယဝန်ကြီး ဦးအောင်ထူး

**ဒုတိယဝန်ကြီး။** ။ ဒီမေးခွန်းက Social Media တွေ၊ စာစောင်တွေနဲ့ အသိုင်းအဝိုင်းအတော်များများမှာတွေ့ရတဲ့ ဝိဝါဒကွဲပြားတဲ့ မေးခွန်းဖြစ်ပါတယ်။ အစိုးရကတော့ စီးပွားရေး တက်နေတယ်၊ အောက်ခြေမှာတော့ စီးပွားရေးကျဆင်းနေတယ်ဆိုပြီး ပြောကြပါတယ်။ တကယ်တမ်းပြန်ကြည့်တဲ့အခါ မကျပါဘူး၊ တိုးတက်နေပါတယ်။

### တိုးလာမယ်လို့ ခန့်မှန်း

အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ခန့်မှန်းချက်အရ မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ၂၀၁၈ ခုနှစ် မှာ ၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မယ်၊ ၂၀၁၉ ခုနှစ်မှာ ၇ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးလာမယ်လို့ခန့်မှန်းထားပါတယ်။ စီးပွားရေးသဘောတရားအရကတော့ Capital Output Ratio လို့ခေါ်တဲ့ မတည်အရင်းအနှီးထည့်ဝင်ငွေကနေ ကုန်ဘယ်လောက် ထွက်လာသလဲဆိုတာ အရင်တွက်ရတယ်။ အဲဒီအပေါ် မြန်မာနိုင်ငံမှာ တစ်နှစ်အတွင်း စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ဘယ်လောက်ရှိသလဲ။ အဲဒီနှစ်ခုကို အခြေခံပြီး တွက်ကြတာဖြစ်ပါတယ်။ ဒါကြောင့် ADB ဘဏ်၊ ကမ္ဘာ့ဘဏ်နဲ့ IMF တို့ရဲ့ခန့်မှန်းချက်တွေဟာ တစ်ခုနဲ့တစ်ခု အများကြီး မကွာခြားပါဘူး။

စိတ်ဝင်စားစရာကောင်းတဲ့အချက်က အဖွဲ့အစည်းတွေ တွက်ချက်ပေးကြတဲ့အခါ မြန်မာနိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁၄၀၀ ဝန်းကျင်လို့ တွက်ချက် အဖြေထုတ်ပါတယ်။ ဒါကတော့ စုစုပေါင်းဂျီဒီပီကို လူဦးရေနဲ့ စားလိုက်တာပါ။ တစ်ဦးချင်းဝင်ငွေကို တွက်တဲ့ နောက်ထပ်တွက်နည်းတစ်ခုလည်းရှိပါတယ်။ အဲဒါကတော့ phurchasing power parity ဆိုတဲ့ တွက်နည်းပါပဲ။ အဲဒါက ဝယ်နိုင်စွမ်းအားညီမျှတဲ့ တွက်နည်း ဖြစ်ပါတယ်။

အဲဒီနည်းနဲ့တွက်တဲ့အခါ ADB ဘဏ်အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းတွေ တွက်တဲ့အခါ မြန်မာနိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေဟာ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၆၀၀၀ ဖြစ်နေပါတယ်။ တရားဝင်နှုန်းနဲ့ PPP နဲ့တွက်တဲ့နှုန်းဟာ လေးဆလောက်ကွာနေပါတယ်။ ဒါကို စီးပွားရေးပညာ ရှုထောင့်က ကြည့်မယ်ဆိုရင် အမှန်ဖြစ်နေတာနဲ့ စာရင်းကွာဟမှု ရှိတယ်ဆိုတာကို ပြသနေပါတယ်။ ကျွန်တော်တို့ဆီမှာ Informal Sector လို့ခေါ်တဲ့ စာရင်းမဝင်တဲ့ ကဏ္ဍဟာ အလွန်ကို ကြီးမားနေပါတယ်။ အချို့စီးပွားရေးလုပ်ငန်းတွေဟာ စာရင်းထဲမှာမပါဘူး။ အချို့လုပ်ငန်းတွေဟာ တရားမဝင်လုပ်ကိုင်ရာကနေရတဲ့ ငွေတွေ ဖြစ်ပါတယ်။ ဂျီဒီပီစာရင်းတွေထဲမှာမပါတဲ့ ထင်ရှားတဲ့အချက်က မြန်မာနိုင်ငံက အလုပ်သမားတွေ သုံးသန်းကနေ လေးသန်းကြားက ပြည်ပမှာသွားရောက် အလုပ်လုပ်ကိုင်နေကြပါတယ်။ ဒါပေမယ့် GDP ထဲမှာ သူတို့ကနေ ပြန်လည်ပေးပို့တဲ့စာရင်းတွေ အပြည့်အဝမပါဘူးလို့ ကျွန်တော်ထင်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ GDP တွက်ချက်ပုံ၊ တိုင်းပြည်ဝင်ငွေတွက်ချက်ပုံဟာ စာရင်းတွေ ကွာဟမှုရှိနေပါတယ်။ စာရင်းမဝင်တဲ့ ဝင်ငွေတွေ အများကြီးရှိတယ်လို့ ကျွန်တော်ကတော့ သုံးသပ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁၄၀၀ လောက်လို့ပြောပေမယ့် ဒီထက်ပိုမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လိုအပ်

တိုးတက်မှုနှုန်းနဲ့ပတ်သက်လို့က စီးပွားရေးက တိုးတက်နေတယ်။ ဒါပေမယ့် တိုးတက်မှုဟာ အခြားနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေကို လိုက်မီအောင် တိုးတက်မှုနှုန်းက မြင့်မားရမှာဖြစ်ပါတယ်။ ဒါမှ လိုက်မီမှာဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေး တိုးတက်မှုနှုန်းကိုတော့ မြန်အောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံမှုတွေလိုပါတယ်။ ပြည်ပကရရှိတဲ့ ODA ချေးငွေတွေ၊ အထောက်အပံ့တွေ၊ FDI လို့ ခေါ်တဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံတာတွေ လိုအပ်ပါတယ်။ အခုဆိုရင် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတွေက မြန်မာနိုင်ငံအပေါ်မှာ ဝင်ရောက်ကူညီမယ်ဆိုတာ ကြားသိရပါတယ်။

ဥပမာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က မြန်မာနိုင်ငံမှာ Country Program လို့ခေါ်တဲ့ နိုင်ငံအလိုက်အစီအစဉ်ကို လွန်ခဲ့တဲ့ နှစ် ၂၀ ကတည်းက ရပ်ဆိုင်းခဲ့တယ်။

*စာမျက်နှာ ၇ သို့*

**"ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာ နှစ်ပိုင်းပါဝင်ပြီး တစ်ခုကတော့ Deep Sea Port ရေနက်ဆိပ်ကမ်းဖြစ်ပြီး နောက်တစ်ခုကတော့ စက်မှုဇုန်အပိုင်းဖြစ်ပါတယ်။ ရေနက်ဆိပ်ကမ်း အတွက် မူဘောင်သဘောတူညီမှု Framework Agreement ကို ဆွေးနွေးခဲ့ကြတာ ပြီးစီးသလောက် ဖြစ်နေပါပြီ။ ကျောက်ဖြူဒေသဟာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်မတန်အရေးကြီးပါတယ်။ ဒါ့အပြင် ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမယ့်အပြင် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အကျိုးကျေးဇူးများစေမှာပါ"**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**နေပြည်တော်  ဩဂုတ်  ၁၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ယနေ့ အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခု ဆွေးနွေးအတည်ပြုခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးယူရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အစီရင်ခံစာတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက ပုဒ်မ ၃ အပိုဒ်ခွဲ က နှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်၏အဆိုပြုချက်သည် ကျယ်ပြန့်သည့်အတွက် နိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်များကို ရွေးချယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် နောက်ပိုင်းတွင် အခက်အခဲများ ကြုံတွေ့လာနိုင်ပါကြောင်း၊ သို့ဖြစ်၍ ပုဒ်မ ၃ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာ အားကာမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးကြည်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခေါ်) ဦးမောင်စိုး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစိုင်းလုံစံခတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုးနှင့် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က ဥပဒေနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ အတည်ပြုချက်များအပေါ် စကားရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

## အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ၄၀ ဒသမ ၅ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်း

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ယခုချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများကို မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းရှိ မြို့နယ် ငါးမြို့နယ် စုစုပေါင်း ၁၄ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရန် မြို့နယ်များ ရွေးချယ်ရာတွင်လည်း လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုအနေဖြင့် လျော်ကြေးငွေပေးရန်မလိုခြင်းနှင့် မြေသိမ်းမှုမရှိခြင်း၊ ရပ်ရွာဦးဆောင်သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေခြင်းနှင့် လုပ်ကွက်ငယ်တောင်သူများ ပါဝင်လာစေခြင်း၊ ကျား၊ မဆိုင်ရာ ထိရောက်သော လုပ်ငန်းဖြစ်စေခြင်း၊ အခြားသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်များမှ ဆောင်ရွက်လျက်ရှိသော ထောက်ပံ့ငွေ၊ ချေးငွေစီမံကိန်းများနှင့် မထပ်စေခြင်း စသည့်အချက်များအပြင် စီးပွားရေး၊ နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်များအပေါ် အခြေခံပြီး Feasibility Study လုပ်ငန်းအတွက် ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့ပါကြောင်း။

ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်ချေးငွေစီမံကိန်းကို ADB ၏ ချေးငွေနှင့်ဆက်စပ်၍ ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအစီအစဉ် (Global Agriculture and Food Security Program – GAFSP) မှ အမေရိကန်ဒေါ်လာ ၂၇ သန်း ထောက်ပံ့ကူညီပေးသွားမည် ဖြစ်ပါကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် မပါဝင်သော ဖြည့်စွက်ရေရရှိရေး၊ စက်ရေတွင်းများတူးဖော်ခြင်း၊ အာဟာရပြည့်ဝစေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများကို GAFSP ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။



## စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာချက်ကုန်ကျစရိတ်မှာ ယခုချေးငွေ ၄၀ ဒသမ ၅ သန်းမှ ကျခံသုံးစွဲခြင်းမပြုဘဲ အာရှဖွံ့ဖြိုးရေးဘဏ်၏ သီးခြားအထောက်အပံ့ အစီအစဉ်ဖြင့် ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်

စီမံကိန်းဧရိယာအတွင်း ပါဝင်သောမြို့နယ်များ၊ မျိုးစေ့ထုတ်ခြံများအတွင်းရှိ ကုန်ထုတ်လမ်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ စက်ရေတွင်းများအပါအဝင် ရေတွင်း ရေကန်များ၊ ကျေးရွာရေလှောင်တမံများ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာချက်ကုန်ကျစရိတ်မှာ ယခုချေးငွေ ၄၀ ဒသမ ၅ သန်းမှ ကျခံသုံးစွဲခြင်းမပြုဘဲ အာရှဖွံ့ဖြိုးရေးဘဏ်၏ သီးခြားအထောက်အပံ့အစီအစဉ်ဖြင့် ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်ပချေးငွေအထောက်အပံ့များဖြင့် ဆောင်ရွက်ဆဲစီမံကိန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် အမျိုးသားစီမံကိန်းဦးဆောင်ကော်မတီ၊ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီများကို ဖွဲ့စည်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်း ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါချေးငွေချေးယူရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ်(၆/၂၀၁၈) အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာတွင် ပါရှိသည့် နှောင့်နှေးဒဏ်ကြေးပေးဆောင်သည့်အပိုင်းနှင့်ပတ်သက်ပြီး ဆွေးနွေးလိုပါကြောင်း၊ ဥပဒေတစ်ခုထွက်ပေါ်လာပါက လိုက်နာမှသာ ဥပဒေ၏ စည်းနှောင်အားကောင်းမည်ဖြစ်ပါကြောင်း၊ တင်ဒါစာချုပ် ချုပ်ဆိုသည့်အခါ ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်ကြောင့် နောက်ကျခဲ့ပါက နောက်ကျဒဏ်ကြေးကို လျှော့ပေါ့စဉ်းစားပေးမည်ဟု ချုပ်ဆိုခဲ့ခြင်း ရှိ၊ မရှိကို သိရှိလိုပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ တင်ဒါလမ်းညွှန်ချက်(၁/၂၀၁၇) ကို ထုတ်ပြန်ထားသည်ကို မလိုက်နာဘဲ ပယ်ဖျက်ခွင့် ရှိ၊ မရှိနှင့် ပတ်သက်၍လည်း သိရှိလိုပါကြောင်း ဆွေးနွေးသည်။

ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က တင်ဒါလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် အတွက် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားထားပါကြောင်း၊ ယင်းလမ်းညွှန်ချက်များကို အပြည့်အဝလိုက်နာရမည်ဖြစ်ပြီး ယခုအစီရင်ခံစာတွင်ပါရှိသည့် ပညာရေးဝန်ကြီးဌာနကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများသည် ညွှန်ကြားချက်နှင့် ညီညွတ်ပြည့်စုံရမည် ဖြစ်ပါကြောင်း။

## စီမံကိန်းတန်ဖိုးကြီးမားသည့် တက္ကသိုလ်၊ ကောလိပ် အဆောက်အအုံများ၊ သင်တန်းကျောင်းများ၊ သက်မွေးပညာကျောင်းများ အားလုံးနီးပါးကို တင်ဒါအစီအစဉ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကသာ တိုက်ရိုက်တာဝန်ယူ တည်ဆောက်ခဲ့

ပညာရေးဝန်ကြီးဌာနက တည်ဆောက်ရေးလုပ်ငန်းပေါင်း ၂၆၃၃ ခုကို ဆောက်လုပ်ရေးဝန်ကြီးဌာနထံ လုပ်ငန်းအပ်နှံခဲ့ရာတွင် လုပ်ငန်း ၂၅၂၇ ခုကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက လုပ်ငန်း ၁၆၃ ခုကို ကိုယ်တိုင်တာဝန်ယူတည်ဆောက်ခဲ့သည်ဟု သိရှိရပါကြောင်း၊ တင်ဒါခေါ်ယူဆောင်ရွက်သည့် အရေအတွက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကိုယ်တိုင်ဆောင်ရွက်သည့် အရေအတွက်ကို နှိုင်းယှဉ်ကြည့်ပါက ရာခိုင်နှုန်းအားဖြင့် ၅ ရာခိုင်နှုန်းသာ ရှိသော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ကိုယ်တိုင်တာဝန်ယူ တည်ဆောက်သည့် လုပ်ငန်း ၁၆၃ ခု၏ လုပ်ငန်းစီမံကိန်းတန်ဖိုးသည် ငွေကျပ် ၉၅ ဘီလီယံခန့်ရှိသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ စီမံကိန်းတန်ဖိုးကြီးမားသည့် တက္ကသိုလ်၊ ကောလိပ် အဆောက်အအုံများ၊ သင်တန်းကျောင်းများ၊ သက်မွေးပညာကျောင်းများ အားလုံးနီးပါးကို တင်ဒါအစီအစဉ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကသာ တိုက်ရိုက်တာဝန်ယူ တည်ဆောက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ နယ်မြေအေးချမ်းမှုရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ခွင့်ပြုလျာထားရန်ပုံငွေပမာဏလည်း များပြားသည့် တက္ကသိုလ်၊ ကောလိပ်အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းကြီးများကို တင်ဒါအစီအစဉ်ဖြင့် မဆောင်ရွက်ဘဲ ဌာနက မည်သည့်အတွက် ကိုယ်တိုင်ဆောင်ရွက်ခဲ့သည်ဆိုသည်ကို ပွင့်လင်းမြင်သာရှိစွာ ရှင်းလင်းပြောကြား ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

အလားတူ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခေါ်)ဦးနေမျိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)အတွတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆွေးနွေးကြသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်(သတင်းစဉ်)**

---

*စာမျက်နှာ ၆ မှ*

ဒါပေမယ့် ဒီနှစ်ကစပြီး ဆွီဒင်နိုင်ငံရဲ့ ထောက်ပံ့မှု ဒေါ်လာ ၆ ဒသမ ၈ သန်းနဲ့ ပြန်စပါမယ်လို့ သိရပါတယ်။ ၂၀၁၈ ကနေ ၂၀၂၂အထိ ကြာရှည်ပါမယ်။ အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း နိုင်ငံအလိုက် အစီအစဉ်က ၂၀၁၇ ခုနှစ်မှ စတာပါ။ ၂၀၂၁ ခုနှစ်အထိဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂ ဘီလီယံလောက် ဖြစ်ပါတယ်။

နောက်တစ်ခုက ကမ္ဘာ့ဘဏ်ကလည်း ငြိမ်းချမ်း၍ သာယာဝပြောသော အသိုက်အဝန်းများ အစီအစဉ်ဆိုပြီး အမေရိကန်ဒေါ်လာ သန်း ၂၀ ကနေ သန်း ၂၅၀ အထိ ထောက်ပံ့မှာဖြစ်ပြီး စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင်၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လူမှုဝန်ဆောင်မှုတွေ တိုးတက်မှုအတွက် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒီလိုနိုင်ငံတကာအဖွဲ့အစည်းတွေက မြန်မာနိုင်ငံကို ပြန်လည်ဂရုစိုက်လာခြင်းက မြန်မာ့စီးပွားရေးကို များစွာအလားအလာကောင်းစေပါတယ်။

လက်ရှိ မြန်မာ့စီးပွားရေးကို ပြန်ကြည့်မယ်ဆိုရင် အစိုးရသစ်လက်ထက်မှာ စီးပွားရေးတည်ငြိမ်မှု Stabilization ကို အရင်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းမှာ ကုန်ဈေးနှုန်းတွေ အလွန်မတက်အောင်၊ ပြည်ပငွေပေးငွေယူရှင်းတမ်းမှာ လိုငွေပြတာကို အလွန်မဖြစ်အောင်နဲ့ ဘတ်ဂျက်လိုငွေကိုလည်း သတ်မှတ်ထားတဲ့ GDP ရဲ့အချိုးအစားတစ်ခုကိုပဲ လိုငွေကို လက်ခံတဲ့ အခြေအနေမျိုးမှာ လုပ်ခဲ့တာကြောင့် စီးပွားရေးကို တည်ငြိမ်စေခဲ့ပါတယ်။ ဒါကို Macroeconomic Stability လို့ခေါ်ပါတယ်။

အခုအချိန်ကတော့ တည်ငြိမ်မှုရသွားတဲ့အတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံတွေ လုပ်ဆောင်ဖို့ ရှိသလို ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံရမှာဖြစ်ပါတယ်။ လာမယ့် ဘတ်ဂျက်ကစပြီး အစိုးရက ပညာရေး၊ ကျန်းမာရေးနဲ့ အခြေခံအဆောက်အအုံ ထူထောင်ဖို့ကိစ္စတွေမှာ လိုငွေပိုများမှာ ဖြစ်ပေမယ့် ဒီလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ဖို့ ခွင့်ပြုဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ပြောချင်တာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေတက်လာမယ်၊ နိုင်ငံတကာအထောက်အပံ့တွေ ပိုမိုတိုးတက်ရရှိလာမယ်ဆိုရင် အလားအလာကောင်းတွေဖြစ်လာပြီး မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ နိုင်ငံတကာအဖွဲ့အစည်းတွေ မျှော်မှန်းထားတဲ့ အခြေအနေထက်တောင် ပိုလာနိုင်ပါတယ်။

အဓိကပြောကြားချင်တာက ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးကို ယုံကြည်ပေးပါ။ စီးပွားရေးမှာ ယုံကြည်မှုက များလာတာနဲ့အမျှ လက်ရှိလုပ်နေတဲ့အရှိန်အဟုန်ထက်ကို ပိုမိုပြီး မြင့်မားလာနိုင်ပါတယ်လို့ ပြောကြားချင်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။

# ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ကြီးအဆင့်ညှိနှိုင်းဆွေးနွေးရန် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး Pol. Gen Adul Sangsingkeo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ ယနေ့ညနေပိုင်းတွင် ရောက်ရှိခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ကြိုဆိုခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၆ ရက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ MoU စနစ်ဖြင့် သွားရောက်ခဲ့သည့်မြန်မာအလုပ်သမားများကို ဥပဒေနှင့်အညီ ခံစားခွင့်များရရှိရေးနှင့် MoU လုပ်ငန်းစဉ်အောင်မြင်မှုကို နှစ်နိုင်ငံဆက်လက်ထိန်းသိမ်းရေး၊ နှစ်နိုင်ငံဖွဲ့စည်းထားသည့် Joint Working Group အဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာရေလုပ်သားများကို ခေါ်ယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်း ရေဝတီမြစ်ရေကြီးမှု ဖြစ်ပေါ်လာပါက အရေးပေါ်ကယ်ဆယ်နိုင်ရန် စပီဘုတ် ၂၆ စင်း ရောက်ရှိမည်

**မကွေး ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီးအတွင်း ရေဝတီမြစ်ရေကြီးမှု ဖြစ်ပေါ်လာပါက အရေးပေါ် ကယ်ဆယ်နိုင်ရန် စပီဘုတ် ၂၆ စင်း ရောက်ရှိလာမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမြင့်စိုးထံမှ သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှစီစဉ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ခွဲဝေပေးခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွက် ၂၆ စင်း ရောက်ရှိမည်ဖြစ်ပြီး ယခု လက်ရှိ ၁၀ စင်း ရောက်ရှိသဖြင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် ယာယီနေရာချထားခြင်းဖြစ်သည်ဟု ဦးမြင့်စိုးက ပြောသည်။

"မကွေးတိုင်းဒေသကြီးအနေနဲ့ ရေကြီးမှုတွေ နှစ်စဉ်ကြုံတွေ့ခံစားရတယ်။ အဲဒီအတွက်ကြောင့် ရေကြီးတဲ့အချိန်ရှာဖွေကယ်ဆယ်ရေးတွေလုပ်တဲ့အခါမှာ ပိုမိုပြီး ထိထိရောက်ရောက်နဲ့ လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ဖို့ ခရိုင်အုပ်ချုပ်ရေးမှူးတွေက စီမံခန့်ခွဲပြီး မြို့နယ်တွေကိုပေးမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စပီဘုတ်တစ်စင်းလျှင် အလျား ၁၆ ပေ၊ အတွင်း ၁၂ ပေခွဲ၊ အမြင့်နှစ်ပေနှင့် အင်ဂျင်ပါဝါ မြင်းကောင်ရေ ၄၀ ရှိပြီး တစ်စင်းလျှင် တန်ဖိုးကျပ်သိန်း ၃၀ ဖြစ်သည်ဟု ဦးမြင့်စိုးထံမှ သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမြင့်စိုးက မကွေးတိုင်းဒေသကြီးတွင် စပီဘုတ် ၂၆ စင်းအပြင် စက်လှေအကြီးတစ်စင်းပါ ရောက်ရှိနေပြီဖြစ်၍ ယင်းစက်လှေအကြီးကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အစီအမံဖြင့် ရေဝတီမြစ်ဘေးရှိ သရက်၊ မင်းဘူး၊ မကွေး၊ ပခုက္ကူခရိုင်များသို့ အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု သိရသည်။

**ဇွဲထက်ရှင်**





# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှစ်ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုကို ခွင့်ပြုပေးနိုင်ခဲ့

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၈) တွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှစ်ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခုကို ခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်မှုများအရ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၈)အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းငါးခု၊ အတည်ပြုလုပ်ငန်းသုံးခု စုစုပေါင်း လုပ်ငန်းရှစ်ခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်းငါးခုနှင့် အတည်ပြုလုပ်ငန်းတစ်ခုတို့အား ခွင့်ပြုပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခု၊ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခုဖြစ်၍ အဆိုပါအစည်းအဝေး၌ စုစုပေါင်း လုပ်ငန်းရှစ်ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၈၁၆ သန်းကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းရှစ်ခုမှာ စက်မှုကဏ္ဍမှ ခြောက်ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းမှ တစ်ခုနှင့် ဟိုတယ်ကဏ္ဍမှ တစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာ ခြောက်လအတွင်း ဩဂုတ်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၁ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၃၅ ဒသမ ၅၂၅ သန်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉၆၆ ဒသမ ၅၇၅ သန်းဖြစ်ကြောင်း သိရသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာလ ခြောက်လအတွင်း ဩဂုတ်လအထိ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၁၀၀ သန်းဖြစ်သည်။ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၃၇ ဒသမ ၆၇၅ သန်းဖြစ်သည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွင် လုပ်ငန်းလေးခု ခွင့်ပြုပေးခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီမှ နှစ်ခုနှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တစ်ခု၊ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တစ်ခု အပါအဝင် အတည်ပြုလုပ်ငန်းလေးခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၈၀ သန်းအပါအဝင် ငွေကျပ် ၅၇၅၇၅ ဒသမ ၈၅၈ သန်း ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာ ခြောက်လအတွင်း ဩဂုတ်လအထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အတည်ပြုပေးခဲ့မှုမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၉ ခု၊ အမေရိကန်ဒေါ်လာ ၁၆၉ ဒသမ ၈၈၀ သန်း အပါအဝင် ငွေကျပ် ၈၄၀ ၇၁၈ ဒသမ ၆၇၇ သန်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၀၂၈ သန်း အပါအဝင် ငွေကျပ် ၈၇၀ ၇၅၉ ဒသမ ၆၇၇ သန်း ခွင့်ပြုပေးပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွင် စက်မှုကဏ္ဍတစ်ခုနှင့် ဟိုတယ်ကဏ္ဍသုံးခုဖြစ်ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၃၈၄ ခုကို ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-ထိန်လင်း**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှ ၁၅ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | သမီးများသို့ (ပေါင်းချုပ်) | ကောင်းသန့် | ၆၀၀၀ | ကောင်းသန့် |
| ၂။ | စစ်တုရင်နိုင်ကွက်များ | ထိုက်ထိုက် | ၂၀၀၀ | ထိုက်ထိုက် |
| ၃။ | သတိရခြင်း မီးခိုးတန်းများ | ခွန်းညိုသွေး | ၁၅၀၀ | ကောင်းဆုသာ |
| ၄။ | Soup အရည်သောက်ဟင်း | ဉမ္မာသျှား | ၂၅၀၀ | Domestic |
| ၅။ | မဟာမင်္ဂလာ | ပါရဂူ | ၂၅၀၀ | အမေ့ဉယျာဉ် |
| ၆။ | ပန်းဈေးခင်း | တင်မိုး | ၄၀၀၀ | အမေ့ဉယျာဉ် |
| ၇။ | အရောင်မဲ့အဝါ | အိမ်မွန် | ၄၅၀၀ | Smart |
| ၈။ | အနုပညာဂုဏ်ရည် | လက်ဝဲမင်းညို | ၂၅၀၀ | စိတ်ကူးချိုချို |
| ၉။ | Everyday Idioms | ခင်မောင်တိုး (မိုးမိတ်) | ၄၀၀၀ | ပင်ဝါးရုံ |
| ၁၀။ | အမှု-၁၀၀ အတွေ့ | နတ်တလင်းချစ်လွင် | ၃၀၀၀ | ကောင်းသန့်စာပေ |
| ၁၁။ | ဂန္ထဝင်လူသားတို့၏ ပုံတူပန်းချီများနှင့် ကမ္ဘာကို ပြောင်းလဲစေသော စကားများ | ပန်းချီ ဝင်းဇော်အောင် | ၂၀၀၀ | Journalist |
| ၁၂။ | ဗေဒါလမ်း | ဇော်ဂျီ | ၃၅၀၀ | စာပေလောက |
| ၁၃။ | ဒဂုန်တာရာ စာပေါင်းစုသစ် | ဒဂုန်တာရာ | ၆၀၀၀ | The Key |
| ၁၄။ | ဒဿနစ၏ အရသာ | လှိုင်သင်း (မြန်မာပြန်) | ၁၀၀၀၀ | ဆန်းစသော်တာ |
| ၁၅။ | ဉာဏ်ပွင့်စေဖို့ | အရှင်ဥဇ္ဇယ | ၂၀၀၀ | ဓမ္မပန်းခင်း |
| ၁၆။ | ပုံတိုပတ်စ | ဆရာမကြီးဒေါ်သန်းတင် | ၂၀၀၀ | ဇွန်ပွင့် |
| ၁၇။ | ဝေးလေ...ဝေးလေ...နီးသူရေ... နီးလေ...နီးလေ...ဝေးသူရေ | သျှီ (အင်ကြင်း) | ၂၅၀၀ | ကောင်းကင်မေ |
| ၁၈။ | မုဆိုးကြီး ဂရာ့ချပ်စ်သေဆုံးခြင်းနှင့် အခြားဘာသာပြန်ဝတ္ထုတိုများ | The Key Collection | ၁၅၀၀ | The Key Collection |
| ၁၉။ | ၁၉၇၀ ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင် ပြန်ပြောင်းသတိရချက် | နေဦးဝေ | ၃၀၀၀ | နှင်းဆီနီ |
| ၂၀။ | ဉာဏ်လမ်းခရီး | ဒေါက်တာသစ်လွင် | ၂၅၀၀ | လူငယ်တစ်ယောက် |
| ၂၁။ | ရှမ်းပုံပြင် | ဦးဖိုးလှ | ၂၀၀၀ | The Key Collection |
| ၂၂။ | စစ်ပြီးခေတ် ဒစ်ဂျစ်တယ်ရေဒီယို | ကြည်ဇော်အေး | ၁၅၀၀ | နှစ်ကာလများ |
| ၂၃။ | ပါစီဂျက်ဆန်နှင့် အိုလံပစ်နတ်ဘုရားများ ကမ္ဘာဦးကျိန်စာ | ကောင်းမြတ်လွန်းသော် | ၅၀၀၀ | Phoneix Kingdom |
| ၂၄။ | Going Swimming လေ့ကျင့်ရန် Level – 1 | - | ၂၀၀၀ | စာပေလောက |
| ၂၅။ | Topsy and Tim Go to 200 (Level – 1) | - | ၂၀၀၀ | စာပေလောက |
| ၂၆။ | လန်ဒန် - ရောမ - ဥရောပ | မသီတာ(စမ်းချောင်း) | ၅၀၀၀ | စာနဒီ |
| ၂၇။ | ရွှေနိုင်ငံက ရွှေပွဲတော် ကလေးကဗျာများ | ခင်မော်သက် (ပညာရေး) | ၁၅၀၀ | ဆိပ်ကမ်းသာ |
| ၂၈။ | လွယ်ကူလေ့လာရန် LDM (Learning Design Model) | စောကယ်ရီဝင်း | ၃၀၀၀ | Global Piece Group |
| ၂၉။ | ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ခေတ်သစ်ဒီမိုကရေစီနှင့် အတွေးအခေါ်ပညာရှင်များ | စိုးသန်းမောင် | ၅၀၀၀ | မျိုးဆက်သစ် |
| ၃၀။ | ဆိုင်ဂုံမှလွတ်မြောက်ခြင်း | တင့်ဇော် | ၃၀၀၀ | အိပ်မက်သစ် |
| ၃၁။ | ချစ်ရပါသော အိုမန်နီ | ငြိမ်းအိအိထွေး | ၂၈၀၀ | ဧပြီဦး |
| ၃၂။ | လမ်း (၇) ကဗျာဆရာများက ပြောသော ထင်းရှူးပင်ရိပ် | ကလောင်စုံ | ၅၀၀၀ | ကျော်မွှေး |
| ၃၃။ | ထိုင်ဝမ်သားများပြောတဲ့ ရှီကျင့်ဖိန် | မန်းပိုးအေး(ဝါးခယ်မ) | ၆၅၀၀ | အဖြူရောင် |
| ၃၄။ | ခုနစ်ရက်တစ်သီတင်း မဂ္ဂဇင်းဝတ္ထုရှည်များ | ဆူးငှက် | ၃၅၀၀ | လင်းလွန်းခင် |
| ၃၅။ | အိုရှိုးဘဝနှင့် ဓမ္မခရီး | ရဲနောင်ထွဋ် | ၅၀၀၀ | ပန်းဆက်လမ်း |
| ၃၆။ | ကိုလိုနီခေတ်အလုပ်သမား လှုပ်ရှားမှုများလေ့လာချက် | ထွန်းဇော်ဌေး | ၁၅၀၀ | ယဉ်မျိုး |
| ၃၇။ | ၁၉၇၄ ခုနှစ် အလုပ်သမားဆန္ဒပြမှု စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ | - | ၃၅၀၀ | ယဉ်မျိုး |
| ၃၈။ | သင့်ကလေးနဲ့အတူ ပျော်ပျော်ရွှင်ရွှင်ကြီးပြင်းပါ | ဒေါက်တာသိန်းလွင် | ၂၀၀၀ | ခဝါလှေမွန် |
| ၃၉။ | နိမ့်ကျတဲ့ပညာရေးမှာ ကျွန်တော်တို့ရော တာဝန်ကျေခဲ့ကြရဲ့လား | ဒေါက်တာမောင်သင်း | ၂၅၀၀ | ခဝါလှေမွန် |
| ၄၀။ | မုဒိတာခရီးသည်ကြီး ရုပ်ရှင်ထဲကရုပ်ပုံလွှာများ | ဗကျော်(နေပြည်တော်) | ၃၀၀၀ | အမေ့ဉယျာဉ် |

**အသစ်ထွက်ရှိသော စာအုပ်စာရင်းများကို အင်းဝစာအုပ်ဆိုင်မှ အချက်အလက်များစုဆောင်းပြီး ဖော်ပြပေးခြင်းဖြစ်ပါသည်။ ပိုမိုတိကျစွာ ထည့်သွင်းဖော်ပြပေးစေလိုပါက မိမိတို့ထုတ်ဝေထားသော အသစ်ထွက်ရှိသော စာအုပ်အား မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ရုံးအဖွဲ့မှူး အမှတ်-၂၆၃၊ သိမ်ဖြူလမ်း၊ YMCA အဆောက်အအုံ၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉၃၀၀၀၂၃၁၁ သို့ ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။**

# မြန်မာ့ဆင်မျိုးစိတ်များ ရေရှည်တည်တံ့စေရေး

ဝင်းနိုင်သော်

**ကမ္ဘာ့ဆင်များနေ့ (World Elephant Day) အဖြစ် နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့ကို သတ်မှတ်ထားရှိပြီး ယင်းနေ့တွင် ကမ္ဘာပေါ်ရှိ ဆင်မျိုးစိတ်များ ကျက်စားနေထိုင်သည့် နိုင်ငံများအပါအဝင် ဒေသအနှံ့အပြား၌ ဆင်မျိုးစိတ်များ ရေရှည်တည်တံ့စေရေး အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလေ့ရှိကြပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့သည် ယခုနှစ်အတွက် ကမ္ဘာ့ဆင်များနေ့အဖြစ် ကျရောက်ခဲ့သည့်အားလျော်စွာ အာရှဆင်မျိုးစိတ် ကျန်ရှိ ကျက်စားနေသည့် မြန်မာနိုင်ငံမှလည်း မြန်မာ့ဆင်မျိုးစိတ်များ ရေရှည်တည်တံ့စေရန် ပြည်သူတစ်ရပ်လုံး သိမြင်နိုးကြားမှုဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် ဤဆောင်းပါးဖြင့် ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။**

မြန်မာ့မြေပေါ်တွင် ဆင်မျိုးစိတ်တစ်မျိုးဖြစ်သည့် "အာရှဆင်" Asian Elephant (Elephas maximus) မျိုးစိတ်များ ရှေးနှစ်သန်းပေါင်းများစွာကပင် ကျက်စားနေထိုင်ခဲ့ကြသည့် အထောက်အထားအဖြစ် ဆင်စွယ်၊ ဆင်အရိုး၊ ဆင်အံသွား အစိတ်အပိုင်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း (Fossils) များကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်အညာဒေသများတွင် တူးဖော်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ပြီးဖြစ်သည်။

**အသိဉာဏ်အရှိဆုံး သတ္တဝါ**

မြန်မာနိုင်ငံ၏ ဘူမိရုပသွင်ပြင်အရလည်း အာရှတိုက်ကုန်းတွင်းပိုင်းဒေသနှင့် မလေးကျွန်းဆွယ်တို့ကို ဆက်စပ်ပေးသည့် တည်နေရာအရလည်းကောင်း၊ ဟိမဝန္တာတောင်စဉ်တန်းများနှင့် ထိစပ်နေသည့် တည်ရှိမှုအရလည်းကောင်း မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ သဘာဝပေါက်ပင်များ အမျိုးမျိုးကွဲပြားခြားနားစွာ တွေ့ရှိနိုင်သည်။ ထို့အတွက်ကြောင့်လည်း မြန်မာနိုင်ငံ၏ ဇီဝဗေဒဆိုင်ရာ ထူးခြားမှုများအဖြစ် ဂေဟစနစ်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစွာတွေ့ရှိနိုင်သည့် နိုင်ငံတစ်ခုအဖြစ်လည်း ထင်ရှားလှပေသည်။

သဘာဝအပင်များနှင့် တောရိုင်းတိရစ္ဆာန်များ ယှဉ်တွဲတည်မှီကာ စဉ်ဆက်မပြတ် ပေါက်ဖွားရှင်သန် နေထိုင်ကျက်စားကြသည့် ဂေဟစနစ်အတွင်း သတ္တဝါမျိုးစိတ်မြောက်မြားစွာအနက် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သည့် သတ္တဝါများစွာသည်လည်း နှစ်သန်းပေါင်း အစဉ်အဆက်ရှိခဲ့ပြီးဖြစ်သည်။ လက်ရှိ လူသားများ ပေါ်ပေါက်လာသည့် ခေတ်ကာလအတွင်း နို့တိုက်သတ္တဝါမျိုးစိတ်များသည် အသိဉာဏ်မြင့်မားခြင်းနှင့်အတူ လူသားများနှင့်အတူတကွ ယှဉ်ပါးနေထိုင်မှုဓလေ့တစ်ခုအဖြစ် အိမ်မွေးတိရစ္ဆာန်များအဖြစ်သို့ပါ ရောက်ရှိလာခဲ့ကြသည်။ ဆင်သည် ကုန်းသတ္တဝါအပေါင်းတို့တွင် ကိုယ်ထည်အကြီးဆုံးဖြစ်သည်။ ခွန်အားလည်း အကြီးဆုံးဖြစ်၏။ ဆင်သည် လူပြီးလျှင် အသိဉာဏ်အရှိဆုံး သတ္တဝါဖြစ်သည်ဟု သတ်မှတ်ခံရသည်။

ကမ္ဘာပေါ်တွင် ဆင်မျိုးစိတ်များစွာ ကျက်စားနေထိုင်ခဲ့ကြသော်လည်း ယခုလက်ရှိကာလ၌ "အာဖရိကဆင်မျိုးစိတ်" African Elephant (Loxodonta Africana) နှင့် "အာရှဆင်မျိုးစိတ်" Asian Elephant (Elephas maximus) တို့နှစ်မျိုးကိုသာ တွေ့ရှိနိုင်တော့သည်။ ကျန်ရှိနေသေးသည့် ဆင်မျိုးစိတ်နှစ်မျိုးတို့သည်လည်း တစ်နေ့တခြား ကောင်ရေလျော့နည်းကျဆင်းလာမှု အန္တရာယ်များနှင့် ရင်ဆိုင်နေကြရပြီဖြစ်သည်။ ထို့အတွက်ကြောင့်လည်း ကမ္ဘာ့နိုင်ငံများစွာမှ အစိုးရများ၊ နိုင်ငံ့ခေါင်းဆောင်များ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ကွန်ဗင်းရှင်းကြီးများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများစွာတို့က ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးဂရုပြုလုပ်ဆောင်လာကြသည်ကို တွေ့မြင်နေရသည်။

**လေ့လာသိရှိရ**

အာရှဆင်မျိုးစိတ်များသည် အာဖရိကဆင်မျိုးစိတ်များထက် ပို၍ သင်ယူနိုင်စွမ်း၊ လူနှင့် ပိုမိုယဉ်ပါးနိုင်စွမ်းများရှိကြောင်း သိရှိရသည်။ အရွယ်အစားအားဖြင့် အာဖရိကဆင်များမှာ အာရှဆင်များထက် ပိုမိုကြီးမားပြီး ထူးခြားချက်အနေဖြင့် ဦးခေါင်းပိုင်း ပုံသဏ္ဌာန်အားဖြင့် ထင်ရှားသိသာလွယ်သည်။ အာဖရိကဆင်များမှာ ဦးကင်းမို့မောက်မှု မရှိခြင်း၊ နားရွက်ပိုမိုကြီးမားကျယ်ပြန့်ခြင်းနှင့် ဆင်အားလုံးတွင် အစွယ်ပါရှိခြင်းတို့ဖြစ်သည်။ အာရှဆင်များမှာ ဦးခေါင်းပိုမို မို့မောက်ကြီးမားခြင်း၊ နားရွက်သေးငယ်ခြင်းနှင့် ဆင်အထီးများတွင်သာ အစွယ်ပါရှိခြင်းတို့ဖြင့် ခွဲခြားသိသာနိုင်သည်။ ဆင်စွယ်အနေဖြင့် ဆင်အထီးများတွင် ပါရှိသော်လည်း အထီးအားလုံး၌ ပါရှိခြင်းမဟုတ်ဘဲ စွယ်စုံဆင်ထီး၊ တည်ဆင်တို့တွင်သာ ပါရှိလေ့ရှိပြီး ဟိုင်းဆင်အထီးများတွင် အစွယ်မပါရှိကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံ၌ ဆင်သည် မြန်မာ့သမိုင်းတွင် အရေးပါသောကဏ္ဍ၌ ပါဝင်နေခဲ့ပြီး ရှေးအခါက စစ်တိုက်ရာတွင် ဆင်ကိုများစွာအသုံးပြုသည်။ လူ့သမိုင်းယဉ်ကျေးမှုနှင့်အတူ ဆင်ကိုဖမ်းယူပြီး ယဉ်ပါးအောင်လေ့ကျင့်၍ သယ်ယူပို့ဆောင်ရေး၊ လယ်ယာကဏ္ဍ၊ ဝန်စည်စလယ် တင်ဆောင်မှုနှင့် စစ်မက်ရေးရာတို့တွင် အသုံးပြုခဲ့ကြသည်။ အများအားဖြင့် ဆင်မှာ မည်းညိုသော အရောင်အဆင်းရှိသော်လည်း ဆင်ဖြူများလည်းရှိသည်။ ဆင်ဖြူကို မြင့်မြတ်သည်ဟူ၍ ယူဆယုံကြည်ကြသည်။ ဆင်ဖြူကို ဘာသာရေးနှင့်နီးနွယ်၍ မြင့်မြတ်သော သတ္တဝါတစ်မျိုးအဖြစ် အထွတ်အမြတ်ထားကြသည်ကို စာပေကျမ်းဂန်များတွင် တွေ့ရှိရသည်။ ထို့အတွက်လည်း ဧကရာဇ်မင်းများသည် ဆင်ဖြူများကို မင်းအသုံးအဆောင်၊ မင်းခမ်းမင်းနားအဖြစ် တန်ဖိုးထားရရှိလိုကြသည်။ ရှေးမြန်မာဘုရင်များသည် မိမိတို့ပိုင်ဆိုင်သော ဆင်ဖြူအရေအတွက်ကို ဂုဏ်ယူဖွယ်တစ်ရပ်အနေဖြင့် ဘွဲ့အမည်တွင် ထည့်သွင်းမှည့်ခေါ်ကြသည်။ ဆင်ဖြူတော်များကို နိုင်ငံ့ကျက်သရေ၊ ဘုန်းတန်ခိုး၊ အေးချမ်းသာယာဝပြောမှုစသည့် ဂုဏ်ပုဒ်များနှင့်လည်း ကိုက်ညှိသတ်မှတ်လေ့ရှိကြသည်။

ဆင်သည် မြန်မာ့သစ်ထုတ်လုပ်ရေးတွင် အလွန်အရေးပါသည့် အင်အားတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အရ သစ်ထုတ်လုပ်ရာတွင် ဆင်ဖြင့် သစ်ထုတ်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးဖြစ်သည်။ တောဆင်ရိုင်းများကို ကျုံးသွင်းဖမ်းဆီးပြီး သစ်ထုတ်လုပ်ငန်းများတွင် အသုံးပြုခဲ့ကြသည်မှာ ရာစုနှစ်တိုင်ခဲ့ပြီး စက်ယန္တရားများအသုံးပြုခြင်းထက် ငွေကုန်ကြေးကျသက်သာခြင်းသာမက အခြားသစ်ပင်များကို မလိုအပ်ဘဲ ခုတ်ထွင်လမ်းဖောက်ပြီး ထုတ်လုပ်ရခြင်းကြောင့် သစ်တောများ ပျက်စီးထိခိုက်မှု၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရမှုတို့မှ လွတ်ကင်းပြီး ပတ်ဝန်းကျင်ကို မထိခိုက်စေသည့် နည်းလမ်းအဖြစ် ကမ္ဘာကလည်း လက်ခံခဲ့ကြသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သစ်ထုတ်လုပ်ငန်းအသုံးပြုရန် တောဆင်ရိုင်းများ ဖမ်းဆီးခြင်းကို ၂၀၁၄ ခုနှစ်မှ စတင်ရပ်ဆိုင်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။



**အများဆုံးသတ်ဖြတ်ခံနေရ**

မြန်မာနိုင်ငံတွင် ဆင်များသည် မြင့်မားသောတောင်ပေါ်ဒေသမှလွဲ၍ နေရာအနှံ့ ပျံ့နှံ့ကျက်စားလျက်ရှိသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံပြီးနောက် အာရှဆင်အကောင်အရေအတွက် အများဆုံးပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ ယခင်က မြန်မာနိုင်ငံအဝန်း တောဆင်ရိုင်းကောင်ရေ ၁၀၀၀၀ ခန့်အထိ ရှိခဲ့ကြောင်း သိရှိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ တောဆင်ရိုင်းကောင်ရေသည် ၂၀၀၀ အောက်သို့ ရောက်ရှိနေပြီဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသည်။

တောဆင်ရိုင်းကောင်ရေ လျော့နည်းကျဆင်းခြင်းကိုဖြစ်စေသည့် အဓိကအကြောင်းအချက်မှာ မုဆိုးများ၏ သတ်ဖြတ်ခံရခြင်း၊ ဆင်တို့၏ ကျက်စားနေထိုင်သည့် နေရင်းဒေသများ ပျက်စီးခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရသည်။ ယခင်က တောဆင်ရိုင်းများကို အစွယ်ရယူလိုမှုအတွက်သာ ဆင်ထီးများကို ရွေးချယ်သတ်ဖြတ်ခဲ့ကြသော်လည်း ယခုအခါ အစွယ်အပြင် အသား၊ အရေ၊ အရိုးစသည့် အစိတ်အပိုင်းအားလုံးကို တရားမဝင်ရောင်းဝယ်မှုပြုလုပ်ရန်အတွက်ပါ သတ်ဖြတ်လာကြခြင်းဖြစ်သည်။ သစ်တောဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းများအရ ၂၀၁၅ ခုနှစ်တွင် တောဆင်ရိုင်း ၃၅ ကောင်နှင့် ၂၀၁၆ ခုနှစ်တွင် တောဆင်ရိုင်း ၂၆ ကောင် သတ်ဖြတ်ခံခဲ့ရပြီး ၂၀၁၇ ခုနှစ်တွင် ၅၉ ကောင်အထိ သတ်ဖြတ်ခံရကာ ဆင်မုဆိုးများ၏ အမဲလိုက်သတ်ဖြတ်မှုများ ပိုမိုများပြားလာခဲ့ပါသည်။ ရေဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တောဆင်ရိုင်းများ အများဆုံးသတ်ဖြတ်ခံနေရပါသည်။

တောဆင်ရိုင်းများမှ လူနေဒေသများအနီးသို့ ရောက်ရှိလာပြီး စိုက်ပျိုးခင်းများ၊ နေအိမ်အဆောက်အအုံများနှင့် လူတို့ကို အန္တရာယ်ပြုသတ်ဖြတ်ရာမှ ဆင်နှင့်လူပဋိပက္ခဖြစ်ပွားမှု ပြဿနာများဖြစ်ပေါ်၍ တောဆင်ရိုင်းများနှင့်လူများအကြား အပြန်အလှန်လက်စားချေရာမှလည်း တောဆင်ရိုင်းများ သတ်ဖြတ်ခံရပါသည်။ မြန်မာနိုင်ငံတွင် ရှေးယခင်က လူဦးရေ၊ ကျေးရွာအိမ်ခြေများ ယခုအချိန်ကာလကဲ့သို့ ထူထပ်တိုးပွားလာမှု မရှိခြင်းနှင့် တောဆင်ရိုင်းကောင်ရေများ ယခုထက် ပိုမိုများပြားခဲ့သော်လည်း သဘာဝတောအတွင်း ဆင်နှင့်လူ ထိပ်တိုက်တွေ့ဆုံမှုမှာ အတော်ပင် ရှားပါးခဲ့ပါသည်။ ယခုအခါ သဘာဝတောများတွင် ဆင်နှင့်လူ တစ်ဖက်နှင့်တစ်ဖက် ရှောင်လွှဲ၍မရဘဲ ထိပ်တိုက်တွေ့နေကြရသည်။ အမှန်အားဖြင့် ဆင်တို့၏ နေထိုင်ရာဒေသများသို့ လူသားများ ဝင်ရောက်သွားရာမှ ဖြစ်ပွားလာသည့် ပြဿနာဖြစ်သည်။ ဆင်များ သဘာဝအတိုင်း ကျက်စားသည့် ဧရိယာများသည် အခြားမြေအသုံးချမှုများသို့ ပြောင်းလဲ သွားခြင်း၊ ဖြတ်သန်းလမ်းကြောင်းများ (Corridors) ပြတ်တောက်သွားခြင်း၊ ဆည်၊ တာ-တမံ အများအပြားတည်ဆောက်ခြင်းကြောင့် သဘာဝရေစီးရေလာများ ပျောက်ဆုံးသွားခြင်းနှင့် တောဆင်ရိုင်းများကို မုဆိုးတို့အမဲလိုက်သတ်ဖြတ်မှုတို့ကြောင့် ဆင်များမှာ နေစရာပျောက်ဆုံး၍ သဘာဝအတိုင်းကျင်လည်နေသည့် နေရင်းဒေသများ၊ ကျက်စားနယ်မြေများ ဆုံးရှုံးသွားရတော့သည်။

ထိုအခါတွင် တောဆင်များအနေဖြင့် မူလကျက်စားနယ်မြေများကို စွန့်ခွာ၍ သစ်တောများ အပြင်သို့ထွက်ကာ စားကျက်မြေအသစ်များရှာဖွေခြင်းတို့ကို ပြုလုပ်လာကြသည်။ ထိုကဲ့သို့ ဆင်များ သစ်တောများအပြင်ဘက်သို့ ရောက်ရှိလာခြင်းမှသည် လူတို့စိုက်ပျိုးထားသော လယ်မြေ၊ သီးနှံစိုက်ခင်းများကို ဝင်ရောက်ဖျက်ဆီး စားသောက်ခြင်းများ ဖြစ်ပေါ်လာရသည်။ အဆိုပါ ဖြစ်ရပ်များသည် လူနှင့်ဆင်ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်းခံများပင်ဖြစ်သည်။

**ဆင်နှင့်လူပဋိပက္ခ**

ဆင်နှင့်လူပဋိပက္ခဖြစ်ပွားသည့်နေရာများ အထူးသဖြင့် ဆင်များဝင်ရောက်လာနိုင်လေ့ရှိသည့် ဒေသနယ်မြေများတွင် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း သစ်တောဦးစီးဌာနက ဒေသအုပ်ချုပ်ရေးအဖွဲ့များမှတစ်ဆင့် ကျေးရွာဒေသခံများသို့ အသိပေးခြင်း၊ ပညာပေးဟောပြောခြင်းများကို ပြုလုပ်လျက်ရှိကြောင်းလည်း သိရှိရသည်။ ဥပမာအားဖြင့် ဆင်တို့ကြိုက်နှစ်သက်သည့် စပါး၊ ကြံပင်များအစားနှမ်း၊ ငရုတ်၊ ခရမ်းချဉ်ပင်များ အစားထိုးစိုက်ခြင်း၊ ခြံစည်းရိုးများတွင် လျှပ်စစ်ဝိုင်ယာများကို ဆိုလာစနစ်သုံး သို့မဟုတ် ဘက်ထရီအိုးအသုံးပြု၍ တပ်ဆင်ခြင်း၊ ဆင်များ ကြောက်လန့်တတ်သည့် ပျောက်အိုးဖောက်ခြင်း၊ ဝါးဆစ်ပိုင်းများ မီးရှို့အသုံးပြုခြင်း၊ ငရုတ်သီးနှင့် တာယာစများမီးရှို့ခြင်း၊ ရောင်ပြန်ပြားများ ချိတ်ဆွဲခြင်း စသည်တို့ကို ပြုလုပ်နိုင်ကြောင်းလည်း သိရှိရသည်။

ဆင်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပတ်သက်၍လည်း ရှေးမြန်မာမင်းများ လက်ထက်ကပင် ဆင်ထိန်းသိမ်းရေးဆောင်ရွက်ခဲ့မှုများကို သမိုင်းအထောက်အထားများအရ တွေ့ရှိရသည်။ ၁၈၇၉ ခုနှစ် ကုန်းဘောင်ခေတ်ကာလတွင် ဆင်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းခဲ့ကြောင်းနှင့် ၁၈၈၃ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ရေးဆွဲပြီး ပြဋ္ဌာန်းခဲ့ကြောင်းလည်း တွေ့ရှိရသည်။ ၁၉၃၆ ခုနှစ် ဗြိတိသျှ ကိုလိုနီအစိုးရခေတ်တွင် သားရဲတိရစ္ဆာန်ကာကွယ်ရေး ဥပဒေ (The Wildlife Protection Act 1936) ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ကြောင်း သိရှိရသည်။ ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၌ ဆင်ကို လုံးဝကာကွယ်သည့် တောရိုင်းတိရစ္ဆာန်အဖြစ် အမိန့်ထုတ်ပြန် ကာကွယ်သတ်မှတ်ထားခဲ့ပါသည်။

တောဆင်ရိုင်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် ဆင်ကျက်စားနေထိုင်သည့် သဘာဝသစ်တောနယ်မြေများကို တည်ဆဲဥပဒေအရ သဘာဝထိန်းသိမ်းရေးနယ်မြေများ (Protected Areas) အဖြစ် သတ်မှတ်ဖွဲ့စည်းထားပြီး စုစုပေါင်း ဧရိယာ ၉၈၆၁ ဒသမ ၇၇ စတုရန်းမိုင် ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၈ ခုနှစ် မေလ ၂၁ ရက်နေ့တွင် အသစ်ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေတွင် မျိုးသုဉ်းမည့်အန္တရာယ်မှ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ဖြစ်သည့် တောဆင်ရိုင်းများနှင့် နိုင်ငံတကာကူးသန်းရောင်းဝယ်ရာတွင် ထိန်းချုပ်ကာကွယ်ထားသည့် ဆင်မျိုးစိတ်များနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ကို တိုးမြှင့်ထားပါသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

သစ်တောဦးစီးဌာနသည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီစဉ်) (Wildlife Conservation Society-WCS)၊ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေအဖွဲ့ (World Wide Fund for Nature-WWF)၊ Smithsonian Institutions၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး မိတ်ဆွေများအသင်း (Friends of Wildlife) တို့နှင့် ပူးပေါင်း၍ တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်ခြင်း၊ ဆင်နှင့်လူပဋိပက္ခလျှော့ချခြင်း၊ ဆင်သတ်မုဆိုးများအား ဖော်ထုတ်အရေးယူခြင်း၊ ဆင်နှင့်အစိတ်အပိုင်းများအား တရားမဝင်ရောင်းဝယ်မှုကို အရေးယူခြင်းနှင့် သိမြင်နိုးကြားမှု မြှင့်တင်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ သဘာဝမှ ပေးအပ်သည့် အမွေအနှစ်တစ်ခုဖြစ်ပြီး မြန်မာ့သစ်တောများ၏ အဆင်တန်ဆာဖြစ်သည့် မြန်မာ့ဆင်များအား ရေရှည်တည်တံ့စွာ

*စာမျက်နှာ ၁၀ သို့*

**"မြန်မာနိုင်ငံ၏ သဘာဝမှပေးအပ်သည့် အမွေအနှစ်တစ်ခုဖြစ်ပြီး မြန်မာ့သစ်တောများ၏ အဆင်တန်ဆာဖြစ်သည့် မြန်မာ့ဆင်များအား ရေရှည်တည်တံ့စွာ ထိန်းသိမ်းကာကွယ်ခြင်းတွင် ပြည်သူများက ဝိုင်းဝန်းပူးပေါင်းကာကွယ် စောင့်ရှောက်ခြင်းကို လိုအပ်လျက်ရှိ"**

# ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ARSA အကြမ်းဖက်မှုဖြစ်စဉ်အတွင်း သေဆုံးသွားသည့် ဟိန္ဒူဘာသာဝင် ၁၁၃ ဦးအတွက် ဘာသာရေးထုံးတမ်းအစဉ်အလာအရ နှစ်ပတ်လည်ဆုတောင်းပွဲ ကျင်းပ

မောင်တော ဩဂုတ် ၁၅

**၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ARSA အကြမ်းဖက်မှုဖြစ်စဉ်အတွင်း သေဆုံးသွားသည့် မောင်တောမြို့နယ် ကျေးရွာအသီးသီးမှ ဟိန္ဒူဘာသာဝင် ၁၁၃ ဦးအတွက် ဘာသာရေးထုံးတမ်းအစဉ်အလာအရ နှစ်ပတ်လည် ဆုတောင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့ ဟိန္ဒူကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။** (အောက်ပုံ)



ရှေးဦးစွာဘာသာရေးအစဉ်အလာအရ ဟိန္ဒူဘာသာဝင်များက ဂိုက်သရီမန္တန်ကို သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မောင်တောမြို့ ဟိန္ဒူဘာသာရေး ခေါင်းဆောင် ဦးနီမောင်က ဆုတောင်းပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အကြမ်းဖက်မှုဖြစ်စဉ်အတွင်း သေဆုံးခဲ့ကြသူများအတွက် ဟိန္ဒူဘုန်းတော်ကြီးများနှင့် ကျန်ရစ်သူမိသားစုဝင်များက ဟိန္ဒူဘာသာရေး ထုံးတမ်းအစဉ်အလာများဖြင့် မေတ္တာပို့ဆုတောင်းပေးကြပြီး ဟိန္ဒူဘာသာဝင်များက ရှန်သီး(ပတ်)ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါဆုတောင်းပွဲအခမ်းအနားသို့ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ ဟိန္ဒူဘုန်းတော်ကြီးများ၊ စစ်တွေမြို့၊ ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များမှ လာရောက်ဆုတောင်းပေးကြသည့် ဟိန္ဒူဘာသာဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆုတောင်းပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ မောင်တောမြို့ ဟိန္ဒူဘာသာရေးခေါင်းဆောင် ဦးနီမောင်က "ဒီပွဲကတော့ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားတဲ့ အကြမ်းဖက် ဖြစ်စဉ်မှာ သေဆုံးသွားကြတဲ့ ကျွန်တော်တို့ ဟိန္ဒူဘာသာဝင်တွေအတွက် ဘာသာရေးထုံးတမ်းအစဉ်အလာအရ နှစ်ပတ်လည် ဆုတောင်းပေးတဲ့ပွဲဖြစ်ပါတယ်။ ဒီနေ့ဆုတောင်းပွဲမှာ စစ်တွေနဲ့ ဘူးသီးတောင်မြို့တွေက ဟိန္ဒူဘာသာဝင်တွေလည်း လာရောက်ဆုတောင်းပေးကြတယ်။ ပြီးတော့ မောင်တောမြို့ပေါ်မှာရှိတဲ့ ဟိန္ဒူဘာသာဝင်တွေ လာရောက်ဆုတောင်းပေးကြပါတယ်။ ဒီလိုဆုတောင်းပွဲကျင်းပနိုင်ဖို့အတွက်လည်း ဟိန္ဒူအဖွဲ့ချုပ်က အစစအရာရာ ကူညီပံ့ပိုးပေးပါတယ်။ ဒီလိုဆုတောင်းပွဲ ကျင်းပနိုင်အောင် ကူညီထောက်ပံ့ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ကျွန်တော်တို့ ဘိုးဘွားတွေကစပြီး ဒီနိုင်ငံမှာ အေးချမ်းစွာ နေထိုင်လာခဲ့ကြတာပါ။ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက ဖြစ်စဉ်မှာ ကျွန်တော်တို့ ဘာသာဝင်တွေ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရတဲ့အတွက်လည်း အခုအချိန်ထိ ဝမ်းနည်းပူဆွေးနေဆဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ခုလို နှစ်ပတ်လည်ဆုတောင်းပွဲကို ကျင်းပဖြစ်တာဖြစ်ပါတယ်"ဟု ပြောသည်။

**သတင်း၊ ဓာတ်ပုံ- ရာမညာ၊ မျိုးသူဟိန်း**

---

*စာမျက်နှာ ၉ မှ*

ထိန်းသိမ်းကာကွယ်ခြင်းတွင် ပြည်သူများက ဝိုင်းဝန်းပူးပေါင်းကာကွယ်စောင့်ရှောက်ခြင်းကို လိုအပ်လျက်ရှိပါသည်။ ပြည်သူများ ဝိုင်းဝန်းကူညီ ပူးပေါင်းပါဝင်လာရန် လူထုအခြေပြု ဆင်မုဆိုးစောင့်ကြည့်ခြင်း၊ သတင်းပေးပို့ခြင်းနှင့် မိုမိုတို့အတွက် ရင်တွင်းစကားသံ (Voices for Momos) လူထုလှုပ်ရှားမှုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

လူမှုအဖွဲ့အစည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးတို့အတွက် အရေးပါသည့် ဂေဟစနစ်ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ရရှိရေးအတွက် တောဆင်ရိုင်းများ၏ အရေးပါပုံကို သိမြင်မှုမြင့်မားလာရန်၊ တောဆင်ရိုင်းအပါအဝင် တောရိုင်းတိရစ္ဆာန်များဖြင့် ပြုလုပ်ထားသည့် ဆေးဝါးများ၊ အဆင်တန်ဆာများကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဟင်းလျာများအား စားသုံးမှုမပြုခြင်း စသည့်အခြေခံကျင့်ဝတ်ကောင်းများကို လိုက်နာကျင့်သုံးလာရန်၊ လိုက်နာကျင့်သုံးရန်၊ နီးစပ်ရာသို့ တိုက်တွန်းပေးလာစေရန်နှင့် တောဆင်ရိုင်းများအား ထိန်းသိမ်းကာကွယ်လိုစိတ် ကိန်းအောင်းလာစေရန် ရည်ရွယ်၍ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်းပြီး မြန်မာ့ဆင်ပြတိုက် (Myanmar Elephant Museum) ကို အများပြည်သူ လေ့လာကြည့်ရှုနိုင်စေရေး ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ဆင်မျိုးစိတ်များ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး၊ မြန်မာ့မြေပေါ်တွင် ထာဝရတည်ရှိ ကျက်စားနိုင်ရေး၊ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကာကွယ်တားဆီးနိုင်ရေးတို့အတွက် အစိုးရဌာနများ၊ နိုင်ငံတကာဆင်ထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ ပူးပေါင်း၍ ဆင်တို့၏ နေရင်းဒေသများကို ထိန်းသိမ်းရန်၊ ဆင်နှင့် လူပဋိပက္ခဖြစ်ပွားမှုများကို လျော့နည်းစေရန် ဖြေရှင်းမည့် နည်းလမ်းများ ရှာဖွေရန်၊ ဆင်နှင့် ဆင်အစိတ်အပိုင်းများကို တရားမဝင် အမဲလိုက်သတ်ဖြတ်ခြင်း၊ တရားမဝင် ကူးသန်းရောင်းဝယ်ခြင်းတို့ကို ထိရောက်စွာ တားဆီးကာကွယ်ရန်နှင့် အိမ်မွေးဆင်များကို စနစ်တကျမှတ်ပုံတင် ထိန်းသိမ်းရန်တို့ကို ရည်ရွယ်ပြီး မြန်မာ့ဆင်မျိုးစိတ်များ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်း စီမံချက် (Myanmar Elephant Conservation Action Plan- MECAP) နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရသည်။

ထို့ကြောင့် မြန်မာ့ဆင်များ၏ အနာဂတ်ရေရှည်ရှင်သန်ရပ်တည်ရေး အန္တရာယ်ကင်းရှင်းစွာ ရှင်သန်ကျက်စားနေထိုင်နိုင်ရေးတို့အတွက် ဆင်တို့၏ နေရင်းဒေသများ ပြန်လည်ထိန်းသိမ်းရေး၊ ဆင်စားကျက်များ ပြန်လည်ထူထောင်ရေး၊ ဆင်နှင့် လူပဋိပက္ခဖြစ်ပွားမှုများ လျော့နည်းပပျောက်စေရေး၊ ဆင်နှင့် ဆင်အစိတ်အပိုင်းများ တရားမဝင် သတ်ဖြတ်ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းများကို ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးတို့အတွက် မြန်မာ့ဆင်မျိုးစိတ်များ ရေရှည်တည်တံ့စေရန် ပြည်သူလူထုတစ်ရပ်လုံးမှ ဗဟုသုတ၊ အသိအမြင်များ နိုးကြားလာပြီး ဝိုင်းဝန်းပူးပေါင်းပါဝင် ထိန်းသိမ်းနိုင်ကြစေရေး ကမ္ဘာ့ဆင်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြလိုက်ရပါသည်။ ။

---

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၅**

မောင်တောမြို့နယ် နယ်မြေ(၂)၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရန့်ချောင်းကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ကျော် ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) BGB တပ် Gorijonbuniya ကင်းစခန်းမှ ဒုစခန်းမှူး Naib Subedar Md. Sultan Ahmad ဦးစီး ၁၅ ဦး တို့သည် ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ မှ ၁၂ နာရီအချိန်ထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၄၀)မှ (၄၁)ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြသည်။



အလားတူ ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က မောင်တောမြို့ နယ်မြေ(၅)၊ အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရုံးမှ ဒုတိယရဲမှူး ထွန်းထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်ရှစ်ဦးသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ်မှ Naib Subedar Sha Alome ဦးစီး ၁၁ ဦးသည် စက်တပ်ရေယာဉ် နှစ်စင်းဖြင့် လည်းကောင်း စံပါယ်ပင်ရင်းချောင်းဝထိပ် နတ်မြစ်အလယ် နှစ်နိုင်ငံနယ်နိမိတ်အနီး ဆုံရပ် ရေမိုင်(၁၁)၌ တွေ့ဆုံ၍ နတ်မြစ်ကြောင်းအတိုင်း ညှိနှိုင်းကင်းလှည့်ခဲ့ရာ နံနက် ၁၁နာရီတွင် ပြူးမချောင်းချောင်းဝအနီး ရေမိုင်(၁၄)နှင့် (၁၅)ကြားသို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **ကိုရဲ**

---

## မကွေး၌ ကျွဲ၊ နွား ကောင်ရေသုံးသောင်းအား ခွာနာလျှာနာ ကာကွယ်ဆေးထိုးနှံ

**မကွေး ဩဂုတ် ၁၅**

တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၃၂၀ အသုံးပြု၍ ကျွဲ၊ နွား ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း အထူးစီမံချက်တစ်ရပ်ကို မကွေးတိုင်းဒေသကြီး၌ လုပ်ဆောင်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ ကျွဲ၊ နွားကောင်ရေ သုံးသောင်းအား ကာကွယ်ဆေးများ ထိုးနှံပေးနေကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ခွင့်ပြုရန်ပုံငွေဖြင့် ဆေးအဆ ၆၀၀၀၀ ဝယ်ယူခဲ့ပြီး မြို့နယ် ၂၅ မြို့နယ်တွင် ပထမအကြိမ်ဆေးအဆ ၃၀၀၀၀ ဖြင့် ကျွဲ၊ နွား တိရစ္ဆာန်ကောင်ရေ သုံးသောင်းအား အခမဲ့ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကာ ကျန်ဆေးအဆ ၃၀၀၀၀ ဖြင့် လာမည့်စက်တင်ဘာလအတွင်း ဒုတိယအကြိမ် ထိုးနှံသွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာ မောင်မောင်စိုးထံမှ သိရသည်။

"ကျေးလက်ဒေသနေပြည်သူများ မွေးမြူထားတဲ့ ခိုင်းကျွဲ၊ ခိုင်းနွားတွေ သေကျေပျက်စီးမှုကို ကာကွယ်နိုင်ဖို့ ကာကွယ်ဆေးထိုးလုပ်ငန်းကို လုပ်နေတာပါ။ ပထမအကြိမ် ထိုးပြီးပါပြီ။ ထိုးပြီးသား တိရစ္ဆာန်တွေကို တစ်လအတွင်း နောက်တစ်ကြိမ် ထပ်ထိုးပေးရပါတယ်။ ခွာနာလျှာနာရောဂါက နှစ်တိုင်းတော့မဖြစ်ဘူး နှစ်ခြား နှစ်ခြားဖြစ်တယ်။ ခွာလုံး၊ ခွာကွဲသတ္တဝါတွေမှာပဲ ဖြစ်တတ်တယ်" ဟု ဒေါက်တာ မောင်မောင်စိုး က ပြောသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကျွဲ၊ နွားကောင်ရေ ၁၉၇၃၁၂ ကောင်၊ ကုသခြင်းလုပ်ငန်းတွင် ကျွဲ၊ နွား ကောင်ရေ ၂၂၂၇၅ ကောင်၊ ဝက် ၂၃၀၁၃ ကောင်၊ ကြက် ၆၃၂၂၅ ကောင်တို့ကို ကာကွယ်ကုသပေးခဲ့ကြောင်း တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ **ဇေယျတု(မကွေး)**

---

❑ *ကျော်ဖုံးမှ*

ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဝဝန်မြစ်ရေသည် သာပေါင်းမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နယ်၊ ဘားအံမြို့နယ်နှင့် မအူပင်မြို့နယ် များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

---

✻ *ကျော်ဖုံးမှ*

ကျေးရွာမှ နေအိမ် ၄၃ လုံး ပြိုကျပျက်စီးခဲ့ပြီး ၃၁ လုံး ယိုင်နဲ့ခဲ့ကြောင်း၊ ဂေါ်ဒူကျေးရွာနှင့် ခတ္တာကျေးရွာမှ နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ ပင်လယ်အတွေ့အကြုံရှိသူများ၏ ပြောကြားချက်အရ ယခုလနောက်ဆုံးဒီရေတက်ရက်ဖြစ်သော ဩဂုတ် ၁၄ ရက် ဒီရေစတက်သည့် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ဘဝသစ်ကျေးရွာအုပ်စု ဂေါ်ဒူကျေးရွာတွင် နေအိမ်ငါးလုံး ပြိုကျပျက်စီးခဲ့ပြီး ညနေ ၄ နာရီတွင် နေအိမ်ခြောက်လုံး ထပ်မံပြိုကျပျက်စီးခဲ့ကြောင်း၊ မွန်းလွဲ ၂ နာရီခွဲအချိန် နောက်မီးကျေးရွာအုပ်စု မင်္ဂလာသောင်တန်းကျေးရွာတွင် နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ပြီး အခင်းအကာပျက်စီးကာ ယိုင်နဲ့သွားသော နေအိမ် ၁၀၅ လုံးရှိကြောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဒေါ်ညိမ်းကျေးရွာအုပ်စု သရက်ပင်ဆိပ်ကျေးရွာမှ နေအိမ်ခြောက်လုံး၊ ဗန္ဒာပင်ကျေးရွာမှ နေအိမ်ခြောက်လုံး၊ ခါးပြတ်ကျေးရွာမှ နေအိမ်တစ်လုံး၊ အေးကုန်းကျေးရွာမှ နေအိမ်နှစ်လုံး ပြိုကျပျက်စီးခဲ့ပြီး စုစုပေါင်း ၂၇ လုံး ပြိုကျပျက်စီးခဲ့ကာ ၁၀၅ လုံး ယိုင်နဲ့ခဲ့ကြောင်း၊ မိသားစု ၁၃၂ စု လူဦးရေ ၅၇၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃ သိန်း ၅ သောင်း ဆုံးရှုံးခဲ့ကြောင်း မြို့အုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်ထံမှ သိရသည်။ နေအိမ်ပျက်စီးသွားသော မိသားစုများအား နီးစပ်ရာဆွေမျိုးများထံတွင် ယာယီ နေထိုင်စေပြီး ကူညီရေးလုပ်ငန်းများနှင့် ကျန်ရှိနေသေးသော နေအိမ်များအား ဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်ကြရန် အသိပညာပေးနှိုးဆော်လျက်ရှိကြောင်း၊ နေအိမ်ပြိုပျက်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ ယခုအချိန်အထိ ထူးကဲဒီရေတက်သော သုံးရက်အတွင်း အမာမြို့နယ် ပင်လယ်ကမ်းစပ်ကျေးရွာ ၁၀ ရွာမှ လူနေအိမ် ၁၁၃ လုံး ပြိုကျပျက်စီးခဲ့ပြီး ၁၄၄ လုံးယိုင်နဲ့သွားကြောင်း၊ နေအိမ်အများစုမှာ ဓနိမိုး၊ ဓနိကာ ဝါးခင်းတဲအိမ်များ ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ကျပ်သိန်းပေါင်း ၁၂၅၇၇၃ သိန်းကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၅**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် မေ ၁ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြား၊ စိတ်ကြွအကြေမှုန့်၊ ဆေးခြောက်၊ ဗျူပရီနော်ဖင်း၊ အယ်ပရာဇိုလမ်ဆေးပြား၊ ဒိုင်ရာဇီပမ်၊ ဒိုင်ရာဇီပမ်ထိုးဆေး၊ မော်ဖင်းထိုးဆေး၊ Lutigesic ၊ Zoliuncarpa zolarn ၊ ကတ်တမင်း၊ Fantanyl နှင့် အက်ဖီဒရင်း စသည့် မူးယစ်ဆေးဝါးမျိုးစုံ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၃၃၆၉၂၅ ဒသမ ၉၃၄ သိန်းဖိုး ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၆၃၁ မှု ဖွင့်လှစ်အရေးယူနိုင်ခဲ့ကာ တရားခံ ၁၀၁၁ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂၀၁၈ ခုနှစ် မေ ၂ ရက်မှ ဩဂုတ် ၁၃ ရက်အထိ မူးယစ်ဆေးဝါးမျိုးစုံ ဖမ်းဆီးရမိမှုမှာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၉၁၄၃၀၊ စိတ်ကြွအကြေမှုန့် ၀ ဒသမ ၀၀၃၅ ကီလို၊ ဆေးခြောက် ၁၃ ဒသမ ၇၆၀၀၂ ကီလို စသည့် မူးယစ်ဆေးဝါး စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၂၅၇၇၃ ဒသမ ၇၉၅ သိန်းဖိုးတို့ကို သိမ်းဆည်းရမိခဲ့ပြီး အမှုပေါင်း ၉၄ မှု ဖွင့်လှစ်အရေးယူနိုင်ခဲ့ကာ တရားခံ ၁၃၂ ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်း၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၄ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၁၄၇၀၀ ပြား၊ စိတ်ကြွအကြေမှုန့် ၂ ဒသမ ၅၉၀၃ ကီလိုနှင့် ဆေးခြောက် ၀ ဒသမ ၁၅၄၉ ကီလိုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၈၄ မှု ဖွင့်လှစ်အရေးယူနိုင်ခဲ့ကာ တရားခံ ၁၂၈ ဦးအား ဖမ်းဆီးရမိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြား၊ စိတ်ကြွအကြေမှုန့်၊ ဆေးခြောက်၊ ဗျူပရီနော်ဖင်း၊ အယ်ပရာဇိုလမ်ဆေးပြား၊ ဒိုင်ရာဇီပမ်၊ ဒိုင်ရာဇီပမ်ထိုးဆေး၊ မော်ဖင်းထိုးဆေး၊ Lutigesic၊ Zoliuncarpa zolarn၊ ကတ်တမင်း၊ Fantanyl နှင့် အက်ဖီဒရင်း စသည့် မူးယစ်ဆေးဝါးမျိုးစုံ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၉၆၂၆၉၉ ဒသမ ၇၂၉ သိန်းဖိုး ဖမ်းဆီးရမိခဲ့ပြီး အဆိုပါမူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ အမှုပေါင်း ၇၂၅ မှု ဖွင့်လှစ်အရေးယူနိုင်ခဲ့ကာ တရားခံ ၁၁၄၃ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်ထူးကဲဒီရေကြိုတင်အသိပေးနှိုးဆော်ချက်ကြောင့် လှိုင်မြစ်ကမ်းဘေးနေ ပြည်သူများနှင့် စက်သမ္ဗန်စီးခရီးသွားများ အန္တရာယ်ကြုံတွေ့မှုမရှိခဲ့

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြို့ရှိ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပုဇွန်တောင်ချောင်းတို့တွင် ဒုတိယဝါဆိုလကွယ်နေ့မှစ၍ ထူးကဲဒီရေမြင့်တက်ခဲ့ရာ မြစ်ကမ်းဘေးတွင် နေထိုင်သော ပြည်သူများနှင့် ဘုရင့်နောင်လမ်းမကြီးဘေးရှိ မြို့နယ်အချို့တွင် နေထိုင်သော ပြည်သူတို့မှာ ဘေးအန္တရာယ်မရှိခဲ့ဘဲ လမ်းအချို့နှင့် နေအိမ်အောက်ခန်းအတွင်း ရေဝင်မှု နာရီဝက်ကျော်ကြာ ကြုံတွေ့ခဲ့ရပြီး ရန်ကုန်မြို့နှင့် ဒလမြို့နယ်တို့မှ မြစ်ကူးခရီးသွားလာကြသော ပြည်သူများမှာ ညနေ ပိုင်း ဒီရေတက်ချိန်တွင် သွားလာရသော်လည်း သုံးရက်တာ ဒီရေအတက်ကြမ်းချိန်တွင် အန္တရာယ်ကြုံတွေ့မှုမရှိခဲ့ကြောင်း သိရသည်။

“ဒီလို ဒီရေတက်တာမကြုံဖူးဘူး။ ဩဂုတ် ၁၁ ရက်က သိပ်မတက်ဘူး။ ဩဂုတ် ၁၂ ရက်နဲ့ ၁၃ ရက်က အတက်ကြမ်းဆုံးပဲ။ ရပ်ကွက်ထဲထိ ရေဝင်တယ်။ လမ်းနဲ့ အိမ်အောက်ထပ်တွေ ရေမြုပ်တယ်။ ကြိုတင်သတိပေးထားတော့ ပစ္စည်းတွေပြောင်းရွှေ့ထားတဲ့သူတွေက အခက်အခဲမရှိဘူး။ ဘုရင့်နောင်လမ်းမကြီးတစ်ဖက်က ဦးစလမ်းလည်း ရေမြုပ်တယ်။ ကွန်ကရစ်ခင်းထားတဲ့ လမ်းတွေတော့ မမြုပ်ဘူး။ မြစ်ဘေးကနေ ရပ်ကွက်အတွင်းဝင်တဲ့ ရေနုတ်မြောင်းတွေအားလုံး ပြုပြင်သင့်တယ်။ တိုက်အောက်ထပ်တွေမှာ ရေတင်တဲ့မော်တာတွေ မြုပ်ကုန်တာတော့ရှိတယ်” ဟု လှိုင်မြို့နယ်(၁)ရပ်ကွက်ရှိ ဘုရင့်နောင်လမ်းသွယ်အတွင်း မြစ်ရေဝင်ရောက်မှု ကြုံခဲ့ရသော ဦးမျိုးထွန်းရှိန်က ပြောသည်။

လှိုင်မြစ်မှ အင်ဂလိုင်ချောင်းအတွင်း ဝင်ရောက်လာသော မြစ်ရေကြောင့် လှိုင်သာယာမြို့နယ်အတွင်း ရပ်ကွက်အချို့ မြစ်ရေဝင်ရောက်ခဲ့ပြီး (၁၀)ရပ်ကွက်မှာ ရေဝင်ရောက်မှုများသည့်အတွက် ယာယီရွှေ့ပြောင်းနေထိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ကာ ရေပြန်ကျသွားသောကြောင့် ပုံမှန်အတိုင်း ပြန်လည်နေထိုင်လျက်ရှိသည်။ မြစ်ကမ်းဘေးတွင် နေထိုင်ကြသော ပြည်သူတို့မှာလည်း ထူးကဲဒီရေ သုံးရက်တက်ခဲ့မှုကြောင့် လှိုင်မြို့နယ်၊ မရမ်းကုန်း၊ အင်းစိန်နှင့် ရွှေပြည်သာ၊ ဒလ၊ တွံတေးမြို့နယ်တို့မှာ မြစ်ရေ အတက် အကျဒဏ်ကို အများဆုံးကြုံတွေ့ခဲ့ရသော်လည်း အန္တရာယ်မရှိကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် ဒလမြို့သို့ ဖြတ်သန်းရာတွင် စက်သမ္ဗန်မောင်းနှင်သူများက ခရီးသွားတို့ကို အထူးသတိပြုစီးနင်းရန်နှင့် အသက်ကယ်အင်္ကျီများကို ကိုယ်နှင့်မကွာ ဆောင်ထားကြရန် အဆိုပါ သုံးရက်အတွင်း အထူးသတိပေး ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ရန်ကုန် ကမ်းနားလမ်းတစ်လျှောက်တွင် ဩဂုတ် ၁၁ ရက်မှစ၍ ထူးကဲမြစ်ရေတက်ခဲ့၍ အနိမ့်ပိုင်းနေရာများ မြစ်ရေဝင်ရောက်ခဲ့ကာ ဒီရေအတက်အကျ မြန်ဆန်ခဲ့သော်လည်း ရန်ကုန်ဘက်ကမ်းသို့ ခရီးသွားလာသော အများပြည်သူ အန္တရာယ်ကြုံတွေ့မှုမရှိခဲ့ကြောင်း၊ ဩဂုတ် ၁၅ ရက်တွင် ပုံမှန်ဒီရေအတက်အကျအတိုင်းသာ မြစ်ရေတက်၊ ကျလျက်ရှိကာ ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ထူးကဲမြစ်ရေတက်ခဲ့ရာတွင် အများပြည်သူ ထိခိုက်အန္တရာယ်မရှိခဲ့ကြောင်း သိရသည်။ **သန်းထိုက်**



ရန်ကုန်မြို့ စဉ့်အိုးတန်းဆိပ်ကမ်းတွင် ထူးကဲဒီရေတက်စဉ်။ ဓာတ်ပုံ-သန်းစိုး

# စဉ့်ကူးမြို့နယ် ကျောက်အိုးချောင်းအတွင်းမှ တရားမဝင်ကျွန်းသစ်လုံး ၁၀၀ ကျော် သိမ်းဆည်းရမိ

**စဉ့်ကူး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ခူလယ်ကျေးရွာအုပ်စု ကြက်ဖြူတောင်ကျေးရွာတောင်ဘက် ကျောက်အိုးချောင်းအတွင်းမှ ငွေကျပ် ၉၉ သိန်းခန့်တန်ဖိုးရှိ ကျွန်းသစ် အလုံး ၁၀၀ (၂၂ ဒသမ ၃၃၄) တန်ကို ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီခွဲခန့်က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ စဉ့်ကူးမြို့မရဲစခန်းမှူး နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်မြင့်ထွေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မတ္တရာမြို့နယ် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဝင်း၊ စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ရဲမြင့်သန်း၊ ဧရာဝတီစစ်ကြောင်း (စဉ့်ကူး)မှ တောအုပ်မြင့်ဋ္ဌေးလှိုင်၊ သပိတ်ကျင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး မြတ်တိုးအောင်တို့ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေစဉ် ခူလယ်ကျေးရွာအုပ်စု ကြက်ဖြူတောင်ကျေးရွာ တောင်ဘက် လေးဖာလုံခန့်အကွာ ကျောက်အိုးချောင်းအတွင်းမှ တရားမဝင် ကျွန်းသစ်အလုံး ၁၀၀(၂၂ ဒသမ ၃၃၄)တန် ခန့်မှန်းကာလတန်ဖိုး ငွေကျပ် ၉၉ သိန်းခန့်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သော တရားမဝင်သစ်များကို စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနသို့ သယ်ဆောင် တိုင်းတာစစ်ဆေးလျက်ရှိပြီး ဒုတိယရဲအုပ်မြင့်ထွေး၊ စဉ့်ကူးမြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်စိုးနှင့် နယ်ထိန်းခေါင်းဆောင်တို့က တရားမဝင် သယ်ဆောင်ရောင်းဝယ် လုပ်ကိုင်သူ သစ်မှောင်ခိုများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ထောက်လှမ်းစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းဇော်ဦး (ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ ထူးကဲဒီရေမြင့်တက်မှုကြောင့် အခြေခံပညာကျောင်း လေးကျောင်း ထပ်မံ၍ ယာယီပိတ်

**ထန်းတပင် ဩဂုတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ထူးကဲဒီရေမြင့်တက်လာမှု အခြေအနေကြောင့် ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း လေးကျောင်းကို ဩဂုတ် ၁၅ ရက်တွင် ထပ်မံ၍ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထူးကဲဒီရေမြင့်တက်လာမှုကြောင့် အ.မ.က (ချောင်းညီအကို)၊ အ.မ.က (စက်စု)၊ အ.မ.က (မော့သော့ကုန်း)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (လမုတန်းကြီး) စုစုပေါင်း လေးကျောင်းတို့တွင် ကျောင်းဝင်းအတွင်းနှင့် စာသင်ခန်းမဆောင်အတွင်းသို့ ရေဝင်ရောက်မှု အခြေအနေများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ကျောင်းသား ကျောင်းသူ ကလေးငယ်များ ဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ကျောင်းအား နှစ်ရက် ယာယီပိတ်ထားပေးမည် ဖြစ်သည်။

**ဇင်မင်းထိုက် (ပြန်/ဆက်)**



ရန်ကုန်မြစ်၏ ထူးကဲဒီရေတက်ရောက်မှုလျော့နည်းသွားသော်လည်း ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ဒလမြို့နယ် ဝန်ထမ်းအိမ်ရာ သင်္ဘောဆိပ်၊ ဆိပ်ခံတံတားပေါ်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်စိုးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရေကြောင်း ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။ အုံ့ကြီးမောင်(ဒလ)

# ရွှေကျင်မြစ်ရေ ရွှေကျင်မြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# နတ်တလင်း၌ မြစ်ရေဝင်မှုကြောင့် ကျောင်းပိတ်ထား

**နတ်တလင်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရေမွှေးကျေးရွာ အလယ်တန်းကျောင်း၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဧရာဝတီမြစ်ရေဝင်လာမှုတို့ကြောင့် ကျောင်းဝင်းအတွင်း ရေအနက် သုံးပေခန့်ဝင်ရောက်ခဲ့သဖြင့် ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ ကျောင်း ခုနစ်ရက်ပိတ်ထားမည်ဖြစ်ကြောင်း၊ အဆိုပါ အလယ်တန်းကျောင်းတွင် KG တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ၁၅၅ ဦး၊ ကျောင်းသူ ၁၆၂ ဦး စုစုပေါင်း ၃၁၇ ဦးရှိပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာအေးနှင့် ဆရာ ဆရာမ ၁၂ ဦးရှိကြောင်း၊ ယင်းကျောင်းပိတ်ရက်များအစား အပတ်စဉ် အဖိတ်နေ့များတွင် ရက်အစားထိုး၍ စာသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ





**နေပြည်တော် ဩဂုတ် ၁၅**

၂၀၁၈ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။ **(ဓာတ်ပုံ)**

အမျိုးသားဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ရာတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ခြောက်ဂိုး- ငါးဂိုး၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို လေးဂိုး-တစ်ဂိုး၊ အမျိုးသမီးဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ရာတွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို လေးဂိုး-သုံးဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်မည့်နိုင်ငံအသီးသီး၏ အားကစားအဖွဲ့ခေါင်းဆောင်များ အစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၅**

အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်မြို့(ဂျကာဘားရီး) အားကစားရုံရှိ အစည်းအဝေး ခန်းမ၌ ကျင်းပသည့် အားကစားအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပခဲ့ရာ အာရှအားကစားပြိုင်ပွဲဝင် အာရှနိုင်ငံအသီးသီးမှ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့် ပန်လက်ဘမ်းမြို့တွင် ပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး တက်ရောက်ခဲ့ပြီး အားကစားအဖွဲ့ခေါင်းဆောင်များမှ နေထိုင်စားသောက်ရေး၊ သယ်ယူပို့ဆောင်ရေးအဆင်မပြေမှု ကိစ္စရပ်များကို တင်ပြကြရာ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၄၄)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း(အမျိုးသား / အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်တံခွန်စိုက်ဒိုင်း (အမျိုးသား/အမျိုးသမီး) (၄၄)ကြိမ်မြောက် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံတွင် ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး တက်ရောက်ဖွင့်လှစ်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**



ထို့နောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပခဲ့ပြီး ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ တပ်ဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များနှင့် ရဲလေ့ကျင့်ရေးကျောင်းများမှ အမျိုးသား/အမျိုးသမီး စုစုပေါင်း ၃၃ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ရိုးမားအသင်းသည် ဆီဗီလာကွင်းလယ်ကစားသမား အင်န်ဆွန်ဇီကို ပေါင် ၂၇ ဒသမ ၃ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် ၂၉ နှစ်အရွယ် အင်န်ဆွန်ဇီသည် ရိုးမားအသင်းနှင့် လေးနှစ်စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ကနဦးပြောင်းရွှေ့ကြေး ပေါင် ၂၃ ဒသမ ၇ သန်း ပေးချေရမည်ဖြစ်ကာ အပိုထပ်ဆောင်းအဖြစ် ပေါင် ၃ ဒသမ ၆ သန်း ပေးချေရမည်ဖြစ်ကြောင်းလည်း သိရသည်။ ၂၀၁၆ ခုနှစ်တွင် ယူရိုပါလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော အဆိုပါ ကစားသမားသည် ဆီဗီလာအသင်းနှင့် သုံးနှစ်ကြာလက်တွဲခဲ့သူဖြစ်ကာ ယခုလို အသင်းနှင့် လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ရိုးမားအသင်းသည် လာမည့် ဩဂုတ် ၁၉ ရက်တွင် စီးရီးအေအဖွင့်ပွဲစဉ်အဖြစ် တိုရီနိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။
- ဂျူဗင်တပ်စ်အသင်းမှ ခရိုအေးရှားတိုက်စစ်ကစားသမား မန်ဇူကစ်သည် နိုင်ငံတကာကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်သည်။ အသက် ၃၂ နှစ်အရွယ် အဆိုပါ တိုက်စစ်ကစားသမားသည် ခရိုအေးရှားအသင်း ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ ရောက်ရှိခဲ့ရာ၌ အရေးပါသော အခန်းကဏ္ဍမှပါဝင်နိုင်ခဲ့သူဖြစ်ကြောင်းလည်း သိရသည်။ ၂၀၁၅ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာသော မန်ဇူကစ်သည် ခရိုအေးရှားအသင်းအတွက် ၈၉ ပွဲ ပါဝင်ကစားထားရာ ၃၃ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။
- လက်စတာအသင်း၏ အသက် ၂၅ နှစ်အရွယ် အင်္ဂလန်နောက်ခံကစားသမား ဟယ်ရီ မက်ဂွိုင်ရီသည် အသင်း၌ တစ်ပတ်လုပ်ခ ပေါင် ၇၅၀၀၀ ဖြင့် သက်တမ်းတိုးစာချုပ်ရန် နီးစပ်လာပြီဖြစ်ကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးပြီးနောက် အားလပ်ရက်မှ ပြန်လာပြီး လေးရက်အကြာ ပြီးခဲ့သည့် သောကြာနေ့ညက ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် ပွဲချိန်ပြည့်ပါဝင်ခဲ့ကြောင်း သိရသည်။ လက်စတာစီးတီးအသင်းသည် လာမည့် ဩဂုတ် ၁၈ ရက်တွင် အိမ်ကွင်း၌ တန်းတက်ဝုဖ်အသင်းကို ဧည့်ခံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။
- ဘော်ဒိုးအသင်း နည်းပြ ဂုစ်ပိုရက်သည် အသက် ၃၀ အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ကတ်တာမိုးကို အငှားဖြင့် ခေါ်ယူရေးနှင့်ပတ်သက်ပြီး ဆန်းဒါးလန်းအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဂါးဒီးယန်း၏ ဖော်ပြချက်အရ သိရသည်။
- တောင်ပံကစားသမား ဇာဟာသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ဆွစ်ဇာလန်ကလပ် စီယွန်အသင်းသည် ကင်မရွန်းနှင့် ဘာစီလိုနာကွင်းလယ်ကစားသမားဟောင်း အဲလက်စ်ဆောင်းကို အငှားဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**




(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာနှင့် ပလန်ဘန်မြို့တို့၌ ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည့် အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာလှေလှော်(Rowing) အားကစားအဖွဲ့ ဩဂုတ် ၁၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်တို့က ပို့ဆောင်နှုတ်ဆက်စဉ်။

တင်စိုး(မြန်မာ့အလင်း)

● ကျောဖုံးမှ

မြောက်ကိုရီးယားအသင်း ဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း မြန်မာဂိုးသမား ကျော်ဇင်ထက် ကာကွယ်နိုင်ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် မိနစ် ၂၀ နောက်ပိုင်းတွင် မြောက်ကိုရီးယားဘက်သို့ ပြန်လည်ခြိမ်းခြောက်လာနိုင်ပြီး အောင်သူ၊ မောင်မောင်လွင်နှင့် ရန်နိုင်ဦးတို့ တိုက်စစ်အတွဲက အလုပ်ဖြစ်ခဲ့သည်။ မြန်မာအသင်းသည် ဂိုးရနိုင်သည့်အခွင့်အရေးများ ဖန်တီးလာနိုင်ပြီး မောင်မောင်စိုး၊ လှိုင်းဘိုဘိုနှင့် အောင်သူတို့ အသုံးမချနိုင်ခဲ့၍ စောစီးစွာ ဂိုးမရခဲ့ခြင်းဖြစ်သည်။

၄၅ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး အောင်သူ ဖန်တီးပေးသော ဘောလုံးကို မောင်မောင်လွင်က ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြောက်ကိုရီးယားအသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာသလို မြန်မာအသင်းကလည်း ဂိုးပြန်မပေးရရေးအတွက် ခံစစ်ကစားသမားများထည့်ကာ ခံစစ်အားပြုကစားခဲ့သည်။

၅၅ မိနစ်တွင် မြောက်ကိုရီးယားအသင်း ဂိုးပြန်ရခဲ့ပြီး ချန်ကွတ်ချိုက သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြောက်ကိုရီးယားအသင်း ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး ကျော်ဇင်ထက် လက်စွမ်းပြကာကွယ်နိုင်ခဲ့၍သာ ဂိုးထပ်မပေးရခြင်းဖြစ်သည်။ မြန်မာအသင်းသည် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ပြီး ၆၇ မိနစ်တွင် အောင်သူ ကန်ခွင့်ရခဲ့သော်လည်း ဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။ အုပ်စု (စ) အခြားပွဲတွင် အီရန်နှင့် ဆော်ဒီအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဩဂုတ် ၁၇ ရက်တွင် ဆော်ဒီအာရေဗျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီ ဗုဒ္ဓပူဇနီယပွဲတော် ပထမအကြိမ်မြောက် လှေလှော်ပြိုင်ပွဲ ထည့်သွင်းကျင်းပ

**ပုဂံ ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ရှိ လောကနန္ဒာစွယ်တော်မြတ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ပထမအကြိမ်အဖြစ် ထည့်သွင်းကျင်းပသည့် လှေလှော်ပြိုင်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက အဆိုပါ လောကနန္ဒာ စွယ်တော်မြတ်စေတီတော်အနီး ဧရာဝတီမြစ်ကမ်းဘေး ယာယီမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အတွင်းရှိ လှေလှော်ပြိုင်ပွဲဝင်အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

“ကျွန်တော်တို့ ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် ဝါခေါင်လဆန်း ၁ ရက်နေ့မှ ဝါခေါင်လကုန်အထိ တစ်လကြာ ကျင်းပတာဖြစ်ပါတယ်။ ဒီနှစ်မှာ တစ်မူထူးခြားစွာနဲ့ ဗုဒ္ဓပူဇနီယပွဲတော်ကို လာရောက်ကြတဲ့ ဘုရားဖူးဧည့်သည်တွေ စိတ်အပန်းဖြေနိုင်ရေးအတွက် ပထမအကြိမ် လှေလှော်ပြိုင်ပွဲကို ထည့်သွင်းကျင်းပတာဖြစ်ပါတယ်။ လောကနန္ဒာစွယ်တော်မြတ်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကြီး စည်ကားသိုက်မြိုက်စေရေးအတွက် လှေလှော်ပြိုင်ပွဲအပြင် ဂိုးကျည်း ဘောလုံးပြိုင်ပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်သဘင်ပွဲတွေကိုလည်း ထည့်သွင်းကျင်းပပြုလုပ်သွားမှာဖြစ်လို့ ဘုရားဖူးပြည်သူများ ဘုရားဖူးရင်း ပျော်ပွဲရွှင်ပွဲများကို စိတ်အပန်းဖြေ ဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်”ဟု ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီတော် ဂေါပကဥက္ကဋ္ဌ ဦးချစ်စိန်က ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ချမ်းမြသာစည်မြို့နယ်နှင့် သာစည်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၁၅**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၃ နာရီက ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် အောင်စေတနာလမ်း ၄၉ လမ်း × ၅၀ လမ်းကြား နန်းထိုက်ပန်အအေးခန်း ဧည့်ရိပ်မွန် အခန်းအမှတ်-၂၀၅ ကိုရှာဖွေရာ ရဲမင်းသိန်း(ခ)ရသ၊ မျိုးတင့်နှင့် မခေမီ(ခ)မဗျာတားမီး တို့ကို တွေ့ရှိရပြီး အိပ်ရာခုတင်ဘေး စားပွဲခုံပေါ်နှင့် ရေချိုးခန်းမှန်တင်ခုံပေါ်တို့မှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅၅ ပြားနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို လည်းကောင်း။ **(ယာပုံ)**

အလားတူ ည ၁၁ နာရီ ၅ မိနစ်က သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ သော်တာဝင်း တိုးဂိတ်အနီးတွင် အောင်လံမိုး မော်တော်ယာဉ်အသင်း ခရီးသည်ယာဉ်ကို ရှာဖွေရာ ခရီးသည် သန်းမင်းထွန်း(ခ)သန်းမင်း၏ ဆာလာအိတ်ထဲရှိ ဆီတို့ဟူးများ အတွင်း အပြာရောင်ကပ်ခွာအိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ရဲမင်းသိန်း(ခ)ရသ(၃၅ နှစ်)၊ မျိုးတင့်(၂၆ နှစ်)၊ မခေမီ(ခ) မဗျာတားမီး(၂၀ နှစ်)နှင့် သန်းမင်းထွန်း(ခ)သန်းမင်း(၄၀ နှစ်) တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# သံဖြူဇရပ်၊ တောင်ကြီးနှင့် လားရှိုး၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၅**

သံဖြူဇရပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာအုပ်စု ဘုရားလေးဆူကျေးရွာ ရေပူလမ်းနေ ထွန်းသန်း(ခ)သားငယ်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၇ ပြား၊ တရုတ်နိုင်ငံထုတ် PARYAR အမျိုးအစား ပစ္စတိုတစ်လက်နှင့် ယင်းကျည် ၁၇ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့အဝင် ၄ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်မော်တော်ယာဉ် နောက်ခန်း၌ လိုက်ပါလာသည့် ကျော်ကျော်ဆင့်နှင့် ဝင်းဟိန်းတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် ၈၀/၄ အနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် မင်းသိမ်းကျော် မောင်းနှင်လာသည့် မတ်တူးအမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ ဘိန်းဖြူ ၁၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့၍ ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၅**

မူးယစ်တပ်ဖွဲ့စု(၄၅) ရန်ကုန်လေဆိပ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၁၀ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာဆောင် Terminal -1 Inline Reject X-Ray စက်တွင် မလေးရှားလေကြောင်းလိုင်းဖြင့် ရန်ကုန်လေဆိပ်မှ မလေးရှားလေဆိပ်သို့လိုက်ပါမည့် ခရီးသည် အောင်မျိုးမင်း(ခ) ငမင်း၏ ပါဆယ်ထုပ်ကို X-Ray စက်ဖြတ်သန်းစဉ် မသင်္ကာ၍ အောင်မျိုးမင်း(ခ) ငမင်း၊ ပါဆယ်ထုပ်ထည့်ပေးသူ မမြမြဝင်းတို့အား ခေါ်ဆောင်၍ ဖွင့်ဖောက်စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးစဉ် အိတ်အတွင်း မိန်းမစီးကတ္တီပါဖိနပ် အရန် ၄၀ နှင့် ပါတိတ်အထည် ၂၀ အားတွေ့ရှိရပြီး ဖိနပ် ၁၁ ရန်၏ အံ့ဝှက်ပြုလုပ်ထားသည့် ဖိနပ်ခွာများအတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ မမြမြဝင်းသည် စိတ်ကြွရူးသွပ်ဆေးပြားများအား ခင်မာလာ(ခ)မော်လီမှတစ်ဆင့် ဆက်သွယ်၍ ခရီးသည် အောင်မျိုးမင်း(ခ)ငမင်းနှင့်အတူ မလေးရှားနိုင်ငံသို့ ထည့်ပေးခြင်းဖြစ်သဖြင့် မမြမြဝင်း(၅၂နှစ်)၊ ခင်မာလာ(ခ) မော်လီ(၄၁ နှစ်)နှင့် အောင်မျိုးမင်း(၃၀ နှစ်)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# မင်္ဂလာဒုံတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးအမှု၌ စွပ်စွဲခံရသူတို့အား စွဲချက်တင် အမိန့်ချမှတ်ပြီးနောက် ပြန်ခေါ်သက်သေနှစ်ဦး မလာရောက်နိုင်၍ စစ်ဆေးမှု ပြုလုပ်နိုင်ခြင်းမရှိ

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၅ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၂၀၀ တရားလို ဒုတိယရဲမှူး ဝင်းမြင့်၊ စွပ်စွဲခံရသူ ကိုမင်းဦးခိုင်-ပါ (၁၀) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ဆိုင်ရာ ဥပဒေပုဒ်မ ၂၀(က)/၂၁ အရ စွဲဆိုထားမှုနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင် တရားရုံး တရားခွင်-၆ သို့ စွပ်စွဲခံရသူများ ယနေ့နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ကြသော်လည်း ပြန်ခေါ်သက်သေများ မလာရောက်သဖြင့် စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိကြောင်း ခရိုင်ဒုတိယတရားသူကြီး ဦးရဲလွင်ထံမှ သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ခရိုင်ဒုတိယတရားသူကြီး ဦးမောင်မောင်အေးက"ဒီကနေ့ ၂၀၁၅ ခုနှစ်ကတည်းကစစ်ဆေးနေတဲ့ မူးယစ်ဆေးဝါးအမှုကနေ ပြန်ခေါ်သက်သေနှစ်ဦး စစ်ဆေးဖို့ ချိန်းဆိုထားပေမယ့် အခြားကိစ္စတွေနဲ့ တိုက်ဆိုင်နေလို့ မလာရောက်နိုင်တဲ့အတွက် ရုံးချိန်းပေါင်း ၉၄ ချိန်းမှာ စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိပါဘူး။ ဒီ့အတွက် ပြန်ခေါ်သက်သေနှစ်ဦးကို ဩဂုတ် ၂၉ ရက်ကို ပြန်လည်ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

၂၀၁၅ ခုနှစ် ဇေကမ္ဘာဝင်းအတွင်း လမ်းမပေါ်ရှိ ကွန်တိန်နာယာဉ်ငယ်ပေါ်တွင် ငွေကျပ် ၁၃၃ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို သိမ်းဆည်းရမိခဲ့ခြင်း၊ ဒါရိုက်တာ ကိုမင်းဦးခိုင်၏ နေအိမ်ကို ရှာဖွေရာတွင်လည်း စိတ်ကြွရူးသွပ်ဆေးပြားပေါင်း နှစ်သန်းကျော် သိမ်းဆည်းရမိခဲ့ခြင်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်းရှိ ကုမ္ပဏီရုံးချုပ်တွင်လည်း ကျပ် ၇ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရမိခဲ့ခြင်း အမှုဖြစ်ကြောင်း ယခင်အချိန်က နေ့စဉ်ထုတ် သတင်းစာမျက်နှာများတွင်လည်း ဖော်ပြပါရှိပြီးဖြစ်သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကွတ်ခိုင်မြို့နယ် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ ဆက်ကြေးကောက်မှုဖြစ်ပွား

**ကွတ်ခိုင် ဩဂုတ် ၁၅**

ကွတ်ခိုင်မြို့၏ အရှေ့မြောက်ဘက် ၁၆ မိုင်ခန့်အကွာ လားရှိုး-မူဆယ် ပြည်ထောင်စု လမ်းမကြီး မိုင်တိုင်အမှတ် ၂၃၈ တွင် အမည်မသိအဖွဲ့က ဆက်ကြေးကောက်မှု ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၆ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကွတ်ခိုင်မြို့နယ် နမ့်ဖလွန်းကျေးရွာနှင့် မန်လွယ်ကျေးရွာကြား လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ် မိုင်တိုင်အမှတ် ၂၃၈ ဝါးရုံတောကွေ့အနီးတွင် ခေါင်းဆောင်/အင်အား (အမည်မသိ)အဖွဲ့သည် လမ်းဘေးတွင် နေရာယူ၍ လမ်းပေါ်သို့ လက်နက်ငယ်ကိုယ်စီကိုင် သုံးဦးခန့်က ဖြတ်သန်းသွားလာနေသော ယာဉ်များကို ဆက်ကြေးကောက်ခဲ့ရာ လားရှိုးမှ မူဆယ်ဘက်သို့ ယာဉ်မောင်း ကျော်ဇင်ဆိုသူ မောင်းနှင်လာသည့် Wish အဖြူရောင်ယာဉ်ကို ရပ်တန့်ခိုင်းရာ ယာဉ်မောင်းက မရပ်တန့်ဘဲ မောင်းနှင်သွားသဖြင့် ပစ်ခတ်ခဲ့ရာ ယင်းယာဉ်၏ ယာဘက် ရှေ့ခွေနှစ်ချက်၊ ယာဘက်အနီး ကိုယ်ထည်နှစ်ချက်ထိမှန်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကွတ်ခိုင်မှ မူဆယ်ဘက်သို့ မောင်းနှင်လာသော တပ်မတော်ယာဉ်တန်းများ ရောက်ရှိလာသဖြင့် အဆိုပါ လက်နက်ကိုင်အဖွဲ့မှာ လမ်း၏ ဝဲဘက်တောင်ကြောသို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

**ဆိုင်ဖြူ(ပြန်/ဆက်)**

# လှည်းကူး၌ တရားမဝင်ကညင်ခွဲသားများ တင်ဆောင်လာသောယာဉ်တစ်စီး တိမ်းမှောက်

**လှည်းကူး ဩဂုတ် ၁၅**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၅/၂ နှင့် ၁၅/၃ အကြား တွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲက တရားမဝင် ကညင်ခွဲသားများ တင်ဆောင်လာသော Alphard ယာဉ်တစ်စီးတိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။



ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ရန်ကုန်ဘက်သို့ မောင်းနှင်လာသော Alphard အမျိုးအစားယာဉ်သည် ရှေ့တွင် 2L/---- ယာဉ်အမှတ် တပ်ဆင်ထားပြီး ယာဉ်၏အနောက်ဘက်တွင် 9J/---- ယာဉ်အမှတ် တပ်ဆင်ထားကာ မိုင်တိုင်အမှတ် ၁၅/၂ နှင့် ၁၅/၃ အကြားတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါရှိသူတို့မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းအရ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူလင်း၊ အမှတ်(၃)လမ်းဆုံအမြန်လမ်းရဲတပ်ဖွဲ့မှ ရဲအုပ် အောင်သန်းဦးပါ ပူးပေါင်းအဖွဲ့သည် ယာဉ်ကို ရှာဖွေစစ်ဆေးရာ တရားမဝင် ကညင်ခွဲသား(ခန့်မှန်း ၁ ဒသမ ၅ တန်) ခန့်၊ ယာဉ်အတွင်းမှ 2L/----- ယာဉ်၏ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် တစ်ခု သိမ်းဆည်းရမိပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ်(၃) အမြန်လမ်း ရဲစခန်းမှ ယာဉ်အားသိမ်းဆည်းပြီးအမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# ရေပူစစ်ဆေးရေးအဖွဲ့ ပိတောက်ခွားရွေနှင့် ကျောက်စိမ်းဖြတ်စများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၅၈ စီး၊ သွင်းကုန် အစီး ၆၃၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄ ဒသမ ၁၄၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄ ဒသမ ဝ၇ဝ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈ ဒသမ ၂၁၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ Toyota Crown (Royal Extra) ယာဉ်တစ်စီးနှင့် Mitubshi Grandis ယာဉ်တစ်စီးတို့အား ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် တရားမဝင် ပိတောက်ခွားရွေ (ဝ ဒသမ ၁၉၉၆ တန်)၊ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဖြတ်စဆိုက်စုံ ၈၅၇ တုံးနှင့် အဆိုပါ ပစ္စည်းများ သယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄ ဒသမ ၁၄၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၆-၈-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **"စီးပွားရေးစကားဝိုင်း" (ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား) (ပထမပိုင်း)**
၉း၁၅ - လှပစုံလင် အာဆီယံတစ်ခွင်
၁၀း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲက ဘဝ"မေတ္တာပရဝဏ်"
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၄)
၁၄း၃၅ "မြန်မာနိုင်ငံရှိ လူကုန်ကူး ခံရသူများအတွက် အခွင့်အရေးနှင့် ပြစ်မှုတရားစီရင်ရေးလုပ်ထုံးလုပ်နည်းများ"

**ညပိုင်း**

၁၆း၃၅ - "အဖြူရောင်ရေခွက်ကလေးရဲ့ဒိုင်ယာရီ"
၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈း၂၅ - မျက်မှောက်ရေးရာ အဖြာဖြာ
၁၈း၅၀ - "CHOICE" (အပိုင်း-၇၇)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၅)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - **စီးပွားရေးစကားဝိုင်း "ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား" (ဒုတိယပိုင်း)**
- Britain's Got Talent (11)
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ခင်မောင်ချင်း)



# အီတလီနိုင်ငံတွင် ယာဉ်သွားတံတားတစ်ခုပြိုကျမှုကြောင့် ၃၅ ဦး သေဆုံး

**ရောမ ဩဂုတ် ၁၅**

အီတလီနိုင်ငံ အနောက်မြောက်ပိုင်းဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ဂျီနိုအာမြို့တွင် ဩဂုတ် ၁၄ ရက်က ယာဉ်သွားတံတားတစ်ခုပြိုကျမှုဖြစ်ပွားခဲ့ရာ ဥရောပ တစ်ခွင် ၂၀၀၁ ခုနှစ် နောက်ပိုင်း လူသေဆုံးမှုအများဆုံးဖြစ်ခဲ့သည့် တံတားပြိုကျမှုတစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါတံတားပြိုကျမှုဖြစ်စဉ်တွင် နောက်ဆုံးရသတင်းများအရ ၃၅ ဦးခန့် သေဆုံးခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုရန်ဒီဟုအမည်ပေးထားသော အဆိုပါတံတားမှာ မီတာ ၁၀၀ခန့် ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ တံတားပြိုကျမှုဖြစ်ပွားချိန်တွင် ယာဉ်အစီး ၂၀ ခန့် မောင်းနှင်သွားလာနေရာ လူအတော်များများ ကားများတွင် ပိတ်မိနေကြောင်း ဒေသခံအရန်မီးသတ်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ တံတားပြိုကျမှုဖြစ်ပွားချိန်တွင် မိုးသည်းထန်စွာ ရွာသွန်းနေကြောင်း သိရသည်။

တံတားပြိုကျပျက်စီးရသည့် အကြောင်းများအနက် တစ်ခုမှာ တံတားတည်ဆောက်ပုံအနေအထားလိုအပ်မှုကြောင့်ဖြစ်နိုင်ကြောင်း ဒေသခံမီဒီယာများတွင် ဖော်ပြထားသည်။

ကယ်ဆယ်ရေးသမားများသည် တံတားပြိုကျမှုတွင် ပျောက်ဆုံးနိုင်ဖွယ်ရှိသူများကို ဆက်လက်ရှာဖွေမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ယင်းတံတားပြိုကျမှုသည် နှစ်ပေါင်း ၂၀ အတွင်း အလွန်ဆိုးရွားသော မတော်တဆဖြစ်ရပ်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# ရွေးကောက်ပွဲအပြီး ကမ္ဘောဒီးယား၌ တည်ငြိမ်မှုရှိဟု ဝန်ကြီးချုပ်ပြော

**ဖနောင်ပင် ဩဂုတ် ၁၅**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်သည် မကြာသေးမီက ပြုလုပ်ခဲ့သော ရွေးကောက်ပွဲအပြီး ၎င်း၏ အာဏာရပါတီသည် အနိုင်ရရှိခဲ့ပြီး တိုင်းပြည်၏အခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့က ပြောခဲ့သည်။

ဖနောင်ပင်အနောက်ပိုင်း ဆန်ဆွတ်ခရိုင်တွင် အထည်ချုပ်စက်ရုံအလုပ်သမားများကို မိန့်ခွန်းပြောရာ၌ ဝန်ကြီးချုပ်က တိုင်းပြည်၏အခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း၊ စီးပွားရေးမှာလည်း ပုံမှန်တိုးတက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ရွေးကောက်ပွဲပြီးနောက် ပြည်သူများမှာ ပုံမှန်စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့အပြင် ယခုနှစ်အတွင်း မြေဈေးနှုန်းမှာ တက်လျက်ရှိကြောင်း ဟွန်ဆန်က ပြောသည်။ တိုင်းပြည်၏ စီးပွားရေးမှာ အထည်ချုပ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်အိမ်ခြံမြေလုပ်ငန်းများတွင် တိုးတက်လျက်ရှိကြောင်း၊ ငွေကြေးဖောင်းပွမှုမှာလည်း ယခုနှစ်တွင် နှစ်ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ပြောကြားခဲ့သည်။

အရာအားလုံးကိုလွှမ်းခြုံကြည့်လျှင် ကမ္ဘောဒီးယားနိုင်ငံ၏ အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း အသက် ၆၇ နှစ်အရွယ် ဝန်ကြီးချုပ်က ပြောသည်။

ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သော (၆) ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဟွန်ဆန်၏ ကမ္ဘောဒီးယား ပြည်သူ့ပါတီက ၇၆ ဒသမ ၈၄ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။

သောင်ပြိုကမ်းပြိုအနိုင်ရရှိမှုသည် အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ ခေါင်းဆောင်မှုကို ယုံကြည်သည်ဟု သက်ရောက်ကြောင်း၊ ပြည်သူများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရမည်ကို ကောင်းစွာနားလည်သဘောပေါက်ကြောင်း၊ လက်ရှိအာဏာရပါတီသည် တိုင်းပြည်ကို ဦးဆောင်နိုင်စွမ်းရှိသည်ဟု ယုံကြည်ကြကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# နိုင်ဂျီးရီးယား၌ ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၂၈ ဦးရှိ

**အဘူဂျာ ဩဂုတ် ၁၅**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကန်ဂိုပြည်နယ်တွင် လွန်ခဲ့သည့် ခုနစ်လတာကာလအတွင်း ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၂၈ ဦးရှိခဲ့ကြောင်း ဒေသဆိုင်ရာ အရာရှိတစ်ဦးက မကြာသေးမီက ပြောကြားခဲ့သည်။

လွန်ခဲ့သော ခုနစ်လအတွင်းက ကန်ဂိုပြည်နယ်ရှိ ဒေသ ၃၃ ခုတွင် ကာလဝမ်းရောဂါသံသယရှိသူ ၄၀၀ ကျော် တွေ့ရှိခဲ့ရာ စစ်ဆေးချက်များအရ အတည်ပြုနိုင်သူ ၅၀ ရှိခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးဌာန၏ တာဝန်ရှိသူ ကာဘီရူဂတ်ဆိုက မီဒီယာများကို ပြောခဲ့သည်။

လက်ရှိအချိန်တွင် ကာဘီရူဂတ်ဆိုက ကာလဝမ်းရောဂါဟု အတည်ပြုထားသူ ၅၀ ရှိသည့်အနက် အနည်းဆုံး ၂၈ ဦး သေဆုံးခဲ့ကြောင်း၊ ကန်ဂိုပြည်နယ်အစိုးရအနေဖြင့် ကာလဝမ်းရောဂါ ပြန့်ပွားမှုမရှိအောင် ထိန်းချုပ်ဆောင်ရွက်လျက်ရှိကြောင်း ပြောခဲ့သည်။

မြို့တော်အဘူဂျာ၏ နေရာအတော်များများတွင်လည်း ကာလဝမ်းရောဂါ ဖြစ်ပွားလျက်ရှိရာ သေဆုံးသူ ခုနစ်ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မကြာသေးမီက ပြောခဲ့သည်။

**ဆင်ဟွာ**

# ချီလီနိုင်ငံတွင် ဘိုးဘွားရိပ်သာတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦးသေဆုံး

**ဆန်ဒီယာဂို ဩဂုတ် ၁၅**

ချီလီနိုင်ငံအလယ်ပိုင်း ဘီရိုဘီရိုဒေသ ချီဂွါရန်တီမြို့ရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် ဩဂုတ် ၁၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦးသေဆုံးပြီး တစ်ဦး မီးလောင်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုသည် ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ ဘန်ဂလိုတစ်ခုတွင် မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးစတင်လောင်ခဲ့သော ဘန်ဂလိုအတွင်း နေထိုင်သူ အဘွားအို ၁၃ ဦးရှိရာ ၁၀ ဦးသေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသ ဆိုင်ရာ အာဏာပိုင်တစ်ဦးက ပြောခဲ့ သည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် ချီလီနိုင်ငံ သမ္မတဆီဘတ်ရှန်ပီနီရာနှင့် ပြည်ထဲရေးဝန်ကြီး အန်ဒရီချက်ဝှစ်တို့က အခင်းဖြစ်ပွားရာနေရာကို သွားရောက်ခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းနှင့် ဘိုးဘွားရိပ်သာသည် သမိုင်းရှည်ကြာ နာမည်ကျော်ကြားခဲ့သော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ယခုလို မီးလောင်မှု ဖြစ်ပွားပြီး ဘိုး၊ ဘွားများ သေဆုံးခဲ့သည့်အတွက် တာဝန်ရှောင်လွှဲမှု လုပ်လို့ရမည်မဟုတ်ကြောင်း ချီလီသမ္မတ ဆီဘတ်ရှန်ပီနီရာက ပြောခဲ့သည်။

လျှပ်စစ် ချွတ်ယွင်းမှုကြောင့် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်နိုင် ကြောင်း ချီဂွါရန်တီမြို့၏ မြို့တော်ဝန်က ပြောသည်။

**ဆင်ဟွာ**




# စစ်ပွဲပြီးဆုံးခြင်း အောက်မေ့ဖွယ်အခမ်းအနား ဂျပန်နိုင်ငံ၌ ကျင်းပ




**တိုကျို ဩဂုတ် ၁၅**

ဂျပန်နိုင်ငံရှိပြည်သူများသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း အထိမ်းအမှတ်ပွဲ ကျင်းပလျက်ရှိသည်။ တိုကျိုမြို့ နိပွန်ဘူဒိုဂန်ခန်းမတွင် လူထောင်နှင့်ချီ၍ စုဝေးခဲ့ကြပြီး ဩဂုတ် ၁၅ ရက်ရောက်တိုင်း အဆိုပါအခမ်းအနားကို ကျင်းပကြသည်။ ဂျပန်ဘုရင် အာကီဟီတိုနှင့်မိဖုရား မီချီကိုတို့သည် ယခုအခမ်းအနားကို နောက်ဆုံးအကြိမ် တက်ရောက်ခြင်းပင်ဖြစ်သည်။ ဂျပန်ဘုရင်သည် လာမည့်နှစ်ဧပြီလတွင်ထီးနန်းစွန့်မည်ဖြစ်သည်။ လွန်ခဲ့သော ၇၃ နှစ်က စစ်ပွဲအတွင်း လူပေါင်း သုံးသန်းကျော်သေဆုံးခဲ့ရပြီး ယင်းအထိမ်းအမှတ်အခမ်းအနားကို လူပေါင်း ၆၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဂျပန်ဘုရင် အာကီဟီတိုက စစ်ပွဲပြီးနောက် ငြိမ်းချမ်းသောလပေါင်းများစွာကိုဖြတ်သန်းရင်း အတိတ်ကာလက အကြောင်းအရာများကို နောင်တရမိကြောင်း၊ ယင်းကဲ့သို့စစ်ပွဲမျိုးနောက်ထပ်မဖြစ်ပွားရအောင် နက်နက်နဲနဲ မျှော်လင့်မိပါကြောင်း၊ ပြည်သူများနှင့်အတူ စစ်ပွဲအတွင်းအသက်ဆုံးရှုံးခဲ့ရသည့် လူတိုင်းအတွက် ဆုတောင်းပါကြောင်း၊ ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆုတောင်းပါကြောင်း ပြောကြားခဲ့သည်။ ဂျပန်ဘုရင်သည် ၎င်းထီးနန်းလက်ခံရရှိသည့်အချိန်မှစ၍ အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့ရာ ယခုတစ်ကြိမ်မှာနောက်ဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကင်ဂျုံအန်းနှင့်တွေ့ဆုံရန် အဆင်သင့်ဖြစ်ဟု ပူတင်ပြော

မော်စကို ဩဂုတ် ၁၅

ရုရှားသမ္မတပူတင်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် မကြာမီတွေ့ဆုံရန် အဆင်သင့်ဖြစ်နေပြီဟု ကြေးနန်းစာပေးပို့ခဲ့သည်။ ကိုရီးယားကျွန်းဆွယ် ဂျပန်လက်အောက်မှ လွတ်မြောက်ခြင်း ၇၃ နှစ်မြောက် အထိမ်းအမှတ်အတွက် သမ္မတပူတင်က ဂုဏ်ပြုကြောင်း သတင်းစကားပေးပို့ခဲ့ကြောင်း နိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အဆိုပါ ကြေးနန်းစာတွင် ရုရှားသမ္မတပူတင်သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းကိစ္စရပ်များ ဆွေးနွေးနိုင်ရေးအတွက် မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် မကြာမီတွေ့ဆုံရန် အသင့်ဖြစ်နေပြီဟု ပါရှိသည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်ကလည်း ဗုဒ္ဓဟူးနေ့တွင် ရုရှားသမ္မတထံ ကြေးနန်းစာ ပြန်လည်ပေးပို့ခဲ့သည်။

ယင်းကြေးနန်းစာတွင် ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံစလုံးသည် ဂျပန်ကိုတိုက်ခိုက်ရာတွင် အတွေ့အကြုံရှိခဲ့ကြကြောင်း ခင်မင်ရင်းနှီးမှုမှာ နက်ရှိုင်းလှကြောင်း ပါရှိသည်။ သို့သော် သမ္မတပူတင်နှင့် ဆွေးနွေးပွဲပြုလုပ်မည်ဟူ၍ မပါရှိပေ။ ပူတင်သည် မြောက်ကိုရီးယားခေါင်းဆောင်များကို ရုရှားနိုင်ငံတွင် စက်တင်ဘာလ၌ပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။

အင်န်အိတ်ချ်ကေ

### အာဖဂန်နိုင်ငံမြောက်ပိုင်းတွင် တာလီဘန်များတိုက်ခိုက်မှုကြောင့် အစိုးရတပ်ဖွဲ့ဝင် ၄၅ ဦးသေဆုံး

ကဘူးလ် ဩဂုတ် ၁၅

အာဖဂန်နိုင်ငံမြောက်ပိုင်း ဘက်ခ်လမ်ပြည်နယ်ရှိ ပူးတွဲစစ်ရေးလေ့ကျင့်ရေးစခန်းသို့ တာလီဘန်များ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၄၅ ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာတိုလို သတင်းဌာနမှ ဗုဒ္ဓဟူးနေ့က ဖော်ပြခဲ့သည်။ တာလီဘန်တပ်ဖွဲ့ဝင်ရာနှင့်ချီ၍ ဘက်ခ်လမ်အီးမခ်ကာဇီခရိုင် အခြေစိုက် အာလာဟူဒင်အခြေစိုက်စခန်းကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် သန်းခေါင်ယံအချိန်တွင် အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူများထဲတွင် အာဖဂန်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် ဒေသခံရဲအရာရှိ ၁၀ ဦးပါဝင်ကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုမှာ သီတင်းပတ်တစ်ခုအတွင်း တာလီဘန်တို့မှ အစိုးရလုံခြုံရေးတပ်များကို ဝင်ရောက်တိုက်ခိုက်ခြင်းပင် ဖြစ်သည်။

တနင်္လာနေ့ကလည်း မြောက်ပိုင်း ဖာရက် ပြည်နယ်တွင် စစ်သွေးကြွတို့က စစ်အခြေစိုက်စခန်းကို ဝင်ရောက်တိုက်ခိုက် ပြီးနောက် အာဖဂန်တပ်ဖွဲ့ဝင် ၁၇ ဦး အသတ်ခံရပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့ကာ ငါးဦးမှာ တာလီဘန်တို့၏ပြန်ပေးဆွဲခြင်း ခံရကြောင်း သိရသည်။

ဆင်ဟွာ

# တူရကီတို့ရင်ဆိုင်နေရတဲ့ စီးပွားရေးတိုက်ပွဲ

ချိုးစန္ဒီနွေး

**အမေရိကန်နိုင်ငံသားဘုန်းတော်ကြီးတစ်ပါးကို တူရကီက ဖမ်းဆီးထားတာနဲ့ ပတ်သက်ပြီး အမေရိကန်နဲ့တူရကီတို့ သဘောထားတင်းမာလာချိန် အပြန်အလှန်ပိတ်ဆို့မှုတွေ ပြုလုပ်လာကြပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်တွေတုန်းကလည်း တူရကီတရားရေးနဲ့ ပြည်ထဲရေးဝန်ကြီးတို့ရဲ့အမေရိကန်မှာရှိတဲ့ ပိုင်ဆိုင်မှုတွေကို အမေရိကန်က ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း တူရကီကတော့ အမေရိကန်ရဲ့တောင်းဆိုချက်ဖြစ်တဲ့ တူရကီက ဖမ်းဆီးထားတဲ့ အမေရိကန်ဘုန်းတော်ကြီးကိုတော့ ပြန်လွှတ်မပေးခဲ့ပါဘူး ။ ဒီလိုနဲ့ တဖြည်းဖြည်း နှစ်နိုင်ငံဆက်ဆံရေးဟာပိုပိုဆိုးရွားလာပြီး ပိတ်ဆို့မှုတွေ အပြန်အလှန်လုပ်ဆောင်လာခဲ့ကြပါတော့တယ်။**



### အခွန်စည်းကြပ်မှု နှစ်ဆလုပ်ဆောင်

လွန်ခဲ့တဲ့သီတင်းပတ်ကပဲ အမေရိကန်ဟာ တူရကီအပေါ် အခွန်စည်းကြပ်မှု နှစ်ဆပြုလုပ်လိုက်ပါတယ်။ အဲဒီအခါမှာတော့ တူရကီရဲ့ ငွေကြေးတန်ဖိုးဟာ ၂၀ ရာခိုင်နှုန်း ထိုးကျသွားပါတယ်။ ဒါပေမယ့်လည်း တူရကီကတော့ ဆက်လက်ခေါင်းမာဆဲပါပဲ။

သမ္မတအာဒိုဂန်ဟာ တူရကီရဲ့စီးပွားရေးကို တည်ငြိမ်အောင်လုပ်မယ်။ နိုင်ငံခြားငွေမှာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ရန်သူကို အရှုံးမပေးဘူးလို့ ကြေညာခဲ့ပါတယ်။

### အမေရိကန် အီလက်ထရွန်နစ် ပစ္စည်းများကို သပိတ်မှောက်

နောက်ပြီးတော့ သမ္မတအာဒိုဂန်ဟာ အမေရိကန်ကထုတ်တဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေကိုလည်း သပိတ်မှောက်မယ်လို့ ကြေညာခဲ့ပါတယ်။

တကယ်လို့များအမေရိကန်မှာ အိုင်ဖုန်းရှိတယ်ဆိုရင် တခြားတစ်ဖက်မှာလည်း ဆမ်ဆောင်းရှိတယ်လို့ အာဒိုဂန်က ပြောခဲ့ပါတယ်။ Apple နဲ့ သူ့ရဲ့ ပြိုင်ဘက်ဆမ်ဆောင်းတို့ကို ရည်ညွှန်းပြီး ပြောဆိုခဲ့တာပဲဖြစ်တယ်။

အာဒိုဂန်ဟာ အရင်တုန်းကဆိုရင် Apple ထုတ် i Phone နဲ့ i Pad တို့ကို နှစ်ခြိုက်စွာသုံးစွဲခဲ့တာကို သူ့ဓာတ်ပုံတွေထဲမှာ ခဏခဏ မြင်ရပါတယ်။ အခုအခါမှာတော့ သူဟာ Apple ကိုသပိတ်မှောက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

ဒါ့အပြင် အီလက်ထရွန်နစ်ပစ္စည်းတွေအတွက်ဆိုရင် Venus နဲ့ ကုမ္ပဏီကြီးတွေရှိတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီ ကုမ္ပဏီကြီးနှစ်ခုဟာ တူရကီအီလက်ထရွန်နစ် ကုမ္ပဏီကြီးတွေပဲ ဖြစ်တယ်။

### တူရကီလေကြောင်းလိုင်း၏ လှုပ်ရှားမှု

တူရကီ လေကြောင်းလိုင်းကလည်း ဆိုရှယ်မီဒီယာမှာ ဆင်နွှဲနေတဲ့ လှုပ်ရှားမှုတစ်ရပ်ဖြစ်တဲ့ "အမေရိကန်ကိုအလျှော့မပေးဘူး" ဆိုတဲ့ လှုပ်ရှားမှုမှာပါဝင်မယ်လို့ ကြေညာခဲ့ပါတယ်။

တူရကီ လေကြောင်းလိုင်းကလည်း တူရကီနိုင်ငံ ပြည်သူတွေနဲ့ တစ်သားတည်းရှိမယ်လို့ ကြေညာခဲ့ပါတယ်။ အခုဆိုရင် တူရကီဟာ စီးပွားရေးတိုက်ပွဲနဲ့ ရင်ဆိုင်နေရတာပါလို့ အာဒိုဂန်က ပြောခဲ့ပါတယ်။

အမေရိကန်အပေါ် စီးပွားရေးကို လက်နက်အဖြစ် အသုံးပြုဖို့ရာ နောက်တွန့်နေမှာမဟုတ်ဘူးဆိုပြီး အာဒိုဂန်က ပြောဆိုခဲ့ပါတယ်။

တူရကီမြို့တော် အန်ကာရာမှာ ရောက်ရှိနေတဲ့ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရိုဗ့်ကတော့ အမေရိကန်ရဲ့ အရေးယူပိတ်ဆို့မှုဟာ တရားမဝင်တဲ့ မူဝါဒတစ်ခုသာဖြစ်တယ်လို့ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့ပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးမှာ အမေရိကန်ဟာ ပြိုင်ဘက်တွေအပေါ်မှာ တရားမျှတမှုမရှိ အကျိုးအမြတ်ရယူဖို့ ကြိုးပမ်းနေတယ်လို့ သူက ဆက်ပြောပါတယ်။

### တူရကီငွေကြေးကျဆင်း

အခုဆိုရင် တူရကီငွေကြေးမှာ ဘာတွေ ဆက်ဖြစ်နေပြီလဲ။ ဇန်နဝါရီလကစလို့ တူရကီငွေကြေးလိုင်ရာဟာ ၃၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် နေ့စဉ်အသုံးပြုရတဲ့ ကုန်ပစ္စည်းတွေမှာ ဈေးတက်လာပါတယ်။

တူရကီငွေကြေး လိုင်ရာတန်ဖိုး ကျဆင်းလာတဲ့အတွက် စတီးလ်နဲ့အလူမီနီယံပစ္စည်းတွေမှာ အခွန်နှစ်ဆစည်းကြပ်လိုက်တာဖြစ်တယ်။ တူရကီနဲ့ အမေရိကန်တို့ရဲ့ ဆက်ဆံရေးဟာလည်း ကောင်းမွန်တဲ့ အခြေအနေမှာ မရှိဘူးလို့ အမေရိကန်သမ္မတ ထရန့်က တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

### စီးပွားရေးစစ်ပွဲ

တူရကီသမ္မတကတော့ တူရကီငွေကြေးဖောင်းပွမှုအပေါ် တာဝန်ယူဖြေရှင်းပေးရမှာဖြစ်ပြီး ငွေကြေးတန်ဖိုးကျဆင်းရခြင်းဟာ အင်အားကြီးနိုင်ငံတွေရဲ့ ပယောဂကြောင့်လို့ စွပ်စွဲပြောဆိုခဲ့ပါတယ်။

အခုဆိုရင် တူရကီဟာ စီးပွားရေးအကျပ်အတည်းကို ဦးတည်နေပြီလားလို့စိုးရိမ်စရာရှိပါတယ်။ သောကြာနေ့က တူရကီသမ္မတပြောခဲ့တဲ့ ရုပ်သံမိန့်ခွန်းမှာဆိုရင် လိုင်ရာတန်ဖိုးအတွက် နိုင်ငံခြားငွေကြေးတွေနဲ့ ရွှေတွေကို လဲလှယ်ကြဖို့ တောင်းဆိုခဲ့ပါတယ်။

ပြီးတော့ဒါကိုလည်း စီးပွားရေးစစ်ပွဲလို့ ခေါ်ဝေါ်ခဲ့ပါတယ်။ တူရကီဗဟိုဘဏ်ကလည်း ဘဏ်တွေကို ငွေကြေးထောက်ပံ့ပေးဖို့ ကတိပြုခဲ့ပါတယ်။ တိုင်းပြည်ရဲ့ဘဏ္ဍာရေးဝန်ကြီးဟာ မစ္စတာအာဒိုဂန်ရဲ့သမက်ဖြစ်ပြီး သူဟာ အပြည်ပြည်ဆိုင်ရာက ရင်းနှီးမြှုပ်နှံသူ ၁၀၀၀ ဝန်းကျင်ခန့်နဲ့ ကြာသပတေးနေ့မှာ ဆွေးနွေးပွဲလုပ်ဖို့ ပြင်ဆင်ထားပါတယ်။

တူရကီဘက်ကလည်း အမေရိကန် အီလက်ထရွန်နစ် ပစ္စည်းတွေကို သပိတ်မှောက်မယ်ဆိုပြီး ကြေညာခဲ့တော့ အမေရိကန်ဘက်က နောက်ထပ်တုံ့ပြန်မှု ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာကို တူရကီပြည်သူတွေက စိတ်မသက်မသာနဲ့ စောင့်ဆိုင်းနေကြရပါတယ်လို့ တူရကီဆိုင်ရာ ဘီဘီစီသတင်းထောက်က ပြောပါတယ်။

### ဖြစ်ရပ်များ၏ အရင်းခံ

ဒီဖြစ်ရပ်တွေအားလုံးဟာ တူရကီက ဖမ်းဆီးထားတဲ့ အမေရိကန်ဘုန်းကြီး အန်ဒရူးကြောင့်လားလို့ ထင်စရာရှိပါတယ်။ အန်ဒရူးကို ဖမ်းဆီးထားမှုကို အကြောင်းပြုပြီး အမေရိကန်ဟာတူရကီကို အနိုင်ယူဖို့ ကြိုးပမ်းနေတယ်လို့ တူရကီသမ္မတက စွပ်စွဲခဲ့ပါတယ်။

အမေရိကန်ဆိုင်ရာ တူရကီသံအမတ် ဆန်ဒရာကီလစ်ဟာ အမေရိကန်က အမျိုးသားလုံခြုံရေး အကြံပေးဂျွန်ဘော်တန်နဲ့ တနင်္လာနေ့က တွေ့ဆုံမှုတွေ ပြုလုပ်ခဲ့ပါတယ်။

တူရကီသံတမန်ကတော့ အမေရိကန်အနေနဲ့ တူရကီအပေါ်ခြိမ်းခြောက်မှုတွေ၊ ဖိအားပေးမှုတွေချည်း ဆက်လက်လုပ်ဆောင်နေရင် နှစ်နိုင်ငံဆက်ဆံရေးကို ပျက်စီးသွားရုံမှတစ်ပါး အခြားဘာမှ ဖြစ်မလာနိုင်ဘူး။ တကယ်လို့များ တူရကီနဲ့ အဆင်ပြေချင်တယ်ဆိုရင်တော့ ခြိမ်းခြောက်မှုတွေ ဆက်လက်မလုပ်ဆောင်ဖို့လိုအပ်တယ်လို့ သတိပေးစကားဆိုခဲ့ပါတယ်။

အမေရိကန်ဘက်ကတော့ အန်ဒရူးဟာ တူရကီမှာ အခြေချတာကြာပြီဖြစ်ပြီး သူ့ကိုဖမ်းဆီးထားမှုဟာ တရားမျှတမှုမရှိဘူးလို့ တုံ့ပြန်ခဲ့ပါတယ်။ မစ္စတာ အန်ဒရူးဟာ အကြမ်းဖက်မှုတွေ လုပ်ဆောင်တတ်တဲ့ တူရကီအလုပ်သမားပါတီနဲ့ အာဏာသိမ်းဖို့ကြိုးပမ်းမှု နောက်ကွယ်က ကြိုးကိုင်သူလို့ယူဆရတဲ့ မစ္စတာဂူလန်တို့နဲ့ အဆက်အသွယ်ရှိတယ်ဆိုပြီး အဖမ်းခံခဲ့ရတာလည်း ဖြစ်တယ်။

အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒရာကတော့ အန်ဒရူးမှာ အပြစ်ရှိတယ်လို့ စွပ်စွဲနိုင်လောက်တဲ့ သက်သေအထောက်အထား မရှိဘူးလို့ ပြောပါတယ်။ မစ္စတာ အန်ဒရူးဟာ သူလျှိုလုပ်ပေးတယ်ဆိုတဲ့ စွပ်စွဲချက်ကို ငြင်းဆိုခဲ့ပြီး တကယ်လို့များ သူ့မှာ အပြစ်ရှိတယ်လို့ ပြစ်မှုထင်ရှားရင်တော့သူဟာ ထောင်ဒဏ် ၃၅ နှစ် ချမှတ်ခံရမှာပဲ ဖြစ်တယ်။

### တခြားနိုင်ငံများအပေါ် ရိုက်ခတ်မှု

ဒီကိစ္စနဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာက အကျိုးသက်ရောက်မှုတွေက ဘာတွေလဲ။ အမေရိကန်နဲ့ တူရကီတို့ကြား ပဋိပက္ခတွေကြောင့် တခြားသော နိုင်ငံတွေရဲ့ ငွေကြေးတန်ဖိုးကိုလည်း ရိုက်ခတ်မှုတွေရှိလာပါတယ်။

အဲဒီအထဲမှာ အိန္ဒိယရူပီးငွေလည်း အပါအဝင်ပါပဲ။ ရင်းနှီးမြှုပ်နှံသူတွေကလည်း လိုင်ရာတန်ဖိုးကျဆင်းသွားခြင်းဟာ အခြားသောဖွံ့ဖြိုးဆဲနိုင်ငံတွေကိုလည်း ခြိမ်းခြောက်မှုရှိလာမှာ စိုးရိမ်ကြပါတယ်။

အိန္ဒိယအစိုးရကတော့ ရူပီးငွေတန်ဖိုး ကျဆင်းသွားခြင်းအပေါ် အကြောက်မလွန်ကြဖို့ အင်္ဂါနေ့ကပဲ တိုက်တွန်းထားပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်ကပဲ ရုရှား၊ အာဂျင်တီးနား၊ ဘရာဇီး၊ တောင်အာဖရိကနဲ့ မက္ကဆီကိုနိုင်ငံတို့မှာ ငွေကြေးတန်ဖိုးကျဆင်းသွားတာနဲ့ ကြုံခဲ့ရပါတယ်။

အခုဆိုရင် အမေရိကန်နဲ့ တူရကီတို့ရဲ့ စီးပွားရေးတိုက်ပွဲဟာလည်း ပြင်းထန်လာပါပြီ။ အမေရိကန်ဘက်က ခြိမ်းခြောက်မှုတွေ၊ ပိတ်ဆို့မှုတွေ တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်နေပေမယ့်လည်း တူရကီဘက်ကတော့ ခေါင်းမာမာနဲ့ ဆက်လက်တောင့်ခံနိုင်ဖို့ ကြိုးစားဆဲပါ။ ဒီတိုက်ပွဲမှာ ဘာတွေဆက်ဖြစ်မလဲဆိုတာကတော့ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်ရမှာပါပဲ။

ကိုးကား -အေအက်ဖ်ပီ၊ ဘီဘီစီ

**"တူရကီသံတမန်ကတော့ အမေရိကန်အနေနဲ့ တူရကီအပေါ် ခြိမ်းခြောက်မှုတွေ ဖိအားပေးမှုတွေချည်း ဆက်လက်လုပ်ဆောင်နေရင် နှစ်နိုင်ငံဆက်ဆံရေးကို ပျက်စီးသွားရုံမှတစ်ပါး အခြားဘာမှဖြစ်မလာနိုင်ဘူး။ တကယ်လို့များ တူရကီနဲ့အဆင်ပြေချင်တယ်ဆိုရင်တော့ ခြိမ်းခြောက်မှုတွေ ဆက်လက်မလုပ်ဆောင်ဖို့ လိုအပ်တယ်လို့ သတိပေးစကားဆိုခဲ့"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ လွိုင်ကော်၌ ကျင်းပသည့် ဗဟိုအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်အခမ်းအနား တက်ရောက်

**လွိုင်ကော် ဩဂုတ် ၁၅**

ကျောင်းသား ကျောင်းသူများတွင် ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများ ရရှိကျင့်သုံးနိုင်စေရန်၊ သန့်ရှင်းသော ကျောင်းပတ်ဝန်းကျင်ဖြင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်ယူမှုစွမ်းရည်မြင့်မားရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် ဗဟိုအဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကျောင်းကျန်းမာရေးကိစ္စသည် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများသာမက ပြည်သူများကပါ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ယခုကျင်းပသည့် ကျောင်းကျန်းမာရေးသီတင်းပတ်တွင် ကောင်းမွန်သည့်ရလဒ်များ ရရှိလာရန် ပြည်နယ်အစိုးရအပါအဝင် ဌာနဆိုင်ရာများနှင့် ပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိသကဲ့သို့ ကျောင်းသား ကျောင်းသူများအတွက်လည်း ကျောင်းကျန်းမာရေးကို အဓိကဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြေခံကျန်းမာရေးဆိုင်ရာ အချက်အလက်များ ပါဝင်သော Tablet များကို ကျန်းမာရေးဝန်ထမ်းများအား ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကျောင်းကျန်းမာရေးလက်စွဲစာအုပ်ကို ကျောင်းများအားလုံးကို ထုတ်ပေးမည်ဖြစ်ပါကြောင်း၊ ကျောင်းကျန်းမာရေး ဟောပြောပွဲများ၊ ကျန်းမာရေးစကားဝိုင်းများ ကျင်းပပေးရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ အစိုးရပံ့ပိုးမှုပါဝင်ပါက ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ကယားပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ လွိုင်ကော်ဆေးရုံကြီး၌ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်ကို လည်းကောင်း ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ အထက်တန်းအဆင့် ကျောင်းကျန်းမာရေးစံပြကျောင်း ဆုရကျောင်းများအား ကယားပြည်နယ် ဝန်ကြီးချုပ်က လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းကျန်းမာရေး စံပြကျောင်း ဆုရကျောင်းများအား ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ မူလတန်းအဆင့် ကျောင်းကျန်းမာရေး စံပြဆုရရှိသူများ၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ဆုရရှိသူများအား တာဝန်ရှိသူ အသီးသီးက ဆုများချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ကျောင်းကျန်းမာရေး သီတင်းပတ်ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

**စိုင်းညဏ်လင်းထွင်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စုပေါင်းသွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပစ္စည်းပေးအပ်

**စစ်တွေ ဩဂုတ် ၁၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များက စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ (၅) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးနှင့် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များက သွေးအမျိုးအစားမျိုးစုံ ၁၁၉ လုံးကို လှူဒါန်းကြရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်ကြသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ကြီးက သွေးလှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက သွေးလှူဒါန်းသော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၈-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ ယနေ့ရန်ကုန် Yangon Today အချပ်ပို(ခ)တွင် ပါရှိသည့် "ပေါ်ထွန်းလာဖို့ရှိနေတဲ့ ရန်ကုန်ဆေးဝါးထုတ်လုပ်ရေးဇုန်" ဆောင်းပါး၏ စာပိုဒ်ခွဲ(၅)တွင် ပါရှိသည့် **"BPI (MPF ဆေးဝါးထုတ်လုပ်ရေးစက်ရုံ)"** အား **" BPI ဆေးဝါးစက်ရုံ(ဆေးဝါးစက်ရုံ-အင်းစိန်)"** ဟုလည်းကောင်း၊ **"ပြင်ဦးလွင်မှာရှိတဲ့ BPI ဆေးဝါးထုတ်လုပ်ရေးစက်ရုံ"** အား **"ပြင်ဦးလွင်မှာရှိတဲ့ MPF ဆေးဝါးထုတ်လုပ်ရေးစက်ရုံ"**ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာရေးသူ**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို စိုက်ပျိုး မွေးမြူရေးကဏ္ဍ အခြေအနေများနှင့် အခွင့်အလမ်းများဆွေးနွေးပွဲ တက်ရောက်

**မကွေး ဩဂုတ် ၁၅**

မကွေးမြို့ ထိန်ထိန်သာဟိုတယ်၌ Business Reporters Network Discussion မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုး မွေးမြူရေးကဏ္ဍဆိုင်ရာ အခြေအနေများနှင့် အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုး မွေးမြူရေးကဏ္ဍဆိုင်ရာများနှင့် ပတ်သက်၍ အမှာစကား ပြောကြားခဲ့သည်။ **(ယာပုံ)**

ယင်းနောက် မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုး မွေးမြူရေးကဏ္ဍဆိုင်ရာ အခြေအနေများနှင့် အခွင့်အလမ်းများအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် တိုင်းဒေသကြီး မွေးမြူရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးတို့က တက်ရောက်လာသည့် သတင်းမီဒီယာများသို့ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**




# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကြာအင်းဆိပ်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇူလိုင်လအတွင်း ဇမိမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားရာတွင် ရေနစ်မြုပ်ခဲ့သည့် ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူသွား ကားလမ်းပေါ်ရှိ အလျား ပေ ၁၂၀၊ သံကူကွန်ကရစ်အမျိုးအစား ချောင်းဝတံတားအား ချဉ်းကပ်လမ်းအပါအဝင် အဆင့်မြှင့်တင်ပေးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘုရားသုံးဆူမြို့ ဓမ္မဟေဝန်ဘုန်းတော်ကြီးကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏောဘာသအား ဖူးမြော်ကြည်ညိုပြီး ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လှူဒါန်းသည့် ရိက္ခာ ဆန် ၅၄၃ အိတ် တန်ဖိုးငွေကျပ် ၁၆၂၉၀၀၀၀၊ ကရင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူး အစရှိသည့် စားသောက်ကုန်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းကာ KG တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၆၀၀ ကျော်တို့အား ပဲနို့နှင့် မုန့်အမျိုးမျိုးတို့ကို ပေးဝေ၍ သင်ကြားပြသပေးသော ဆရာ ဆရာမများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်တစ်ရာဘုန်းတော်ကြီးကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တဓမ္မဇေအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဘုရားသုံးဆူမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ နယ်မြေခံဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကာ ရေစီးရေလာကောင်းမွန်ရေး မြို့တွင်းရေမြောင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့၍ စိုက်ပျိုးပြီးမိုးစပါး ၂၇၉ ဧက ရေလွှမ်းခဲ့ပြီး ၂၃၇ ဧက ထိခိုက်ကာ ၁၇၈ ဧက ပျက်စီးခဲ့သည့်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ အားပေးစကားများပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးသည့် လယ်ဧကများအတွက် ထွန်ယက်ရေးဒီဇယ်ဆီ ဂါလန် ၈၀ နှင့် မျိုးစပါး ၁၇၈ တင်းကို လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ထိခိုက်လယ်များတွင် ပိုးမွှားအန္တရာယ်မှ ကာကွယ်ရန် ပိုးသတ်ဆေးများကို လည်းကောင်း၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်းက ပိုတက်ရှ်နှင့် ဂျစ်ပ်ဆန်ကျောက်မှုန့် မြေသြဇာများကို လည်းကောင်း၊ ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူးက မျိုးစေ့ချစက်နှင့် ဘက်ထရီဆေးဖျန်းပုံးတို့ကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ ကြာအင်းဆိပ်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တောင်သူကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကြာအင်းဆိပ်ကြီးမြို့နယ် အမှတ်(၆)ရပ်ကွက် ဘိုတဲကုန်းရှိ ရေဘေးရှောင်အိမ်ထောင်စု ၁၂ စုအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပြီး**(ဝဲပုံ)** Cyclone Shelter ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကြာအင်းဆိပ်ကြီးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသားများနှင့် တွေ့ဆုံ၍ ဆုံးမဩဝါဒစကား ပြောကြားကာ စားသောက်ကုန်နှင့် အလှူငွေကျပ် နှစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ပသို့ နွားများတရားမဝင်တင်ပို့မှုကြောင့် နိုင်ငံတော်အတွက် အခွန်ငွေနစ်နာလျက်ရှိ

**မူဆယ် ဩဂုတ် ၁၅**

မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ဂိတ်များမှဖြတ်သန်း၍ နွားများကို ပို့ဆောင်ရာတွင် တရားဝင်ပို့ဆောင်မှုများရှိသကဲ့သို့ တရားမဝင်ပို့ဆောင်မှုများလည်း ရှိနေပြီး လက်ရှိအချိန်တွင် တရားမဝင်ပို့ဆောင်မှုက ပို၍များလာကြောင်းနှင့် ထိုသို့ တရားမဝင်ပို့ဆောင်နေမှုကြောင့် နိုင်ငံတော်အတွက် အခွန်ငွေများ နစ်နာလျက်ရှိကြောင်း သိရသည်။

မြန်မာ-တရုတ်နယ်စပ်တွင် ဂိတ်ပေါက် ၁၄ ပေါက်ရှိပြီး ထိုဂိတ်ပေါက်များမှ နှစ်နိုင်ငံ ကူးလူးဆက်ဆံသွားလာလျက်ရှိရာ သွင်းကုန်၊ထုတ်ကုန် အများဆုံးဝင်ထွက်ရာ ဂိတ်ပေါက်ကြီးမှာ မူဆယ် ၁၀၅ မိုင်ဂိတ်ဖြစ်သည်။ ထိုဂိတ်မှ တရားဝင်သွင်းကုန်၊ ထုတ်ကုန်များကို လက်ခံစစ်ဆေး ဖြတ်သန်းခွင့်ပြုလျက်ရှိသော်လည်း ကုန်စည်စီးဆင်းမှုတွင် တရားမဝင်လမ်းကြောင်းများမှ ဖြတ်သန်းသွားလာနေမှုများ ရှိနေကြသောကြောင့် နိုင်ငံတော်အတွက် ထိုက်သင့်သောအခွန်ငွေကို လစဉ်မရရှိဘဲဖြစ်နေကာ တရားမဝင် ကုန်စည်စီးဆင်းမှုများတွင် နွားများကို တရားမဝင်တင်ပို့မှုသည် အများဆုံးဖြစ်ကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက "နိုင်ငံတော်အတွက် အခွန်အခမရဘဲ သွားလာနေတဲ့ကုန်ပစ္စည်းတွေ အများကြီးရှိတယ်။ ကျွန်တော်တို့က ကုန်ပစ္စည်းအားလုံးကို စောင့်ကြည့်ရတဲ့ဌာနလည်းဖြစ်တယ်။ နိုင်ငံတော်သမ္မတကြီးက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအသီးသီးကို တရားမဝင် ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ တားဆီးရေးအဖွဲ့တွေဖွဲ့စည်းပြီး ဆောင်ရွက်ဖို့ ညွှန်ကြားထားတာကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်း လက်ရှိ ဖွဲ့စည်းဆောင်ရွက်ထားပါတယ်၊ ဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူး(၁)အနေနဲ့ ဆောင်ရွက်ပါတယ်၊ အစိုးရတစ်ဖွဲ့တည်း၊ ဌာနတစ်ခုတည်းနဲ့ လုပ်ကိုင်ဆောင်ရွက်ရတဲ့ နိုင်နင်းတဲ့ကိစ္စလည်းမဟုတ်ပါဘူး။ သက်ဆိုင်တဲ့ဌာနတွေ၊ ဆက်စပ်တဲ့အဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်လုပ်ဆောင်ရမယ့် ကိစ္စဖြစ်တဲ့အပြင် တစ်ဖက်နိုင်ငံနဲ့လည်း ဆက်သွယ်ပြီး Relation ကောင်းမှပဲ ပိုပြီးတော့ထိရောက်တဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါလိမ့်မယ်" ဟု ပြောသည်။

နယ်စပ်ကုန်သွယ်ရေး၏ တရားမဝင်ကုန်သွယ်မှုတွင် အရေးယူဆောင်ရွက်ရမည့် ဥပဒေနှင့် တရားစီရင်ရေးစနစ်ကိုလည်း လိုအပ်သလိုပြောင်းလဲရန် လိုအပ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် လုပ်ဆောင်နေသည့်ပုံစံအတိုင်း လုပ်ဆောင်ခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံတွင် ကျင့်သုံးနေသော နည်းဥပဒေကဲ့သို့ ကျူးလွန်သောကုမ္ပဏီများ ထပ်မံကျူးလွန်ခြင်းမရှိစေရန် ထိရောက်စွာအရေးယူရန်လိုအပ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသော ဒဏ်ကြေးဖြင့်အရေးယူခြင်းသည် တရားမဝင်ကုန်သွယ်မှုကို ထပ်မံကျူးလွန်ရန် တွန်းအားပေးသကဲ့သို့ဖြစ်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုတစ်ခုကို စိစစ်တွေ့ရှိပါက ဖြစ်စဉ်အပေါ်မူတည်၍ ဦးစွာဒဏ်ကြေးကို သတ်မှတ်ပြီးနောက် ထိုကုမ္ပဏီ၏ နောက်ကြောင်းကို နှစ်နှစ်စာ ပြန်လည်စိစစ်၍ ကျူးလွန်ထားကြောင်း မတွေ့ရှိခဲ့သည့်တိုင် အလားတူကျူးလွန်နိုင်သည်ဟူသော ယူဆချက်ဖြင့် နှစ်နှစ်စာ ဒဏ်ကြေးကို ထပ်မံဒဏ်ရိုက်ပြီး ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုကို မလုပ်ဆောင်နိုင်လောက်သည့်အရေးယူစနစ်ကို အသုံးပြုနေကြောင်း၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ပြစ်မှုများတွင်လည်း တရားမမှုကဲ့သို့မဟုတ်ဘဲ တစ်လ၊ နှစ်လအတွင်း စီရင်ချက်ချနိုင်သော သီးသန့်စီးပွားရေးဆိုင်ရာတရားရုံးများ ဖွင့်လှစ်ဆောင်ရွက်ရန်လည်းလိုအပ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားသည်။



ဦးတင်ရဲဝင်း (မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် တာဝန်ခံ၊ ညွှန်ကြားရေးမှူး)

တရားမဝင်ကုန်သွယ်မှုတွင် သတင်းပေးမှုဖြင့် ဖမ်းဆီးမိသောအမှုများအတွက် ဆုကြေးပေးသည့်စနစ်ကို သတ်မှတ်ထားသော်လည်း အမှုကိစ္စပြီးပြတ်မှသာ ဆုကြေးရရှိသောကြောင့် အမှုများသည် အချိန်ကြာမြင့်ပါက ဆုကြေးခံစားရမည့်သူမှာ ဆုကြေးရရှိရန်ကြာသဖြင့် ပို၍မြန်ဆန်သော တရားစီရင်ရေးစနစ်၊ ထိရောက်သော ဥပဒေများဖြင့် ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် တရားမဝင်ကုန်စည်စီးဆင်းမှုသည် အိမ်နီးချင်းနိုင်ငံများကဲ့သို့ လျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်းလည်း မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် တာဝန်ရှိသူအချို့ထံမှ သိရသည်။

တစ်ချိန်က ကုန်သွယ်ရေးမူဝါဒအရ မြန်မာနိုင်ငံရှိ ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ကုန်သွယ်ခြင်းကို ခွင့်မပြုခဲ့၍ တရားမဝင် နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုများ ရှိခဲ့သည်။ သို့သော် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်မှစ၍ တရားဝင်ကုန်သွယ်ခွင့်ပေးခဲ့ပြီးသည့်နောက်တွင်လည်း နိုင်ငံတော်အတွက် အခွန်ငွေမရဘဲဖြစ်နေကြောင်း၊ နွားကားအစီး ၁၀၀ တွင် အစီး ၂၀ ခန့်ကသာ တရားဝင်သွားလာပြီး ကျန်သော ၈၀ ရာခိုင်နှုန်းမှာ တရားမဝင်ကုန်သွယ်မှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

"တရားဝင်တာက တစ်ပိုင်း၊ တရားမဝင်တာက တစ်ပိုင်းဆိုပြီး နွားတွေတင်ပို့နေတယ်ဆိုတာ ကြားပါတယ်။ နယ်စပ်ဒေသမှာ ဥပဒေအာဏာစက်နဲ့ ထိန်းချုပ်ဖို့ဆိုတာ ခက်ခဲတယ်။ ဒေသအများစုမှာ တည်ဆဲဥပဒေများဟာ အပြည့်အဝဆောင်ရွက်နိုင်တာမျိုး မရှိပါဘူး။ ဒါကြောင့် ဥပဒေလက်လှမ်းမမီတဲ့၊ အားနည်းတဲ့နေရာတွေမှာတော့ ဆက်လက်ရှိနေဦးမှာပါ။ ရှိနေဆဲလို့လည်း ကျွန်တော်တို့ကြားပါတယ်၊ ထိန်းချုပ်နိုင်တဲ့အတိုင်းအတာအတွင်းမှာ ထိန်းချုပ်ပေမယ့် ထိန်းချုပ်နိုင်စွမ်းမရှိတဲ့ လမ်းကြောင်းတွေ၊ နေရာတွေ၊ ဒေသတွေ အများကြီးကျန်နေပါသေးတယ်"ဟု ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူးက ပြောသည်။

မြန်မာ-တရုတ် နယ်စပ်ဖြစ်သော မူဆယ်မြို့နှင့် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တို့ရှိ ဂိတ်ပေါက်လေးခုမှ တရုတ်နိုင်ငံအတွင်းသို့ နေ့စဉ် ခရီးသွားနှင့် ကုန်စည်များ ပို့ဆောင်သွားလာလျက်ရှိပြီး မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင်လည်း ကုန်ပစ္စည်းမျိုးစုံပါသောယာဉ်များ နေ့စဉ် ဝင်ထွက်သွားလာကြလျက်ရှိသည်။ သို့ရာတွင် တရားမဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများ အကောက်ခွန်မဲ့ဝင်ရောက်မှုများ ရှိနေသည့်နည်းတူ တစ်ဖက်နိုင်ငံသို့ နွားများတင်ပို့ရာတွင်လည်း နိုင်ငံတော်အတွက် အခွန်ဆောင်၍ တရားဝင်ပို့ဆောင်ခြင်းထက် တရားမဝင်ပို့ဆောင်မှုများက ပို၍များနေဆဲဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

# ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘောပေါ်နှင့် ဆိပ်ခံဇောပေါ်တို့ရှိ ဈေးသည်များ ဖယ်ရှားရှင်းလင်းမှုကြောင့် သွားလာရေးအဆင်ပြေ

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်(ပန်းဆိုးတန်း-ဒလ)ကူးတို့ သင်္ဘောပေါ်နှင့် ဆိပ်ခံဇောပေါ်တို့ရှိ ဈေးသည်များ ဖယ်ရှားရှင်းလင်းမှုကြောင့် ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့ခဲ့ကြောင်း သိရသည်။ သင်္ဘောဆိပ်ကမ်းသန့်ရှင်းသာယာလှပစေရေးအတွက် စည်းကမ်းမဲ့ရောင်းချနေသော ဈေးသည်များအား ယမန်နေ့က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများ၊ သင်္ဘောဆိပ်ကမ်းမန်နေဂျာများနှင့် ဝန်ထမ်းများ၊ ဒလမြို့နယ်သင်္ဘောဆိပ်ကမ်းသန့်ရှင်းသာယာလှပစေရေးကော်မတီအဖွဲ့တို့ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။



အဆိုပါ ကူးတို့ဆိပ်ကမ်းသည် ဒလမြို့နယ်အပါအဝင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များအပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ခရီးသွားပြည်သူများကို ဂျပန်နိုင်ငံမှ လှူဒါန်းထားသော ချယ်ရီ(၁)၊ ချယ်ရီ(၂)နှင့် ချယ်ရီ(၃) အမည်ရှိ သင်္ဘောတို့ဖြင့် အခေါက်ရေ ၄၆ ခေါက်နှုန်းဖြင့် နေ့စဉ်ပုံမှန် ပို့ဆောင်ပေးလျက်ရှိပြီး တစ်ရက်လျှင် အသွားအပြန် ခရီးသည် ၂၆၀၀ ကျော်သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့ဘက်သို့ ကူးသန်းသွားလာလျက်ရှိကြောင်း၊ နေ့စဉ်ဝင်ငွေကျပ်သိန်း ၃၀ ကျော် ကောက်ခံရရှိကြောင်း ဒလသင်္ဘောဆိပ်ကမ်း မန်နေဂျာ ဒေါ်ခင်ခင်နုက ပြောသည်။

ဒလဘက်ကမ်းသင်္ဘောဆိပ်၌ ခရီးသည်ဝင်ပေါက်၊ ထွက်ပေါက် နေရာများထားရှိဆောင်ရွက်ပေးထားသော်လည်း အချို့သော ခရီးသည်များသည် ဝင်ပေါက်နေရာမှ ထွက်ခွာခြင်း၊ ထွက်ပေါက်နေရာမှ ဝင်ရောက်ခြင်းတို့ကြောင့် ခရီးသည်များ ပိတ်ဆို့မှုနှင့် ဇောပေါ်တွင် ဈေးသည်များရောင်းချနေမှုများ၊ ဇောတံတားပေါ်၌ ခရီးသည်အား ခေါ်ဆောင်မှုတို့ကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ခရီးသည်များစိတ်ချမ်းမြေ့စေရေးနှင့် စနစ်တကျ သွားလာနိုင်ရေးအတွက် ဒလမြို့နယ်သင်္ဘောဆိပ်ကမ်းသန့်ရှင်းသာယာလှပစေရေးကော်မတီအဖွဲ့က ဦးဆောင်ပြီး ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၅-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၅/၉၅၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၅/၉၆၀ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၀/၉၂၀ ကျပ် | ၉၆၅/၉၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၅/၉၇၀ ကျပ် | ၁၀၂၀/၁၀၃၀ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၅ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၆၁ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၃ ・ ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၁၇ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၁ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・ ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၈၅၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၆ ・ ၅၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ ・ ၇၃၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ဓာတ်မြေဩဇာ သံသရာစက်ဝန်း

**သိပ္ပံစာရေးဆရာကိုကိုအောင်**



ကမ္ဘာ့လူဦးရေ အဆမတန် တိုးပွားလာနေခြင်းသည် ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကိန်းဂဏန်းများကို ပို၍ ကြီးထွားလာစေသည်။ တိုးပွားလာသော လူဦးရေနှင့်အညီ စိုက်ပျိုးမြေများကို ချဲ့ထွင်ကြသော်လည်း အလုပ်းကွာဝေးလွန်းလှသော စိုက်ခင်းများတွင် ပြုစုပျိုးထောင် စိုက်ပျိုးရသော စရိတ်စကများက ကြီးလေးသည့်အတွက် စိုက်ပျိုးလက်စ မြေဧရိယာအတွင်း၌ပင် ကောက်ပဲသီးနှံများ အထွက်တိုးအောင် နည်းမျိုးစုံဖြင့် ကြံဆလာကြသည်။

**တောင်သူတို့၏ အားကိုးအားထားပြုစရာ**

ဤသို့အားဖြင့် ကောက်ပဲသီးနှံ အထွက်နှုန်းကို တိုးပွားစေသည့် ဓာတ်မြေဩဇာများသည် စိုက်ပျိုးတောင်သူတို့၏ အားကိုးအားထားပြုစရာ ဖြစ်လာခဲ့တော့သည်။ စပါး၊ ဂျုံ၊ ပဲ၊ နှမ်း၊ ပြောင်းစသော ရာသီသီးနှံများကို စိုက်ပျိုးရန် စဉ်းစားသည့်အခါတွင် ဓာတ်မြေဩဇာသုံးစွဲရေးကိုသာ ရှေ့တန်းတင်လာကြတော့သည်။ ကောက်ပဲသီးနှံစိုက်ခင်းများတွင် ဓာတ်မြေဩဇာသုံးစွဲမှု ကာလကြာမြင့်လာသည့်အခါ မြေဆီလွှာကို ထိခိုက်မှုများ သိသိသာသာ ဖြစ်ပေါ်လာသည်။

ကောက်ပဲသီးနှံများ ရှင်သန်ကြီးထွား ဖွံ့ဖြိုးစေရေးအတွက် ဒြပ်စင် ၁၆ မျိုး လိုအပ်သည်။ ထိုဒြပ်စင်များမှာ ကာဗွန်ဒိုင်အောက်ဆိုက်၊ အောက်ဆီဂျင်၊ ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်၊ ဖော့စ်ပရပ်စ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ်၊ ဆာလ်ဖာ၊ ဘိုရွန်၊ ကလိုရင်း၊ ကော့ပါး၊ အိုင်းယွန်း၊ ဇင့်၊ မင်းဂနီးစ်နှင့် မိုလီဒီနမ်တို့ ဖြစ်ကြသည်။

အဆိုပါ ဒြပ်စင် ၁၆ မျိုးအနက် ကာဗွန်ဒိုင်အောက်ဆိုက်၊ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့ကို လေထုထဲမှ အရန်သင့် စုပ်ယူရရှိကြသည်။ ကျန်ဒြပ်စင်များကိုမူ မြေကြီးထဲမှ စုပ်ယူရရှိရန် လိုအပ်သည်။ မြေကြီးထဲမှတစ်ဆင့် ရရှိနိုင်သော ဒြပ်စင်များအနက် နိုက်ထရိုဂျင်သည် ကောက်ပဲသီးနှံများ၏ အပင်ပိုင်းဆိုင်ရာကြီးထွားမှုကို ပံ့ပိုးဖြည့်ဆည်းပေးပြီး ဖော့စ်ပရပ်စ်ကမူ ကောက်ပဲသီးနှံများ၏ လိင်ပိုင်းဆိုင်ရာကြီးထွားမှုကို အဓိကအားဖြင့် ပံ့ပိုးဖြည့်ဆည်းပေးသည်။ ထိုအချက်ကို သိရှိထားကြသော ဓာတ်မြေဩဇာထုတ်လုပ်သူများသည် နိုက်ထရိုဂျင်နှင့် ဖော့စ်ပရပ်စ်တို့ ထူးကဲစွာဖြည့်စွက်ထားသော ဓာတ်မြေဩဇာများကို ထုတ်လုပ်ရောင်းချလျက် ရှိနေကြသည်။

ထိုသို့ ဓာတ်မြေဩဇာများကို သုံးစွဲစိုက်ပျိုးမှု နှစ်ကာလ ကြာရှည်လာသည့်အခါ ယင်းစိုက်ပျိုးမြေသည် နိုက်ထရိုဂျင်နှင့် ဖော့စ်ပရပ်စ်တို့သာ ကြွယ်ဝနေပြီး ကျန်ဒြပ်စင်များ တဖြည်းဖြည်းနှင့် ချို့တဲ့ဆုံးရှုံးလာတော့သည်။ ထိုအခြေအနေသည် ကောက်ပဲသီးနှံအထွက်နှုန်းကို ကျဆင်းသွားစေရုံမျှမက ထွက်ရှိလာသော ကောက်ပဲသီးနှံ၏ အရည်အသွေးကိုပါ ဆိုးဆိုးရွားရွား ထိခိုက်စေသည်။

ကောက်ပဲသီးနှံ မျိုးစိတ်များသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားနေကြသလို မြေကြီးထဲမှ စုပ်ယူစားသုံးကြရသော ဒြပ်စင်များ၏ အချိုးအဆသည်လည်း မျိုးစိတ်တစ်ခုနှင့်တစ်ခု မတူညီကြပေ။ အပင်မျိုးစိတ်တစ်ခုတည်း၌ပင်လျှင် ကြီးထွားဖွံ့ဖြိုးမှု မတူညီပါက မြေကြီးထဲမှ ဒြပ်စင်များကို စုပ်ယူသည့်ပမာဏနှင့် အချိုးအဆတို့ကလည်း အမျိုးမျိုး ကွဲပြားခြားနားကြသည်။

**မြေဆီလွှာ၏ ဇီဝဓာတုဖြစ်စဉ်များ**

ဤသို့သော သဘောသဘာဝများကြောင့် ချို့တဲ့ဆုံးရှုံးသွားသော ဒြပ်စင်အားလုံးကို ပြန်လည်ဖြည့်တင်းမပေးဘဲ နိုက်ထရိုဂျင်နှင့် ဖော့စ်ပရပ်စ်တို့ကိုသာ ထပ်ကာတလဲလဲ ဖြည့်ဆည်းပေးနေခြင်းသည်လည်းကောင်း၊ ကျန်ဒြပ်စင်များကို ဖြည့်ဆည်းပေးရာ၌ ဆုံးရှုံးမှုပမာဏအလိုက် အချိုးညီညီဖြင့် ဖြည့်ဆည်းမပေးနိုင်ခြင်းသည်လည်းကောင်း မြေဆီလွှာကို ထိခိုက်ပျက်စီးစေသောအကြောင်းတရားများ ဖြစ်လာရတော့သည်။ တစ်နည်းဆိုရသော် ရှိသင့်သောဒြပ်စင်များ မရှိတော့ခြင်းနှင့် ဓာတ်မြေဩဇာများကြောင့် အဆမတန်ပိုလျှံလွန်ကဲလာသော ဒြပ်စင်များသည် မြေဆီလွှာ၏ ဇီဝဓာတုဖြစ်စဉ်များကို ကမောက်ကမဖြစ်သွားစေခြင်းပင် ဖြစ်သည်။

ထို့ပြင် ဓာတ်မြေဩဇာများကို စီမံထုတ်လုပ်ရာ၌ ပါဝင်ရောနှောလာလေ့ရှိသည့် ခဲနှင့် ကက်ဒမီယမ်ကဲ့သို့သော ဒြပ်စင်များကြောင့် မြေဆီလွှာနှင့်တကွ သဘာဝပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေသည်။ ဓာတ်မြေဩဇာများကို အဖန်တလဲလဲ ထပ်ဆင့်သုံးစွဲလာကြသည့်အခါ ကောက်ပဲသီးနှံများသည် ဒြပ်စင်များကို လိုအပ်သည်ထက် ပိုမိုလွန်ကဲစွာ စုပ်ယူထားကြရပြီး အပင်ထဲ၌ ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် သိုလှောင်ထိန်းသိမ်းထားကြရသည်။

**ပိုးသတ်ဆေးများသုံးလာရခြင်း**

ထိုအခါ အပင်များသည် သိသိသာသာ အရည်ရွှမ်းလာပြီး အမိုင်နိုအက်ဆစ်နှင့် သကြားဓာတ်များလည်း ပိုမိုများပြားလာကြသည်။ အမိုင်နိုအက်ဆစ်နှင့် သကြားဓာတ်ကို နှစ်ခြိုက်ကြသော အပင်ဖျက်ပိုးမွှားများလည်း အဆမတန် ပေါက်ပွားလာကာ အပင်များကို အုပ်စုလိုက် ဖျက်ဆီးကုန်ကြတော့သည်။ ဤသို့အားဖြင့် ဓာတ်မြေဩဇာသုံး၍စိုက်ပျိုးထားသော အပင်များသည် ဖွံ့ဖြိုးကြီးထွား သန်မာကြသည့်တိုင် အပင်ဖျက်အင်းဆက်ပိုးမွှားများ၏ အုပ်စုလိုက် ဖျက်ဆီးခံရခြင်းမှ လွတ်ကင်းစေရန်အတွက် ပိုးသတ်ဆေးကို အများအပြား သုံးစွဲကြရတော့သည်။

ကောက်ပဲသီးနှံစိုက်ခင်းများတွင် သုံးစွဲနေကြသော ပိုးသတ်ဆေးများကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် ပိုးသတ်ဆေးအဆိပ်သင့်သူ သုံးသန်းနှင့် အဆိပ်သင့်မှုကြောင့် သေဆုံးရသူ ၂၂၀၀၀ အထိ ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သုတေသနပြု တွေ့ရှိရသည်။ ပိုးသတ်ဆေးသည် ဦးနှောက်နှင့် အာရုံကြောများ ထိခိုက်ခြင်း၊ ကင်ဆာဖြစ်ပွားခြင်းနှင့် သားမြို့မှုကို ဖြစ်စေပြီး မျိုးပွားမှုကိုထိခိုက်ခြင်းများ ဖြစ်စေနိုင်ကြောင်း သိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။

**မြေအောက်ရေကို ပျက်စီးစေခြင်း**

ထို့အပြင် ကောက်ပဲသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးများကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြခြင်းကြောင့် ပိုးသတ်ဆေး ဓာတ်ကြွင်းများသည် ကမ္ဘာ့မြေလွှာအတွင်းသို့ စိမ့်ဝင်ရောက်ရှိကာ မြေအောက်ရေများအတွင်း၌ ပျော်ဝင်လျက်ရှိနေကြသည်။ မြေအောက်ရေများကို တူးဖော်ရယူပြီး ခေတ်မီနည်းစနစ်များသုံးကာ သောက်ရေသန့်များအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြသော်လည်း သောက်ရေသန့်အများစုတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ ပျော်ဝင်လျက်ရှိနေကြောင်းကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ပိုးသတ်ဆေးဓာတ်ကြွင်းများ ပျော်ဝင်နေသောရေသည် ကျောက်ကပ်၏ ခံနိုင်ရည်စနစ်နှင့် ဇဟိုနာဗ်ကြောတို့ကို ပြင်းထန်စွာ ထိခိုက်စေသည့်အပြင် ကင်ဆာရောဂါများလည်း ဖြစ်ပွားလာစေနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က ထုတ်ဖော်ကြေညာထားကြသည်။

ဓာတ်မြေဩဇာများကြောင့်သဘာဝမြေဆီလွှာ၏ ဇီဝဓာတုဖြစ်စဉ်များ ကမောက်ကမဖြစ်ကာ မြေဆီလွှာပျက်စီးသွားရသလို ဆက်စပ် ဆိုးကျိုးများအဖြစ်လည်း စိုက်ပျိုးထွက်ရှိလာသော ကောက်ပဲသီးနှံများတွင် ပိုးသတ်ဆေးများ ကပ်ငြိကျရောက်နေမှုကြောင့် စားသုံးသူများအား ပိုးသတ်ဆေးအဆိပ်သင့်စေခြင်းနှင့် သောက်သုံးရေများတွင်ပါရှိလာသော ပိုးသတ်ဆေး ဓာတ်ကြွင်းများကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ကြရခြင်းတို့ကို ဖြစ်ပေါ်စေသည်။

**ကျန်းမာရေးဆိုင်ရာ ပြဿနာများ**

ဓာတ်မြေဩဇာအားကိုးဖြင့် စိုက်ပျိုးသော ကောက်ပဲသီးနှံများ၏ သဘာဝအရ သီးနှံဖျက်ပိုး အများအပြား ကျရောက်မှုကို ကာကွယ်တိုက်ဖျက်ရန် ပိုးသတ်ဆေး အမြောက်အမြားကို သုံးစွဲကြရသောကြောင့် ပိုးသတ်ဆေးအဆိပ်သင့်မှုနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအဆိပ်သင့်မှုတို့ကို ဖြစ်ပေါ် စေသလို ဓာတ်မြေဩဇာကြောင့် တိုက်ရိုက်ဖြစ်ပွားရသော အဆိပ်သင့်မှုမျိုးကလည်း နေရာအနှံ့တွင် ဖြစ်ပေါ်လျက်ရှိနေသည်။

စိုက်ခင်းများတွင် အသုံးပြုသော ဓာတ်မြေဩဇာအများအပြားသည် မြေလွှာအောက် အနက်ပိုင်းအထိ စိမ့်ဝင်စီးဆင်းသွားပြီး ဓာတ်မြေဩဇာတွင်ပါဝင်နေသည့် အဆိပ်သင့်စေသော ဓာတုဒြပ်စင်များက မြေအောက်ရေများထဲ၌ ပျော်ဝင်ကာ ကမ္ဘာ့မြေလွှာအောက်ရှိ ရေထုကြီးကိုပါ ညစ်ညမ်းပျက်စီးစေလျက် ရှိသည်။

ဓာတ်မြေဩဇာထဲတွင် ရာခိုင်နှုန်းအများဆုံးပါဝင်နေသော နိုက်ထရိုဂျင်ဒြပ်စင်များသည် မြေလွှာအောက်သို့စိမ့်ဝင်ရောက်ရှိပြီး နိုက်ထရိတ်များအဖြစ် မြေအောက်ရေထဲ၌ ပျော်ဝင်လျက်ရှိနေသည်။ နိုက်ထရိတ်ပျော်ဝင်မှုနှုန်းသည် ရေတစ်လီတာတွင် ၁၀ မီလီဂရမ်အထိ ဖြစ်လာခဲ့လျှင် ကျန်းမာရေးကို ထိခိုက်စေနိုင်သော မြေအောက်ရေအဆိပ်သင့်မှုအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

အကယ်၍ မြေအောက်ရေ တစ်လီတာတွင် နိုက်ထရိတ်ပျော်ဝင်မှုနှုန်းသည် ၂၅ မီလီဂရမ်အထိ မြင့်တက်လာမည်ဆိုပါက သွေးကို အဆိပ်သင့်စေနိုင်သော အဆင့်ထိတိုင် ရောက်ရှိလာပြီဖြစ်သည်။ ထိုရေမျိုးကို အသက် နှစ်နှစ်အောက် ကလေးငယ်များ သောက်သုံးမိပါက သွေးအဆိပ်သင့်ရောဂါ ဖြစ်ပွားစေနိုင်သည်။ Blue Baby Syndrome ဟု လူသိများသော အဆိုပါရောဂါသည် ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော အဆိပ်သင့် ရောဂါဆိုး တစ်မျိုးဖြစ်သည်။

နိုက်ထရိုဂျင်နှင့် ဖော့စ်ပရပ်စ်တို့ လွန်ကဲစွာ ပါဝင်နေသော ဓာတ်မြေဩဇာများသည် ကောက်ပဲသီးနှံစိုက်ခင်းများမှတစ်ဆင့် မြစ်ချောင်း၊ အင်း၊ အိုင်များထဲသို့လည်း စီးဝင်လျက်ရှိနေကြသည်။ ထိုသို့စီးဝင်မှုကြောင့် ရေညှိ၊ ရေမှော်ပင်များသည် ကနဦးတွင် တစ်မုဟုတ်ချင်း အဆမတန် ပွားများလာသည်။

အရေအတွက်များပြားလွန်းလှသော ရေညှိ၊ ရေမှော်ပင်များ သက်တမ်းကုန်၍ အစုလိုက် အပြုံလိုက် သေဆုံးသွားကြသည့်အခါ ရေများလည်း ပုပ်သိုးကုန်ကြတော့သည်။ ယင်းသို့သော ပုပ်သိုးခြင်းဖြစ်စဉ်အတွက် ရေထဲမှ အောက်ဆီဂျင်ပမာဏ အများအပြားကို သုံးစွဲလိုက်ကြရသည်။ အောက်ဆီဂျင် ကုန်ခန်းသွားသော ရေထဲတွင် ရောဂါပိုးမွှားများနှင့် ဗက်တီးရီးယားတို့မှလွဲ၍ ကျန်သက်ရှိများ အားလုံးလည်း သေဆုံးကုန်ကြတော့သည်။

ပုပ်သိုးနေသော ရေနောက်များကြောင့် နေအလင်းရောင်သည်လည်း ရေအောက်သို့ ဖောက်ထွင်းဝင်ရောက်ခြင်း မပြုနိုင်တော့ပေ။ နေရောင်ဖြင့်အလင်းဖွဲ့၍ အစာချက်ရသော ရေမှော်ပင်များသည်လည်း တစ်စတစ်စ လျော့နည်းသေဆုံးသွားကြရသည်။ ရေညှိ၊ ရေမှော်ပင်များ မရှိတော့ခြင်းသည် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သော ရေအောက် အရင်းအမြစ်များ ပျက်သုဉ်းသွားခြင်းပင်ဖြစ်သည်။ ဤသို့အားဖြင့် ဓာတ်မြေဩဇာသုံးစွဲနေကြခြင်း၏ ဆက်စပ်ဆိုးကျိုးအဖြစ် ရေထုညစ်ညမ်းမှုကြီးလည်း အကြီးအကျယ် ဖြစ်ပေါ်လာရတော့သည်။

**ဖန်လုံအိမ်အာနိသင်ကို မြင့်တက်စေ**

ကမ္ဘာအရပ်ရပ်ရှိ ကောက်ပဲသီးနှံစိုက်ခင်းများတွင် ဓာတ်မြေဩဇာများကို ပမာဏအများအပြား သုံးစွဲနေကြသည့်အတွက် ထိုဓာတ်မြေဩဇာများကြောင့် ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့ မက်ထရစ်တန် သန်းပေါင်းများစွာတို့သည်လည်း လေထုထဲသို့ ရောက်ရှိနေရသည်။ မီသိန်းဓာတ်ငွေ့များသည် ဖန်လုံအိမ်အာနိသင်ကို မြင့်တက်စေပြီး ကမ္ဘာကြီးကိုလည်း ပိုမိုပူနွေးစေလျက်ရှိသည်။ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များအနက် မီသိန်းဓာတ်ငွေ့သည် ကမ္ဘာကြီးပူနွေးအောင်စွမ်းဆောင်မှု (Global Warming Potentials)တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထက် ၂၁ ဆ ပိုမိုစွမ်းရည်ရှိသည့်အားလျော်စွာ ဓာတ်မြေဩဇာများကြောင့် ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့များသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့် မိုးလေဝသအခြေအနေများ ကစဉ့်ကလျားဖြစ်စေမှုတို့အတွက် အဓိကကျသော လက်သည်တရားခံကြီးပင်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ဓာတ်မြေဩဇာများကြောင့် ရေညှိ၊ ရေမှော်ပင်များကို ပြုန်းတီးသွားစေသည်ဖြစ်ရာ အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်လုပ်ပေးနေသော သဘာဝ အရင်းအမြစ်များကို ဖျက်ဆီးနေသည့် တရားခံလည်းဖြစ်သည်။ မြစ်ချောင်း၊ အင်းအိုင်နှင့် ပင်လယ်သမုဒ္ဒရာအောက်ရှိ ရေညှိ၊ ရေမှော်ပင်များသည် နေရောင်ခြည်ဖြင့် အလင်းဖွဲ့ အစာချက်သည့် ရှင်သန်ရပ်တည်မှု ဇီဝယန္တရားကြောင့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တစ်မျိုးဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူနေရင်း တစ်ချိန်တည်းမှာပင် အောက်ဆီဂျင်ဓာတ်ငွေ့များကိုလည်း ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။

ဤမြေကမ္ဘာကြီးအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ရေညှိ၊ ရေမှော်ပင်များက ထုတ်လွှတ်ပေးနေကြခြင်းဖြစ်ရာ ဆိုးကျိုးဖြစ်စေသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပြီး ကောင်းကျိုးပြုစေသည့် အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်လွှတ်ပေးနေသော သဘာဝ အရင်းအမြစ်များကို ပြုန်းတီးသွားအောင်လည်း ဓာတ်မြေဩဇာများက လုပ်ဆောင်လျက်ရှိနေကြသည်။

ဓာတ်မြေဩဇာများသည် မြေဆီလွှာအတွင်းရှိ အော်ဂဲနစ်ပစ္စည်းများကို လျင်မြန်စွာ ဆွေးမြည့်သွားစေသောကြောင့် မြေဆီလွှာအတွင်း၌ အာဟာရဓာတ်လိုအပ်မှုကို ကြီးထွားလာစေသည်။ မြေဆီလွှာအတွင်း အာဟာရလိုအပ်မှု ကြီးထွားလာခြင်းကြောင့် ထပ်မံစိုက်ပျိုးမည့် ကောက်ပဲသီးနှံပင်များအတွက် ဓာတ်မြေဩဇာများကို အသုံးပြုရန် အကြောင်းဖန်လာပြန်တော့သည်။ ဤသို့အားဖြင့် ဓာတ်မြေဩဇာသုံးစွဲနေကျ စိုက်ပျိုးမြေများသည် ဓာတ်မြေဩဇာကိုပင် ထပ်တလဲလဲသုံးစွဲရန် အကြောင်းဖြစ်ပေါ်လျက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဓာတ်မြေဩဇာတို့၏ ပတ်သက်မှု သံသရာစက်ဝန်းသည် အဆက်မပြတ် လည်ပတ်နေတော့သည်။

ထိုသံသရာစက်ဝန်းကြီး အဆက်မပြတ် လည်ပတ်နေမှုကြောင့် လူသားတို့နှင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံးသည် ဓာတ်မြေဩဇာကြောင့် အဆိပ်သင့်ခြင်းဟူသော အိပ်မက်ဆိုးကြီးကို ဆက်၍ဆက်ခါ မက်နေကြရဦးမည်သာ ဖြစ်ပေတော့သည်။ ။

**“ဓာတ်မြေဩဇာများသည် မြေဆီလွှာအတွင်းရှိ အော်ဂဲနစ်ပစ္စည်းများကို လျင်မြန်စွာ ဆွေးမြည့်သွားစေသောကြောင့် မြေဆီလွှာအတွင်း၌ အာဟာရဓာတ်လိုအပ်မှုကို ကြီးထွားလာစေသည်၊ မြေဆီလွှာအတွင်း အာဟာရလိုအပ်မှု ကြီးထွားလာခြင်းကြောင့် ထပ်မံစိုက်ပျိုးမည့် ကောက်ပဲသီးနှံပင်များအတွက် ဓာတ်မြေဩဇာများကိုအသုံးပြုရန် အကြောင်းဖန်လာပြန်တော့သည်၊ ဤသို့အားဖြင့် ဓာတ်မြေဩဇာသုံးစွဲနေကျ စိုက်ပျိုးမြေများသည် ဓာတ်မြေဩဇာကိုပင် ထပ်တလဲလဲသုံးစွဲရန် အကြောင်းဖြစ်ပေါ်လျက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဓာတ်မြေဩဇာတို့၏ ပတ်သက်မှု သံသရာစက်ဝန်းသည် အဆက်မပြတ် လည်ပတ်နေတော့သည်။”**

# ကြက်သွန်နီဈေးကျနေသဖြင့် လှောင်ထားသည့်ပွဲရုံများနှင့် မင်းဘူးမြို့နယ်မှတောင်သူများ အရှုံးနှင့်ရင်ဆိုင်နေရ

**မင်းဘူး ဩဂုတ် ၁၅**
မကွေးတိုင်းဒေသကြီး မင်းဘူးဒေသတွင် ယခုရက်ပိုင်းအတွင်း ကြက်သွန်နီများ ဈေးကျနေသဖြင့် ဝယ်ယူသိုလှောင်ထားသည့် ပွဲရုံများနှင့် ကြက်သွန်နီများ လက်ဝယ်ရှိနေသည့် တောင်သူများမှာ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

ယခင်နှစ်က ယခုအချိန် ဩဂုတ်လတွင် ကြက်သွန်နီဈေးများသည် တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး အလုံးကောင်းလျှင် တစ်ပိဿာ ကျပ် ၂၀၀၀ ကျော်အထိ ဈေးရှိခဲ့သည်။ ယခုနှစ်တွင်မူ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၅၀၀ ခန့်သာ ရရှိနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဆင်ဖြူကျွန်းဘက်မှာ ဒီနှစ် ကြက်သွန်စိုက်တောင်သူတွေနဲ့ လှောင်တဲ့ကုန်သည်တွေလည်း ရှုံးကြတယ်၊ ပေါ်ကာစကတည်းက ကျပ် ၈၀၀ ပဲရတယ်၊ ဈေးကောင်းမရလို့ တချို့တစ်ဝက်ကို မရောင်းဘဲ ဈေးကောင်းရမှရောင်းမယ်ဆိုပြီး လှောင်ထားတာ၊ ဒီအချိန်ရောက်ရင် မနှစ်ကလို ဈေးတက်မယ်လို့ ထင်ထားခဲ့ကြတာ၊ စိုက်ပျိုးတဲ့ တောင်သူတွေမှာလည်း ဈေးကောင်းမရတော့ စိုက်ပျိုးစရိတ်၊ အလုပ်သမားစရိတ်တွေနဲ့ အရှုံးပေါ်ကြသလို ကုန်သည်တွေလည်း လှောင်တဲ့ရက်ကြာလာတော့ အလျော့တွက်၊ သယ်ယူစရိတ်တွေ တိုးလာတယ်၊ မနှစ်က ဒီအချိန်ဆိုရင် ကုန်ကားကြီးတွေနဲ့ ရန်ကုန်၊ မန္တလေးကို ပို့နေရတာ၊ ဒီနှစ်တော့ အရှုံးပေါ်နေတယ်"ဟု ဆင်ဖြူကျွန်းမြို့ရှိ ကြက်သွန်နီပွဲစားတစ်ဦးက ပြောသည်။

ကြက်သွန်နီစိုက်ပျိုးရာတွင် ဥစိုက်ကြက်သွန်နီမှာ ကုန်ချိန်ပေါ့ကာ အထားမခံသည့်အတွက် လှောင်၍မရဘဲ ကြက်သွန်ပေါ်ချိန်တွင် အမြန် ပြန်လည်ရောင်းချရကြောင်း၊ မျိုးဖြင့်စိုက်ပျိုးသော ကြက်သွန်နီမှာမူ ကြာရှည်အထားခံကာ သိုလှောင်နိုင်သည့်အတွက် တောင်သူများအနေဖြင့် လှောင်ကုန်အဖြစ်ထားရှိပြီး ဈေးကောင်းရမှ ထုတ်ရောင်းကြကြောင်း သိရသည်။

ကြက်သွန်နီသည် ပိဿာချိန် ၁၀၀ လှောင်ထားပါက တစ်လလျှင် ငါးပိဿာခန့် အလေးချိန်လျော့နည်းတတ်သည့်အတွက် ပြန်ရောင်းချိန်တွင် ဈေးကောင်းရမှသာ သိုလှောင်သူအတွက် အဆင်ပြေပြီး ယခုနှစ်တွင်မူ ပြန်ရောင်းချိန်တွင် ဈေးကောင်းမရသည့်အတွက် ကြက်သွန်စိုက်ပျိုးသောတောင်သူများနှင့် ဝယ်ယူသိုလှောင်ထားသည့် ပွဲရုံများအနေဖြင့် အရှုံးနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

ကြက်သွန်နီကို မကွေးတိုင်းဒေသကြီးအတွင်း စလင်းနှင့် ဆင်ဖြူကျွန်းဒေသရှိ တောင်သူများအနေဖြင့် အဓိက ဆောင်းသီးနှံတစ်ခုအဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး နွေရာသီတွင်လည်း နွယ်တမယ်ချောင်းတစ်လျှောက်နှင့် ကိုင်းမြေများတွင် ရေသွင်း၍ စိုက်ပျိုးကြကြောင်း သိရသည်။ **မေသူလွင်(မကွေးကိုယ်ပွား)**


မင်းဘူးမြို့ရှိ ကြက်သွန်နီပွဲရုံတစ်ရုံတွင် သိုလှောင်ထားသော ကြက်သွန်နီများ



## ပုဗ္ဗသီရိမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြော

**နေပြည်တော် ဩဂုတ် ၁၅**
နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျောက်ခွက်သရက်ပင်ကျေးရွာရှိ ဒေသခံပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဥတ္တရခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဥတ္တရခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအေးလူနှင့် ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်သန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်မျိုးသိန်းတို့က လူကုန်ကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုဆိုင်ရာများကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းက ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အလုပ်သမားကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကျောက်ခွက်သရက်ပင်ကျေးရွာအပြင် ဝဲကြီးကျေးရွာ၊ အင်တိန်ကျေးရွာနှင့် ကျောင်းကုန်းကျေးရွာတို့မှ ဒေသခံပြည်သူ ၃၀၀ ခန့် တက်ရောက်ခဲ့သည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

## ဒီရေတက်မှုကြောင့် မသန့်ရှင်းသောရေများ သောက်သုံးရေကန်အတွင်းစိမ့်ဝင်

**ရန်ကုန် ဩဂုတ် ၁၅**
ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း အလတ်ချောင်းရပ်ကွက်၌ ဩဂုတ် ၁၃ ရက် ညနေ ၅ နာရီခွဲခန့်က မြစ်ရေများလျှံတက်လာခြင်းနှင့် ဒီရေတက်လာခြင်းကြောင့် ရပ်ကွက်အတွင်းရှိပြည်သူများ၏ သောက်သုံးရေအတွက် အားထားသုံးစွဲနေရသည့် သောက်သုံးရေကန်ကြီးနှစ်ကန် ပတ်လည်၌ မသန့်စင်သောရေဆိုးများ ဝိုင်းနေကာ ရေကန်အတွင်းသို့လည်း ရေများစိမ့်ဝင်လျက်ရှိကြောင်း သိရသည်။

ဤကဲ့သို့ သောက်သုံးရေကန်အတွင်း မသန့်စင်သောရေများ စိမ့်ဝင်ထားခြင်းကြောင့် အများပြည်သူသောက်သုံးရန် အခက်အခဲရှိနိုင်ကြောင်းနှင့် ထိုရေကန်များတွင် သက်ဆိုင်ရာ ကျန်းမာရေးဌာနများက ရေသန့်ဆေးများ၊ ရောဂါကာကွယ်ဆေးများ ခတ်ပေးနိုင်ပါက အများပြည်သူတို့၏ ကျန်းမာရေးအတွက် အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ရပ်ကွက်အတွင်းရှိ ရပ်မိရပ်ဖများနှင့် ပြည်သူအချို့က ပြောကြားလျက်ရှိသည်။ **စည်သူပိုင်စိုး**

## မကွေးမြို့၌ အဆောက်အအုံများ ဆောက်လုပ်ပြင်ဆင်ခြင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာမှုအားနည်းနေ

**မကွေး ဩဂုတ် ၁၅**
မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် စည်ပင်သာရေးနယ်နိမိတ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က ထုတ်ပြန်ထားသော စည်းကမ်းချက်များကို မကွေးမြို့နယ်နေ ပြည်သူများအနေဖြင့် လိုက်နာမှုအားနည်းနေသလို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကလည်း စည်းကမ်းကြပ်မတ် ထိန်းသိမ်းဆောင်ရွက်မှုတွင် အားနည်းလျက်ရှိကြောင်း မြို့ခံအချို့၏ ပြောကြားချက်များအရ သိရသည်။

"ကျွန်မနေအိမ်ရဲ့ဘေးအိမ်က ဖျက်ပြီး သုံးထပ်တိုက်အဆောက်အအုံ ဆောက်တယ်၊ အဆောက်အအုံမဆောက်လုပ်ခင် နေအိမ်ဘေးအခြေမှာ ကပ်ပြီးဖောင်ဒေးရှင်းတူးနေလို့ စည်းကမ်းနဲ့အညီ ဆောက်လုပ်စေရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးဖို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို တိုင်ကြားခဲ့တယ်၊ လာစစ်ဆေးတယ်၊ ဒါပေမယ့် စည်းကမ်းနဲ့အညီ မဆောက်ဘူး၊ ထပ်ခါထပ်ခါ တိုင်တယ်၊ ကွင်းဆင်းစစ်ဆေး လမ်းညွှန်မှုမရှိဘူး၊ အမှန်ဆို ဆောက်လုပ်နေစဉ်အတွင်း စည်းကမ်းနဲ့အညီ ပြင်ဆင်ဆောက်လုပ်ဖို့ စစ်ဆေးလမ်းညွှန်သင့်တယ်၊ လမ်းညွှန်မှုမရှိလို့ ဒီလိုဆောက်နေတာပေါ့၊ စည်ပင်က သုံးထပ်အဆောက်အအုံပြီးခါနီးမှ ထတရားစွဲတယ်၊ တရားစွဲတာက တရားရုံးမှာ ဒဏ်ကြေးပဲရှိတယ်လို့ သိရတယ်၊ တိုင်သာတိုင်ရတယ်၊ တိုင်မောဖြစ်နေပါတယ်"ဟု မကွေးမြို့ ဈေးရပ်ကွက်နေ ဒေါ်ဥမ္မာက ၎င်း၏ကိုယ်တွေ့ဖြစ်စဉ်ကို ဩဂုတ် ၃ ရက်က ပြောပြသည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကလည်း "ဘေးနေအိမ်တွေနဲ့ သင့်မြတ်နေရင် ဘယ်လိုဆောက်ဆောက် အဆင်ပြေနေတာပဲ၊ စည်ပင်ကလည်း ဘေးပတ်ဝန်းကျင်နဲ့ အဆင်ပြေရင်ပြီးတာပဲလို့ ပြောတယ်၊ မကွေးမြို့ပေါ်မှာတော့ ဥပဒေနဲ့အညီ လိုက်နာဆောက်လုပ်တာ မရှိသလောက် နည်းတယ်"ဟု ၎င်း၏ ဆောက်လုပ်ရေးလုပ်ငန်းတစ်လျှောက် လုပ်ငန်းခွင်တွင် ဖြတ်သန်းခဲ့ရမှုအတွေ့အကြုံကို ပြောပြသည်။

မကွေးမြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းများအတွက် မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ချမှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များတွင် ဆောက်လုပ်မည့် အဆောက်အအုံနှင့် ယင်းအဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာ၏ နယ်နိမိတ်အမှတ်အသား စပ်ကြားတွင် (က)တစ်ထပ်အဆောက်အအုံအတွက် ရှေ့နောက်မြေအကျန် သုံးပေ၊ ဘေးမြေအကျန် သုံးပေ၊ (ခ)နှစ်ထပ်အဆောက်အအုံအတွက် ရှေ့နောက်မြေအကျန် ငါးပေ၊ ဘေးမြေအကျန် သုံးပေ၊ (ဂ)သုံးထပ်အဆောက်အအုံအတွက် ရှေ့နောက်မြေအကျန် ခုနစ်ပေခွဲ၊ ဘေးမြေအကျန် သုံးပေ မြေကွက်လပ်ရှိစေရမည်ဟု သတ်မှတ်ထုတ်ပြန်ထားသည်။

စည်းကမ်းချက်နှင့် မကိုက်ညီဘဲ ဆောက်လုပ်သော အဆောက်အအုံများကို စည်းကမ်းနှင့်အညီ ပြင်ဆင်ဆောက်လုပ်စေရန် မြို့နယ်စည်ပင်သာရေးအဖွဲ့အနေဖြင့် ညွှန်ကြားနိုင်သလို လမ်းညွှန်ချက်အတိုင်း ပြင်ဆင်ခြင်းမပြုခဲ့လျှင် အမှုဆောင်အရာရှိသည် အဖွဲ့၏သဘောတူညီချက်ဖြင့် အဆိုပါ အဆောက်အအုံ(သို့မဟုတ်) အစိတ်အပိုင်းကို ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်ခြင်းများ ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းချက်တွင်ပါဝင်ကြောင်း သိရသည်။

**ကျော်ဇေယျ**

## ဘားအံမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ဘားအံ ဩဂုတ် ၁၅**
ကရင်ပြည်နယ် ဘားအံမြို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းအချို့ကို ပိတ်သိမ်းပြီးဖြစ်သော်လည်း သံလွင်မြစ်ရေမှာ စိုးရိမ်ရေမှတ်အထက် ကျော်လွန်မြင့်တက်နေသေးသောကြောင့် ရေဘေးကယ်ဆယ်ရေးစခန်း ခုနစ်ခုကို ဆက်လက်၍ ဖွင့်လှစ်ထားရဆဲဖြစ်သည်။



အဆိုပါ စခန်းများအနက် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် Cyclone Shelter ရေဘေးကယ်ဆယ်ရေးစခန်းနှင့် မဲဘောင်ဘုန်းကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းများမှ ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများကို ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဂုတ် ၁၄ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေကြီးပြီးနောက် ပြုလုပ်ရမည့်အချက်များအကြောင်း အသိပညာပေး ဟောပြောခြင်း၊ ရေဘေးအန္တရာယ်အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သော ကလေးငယ်များ စိတ်ခွန်အားပြည့်ဝစေရန် သံပြိုင်ကဗျာရွတ်ဆိုစေခြင်းနှင့် ဉာဏ်စွမ်းရည်ထက်မြက်စေရန် ဉာဏ်စမ်းမေးခွန်းများမေးမြန်း၍ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## လမ်းဘေးခွေးများကို ကာကွယ်ဆေးထိုးခြင်းနှင့် မျိုးပွားမှုထိန်းချုပ်ရေး လမ်းမတော်မြို့နယ်၌ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၅**
ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ လမ်းဘေးခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ တားဆေးထိုးနှံခြင်းနှင့် မျိုးပွားမှုထိန်းချုပ်ရေးအတွက် ခွဲစိတ်ခြင်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူ ဆရာဝန်များနှင့် တိရစ္ဆာန်ညှဉ်းပန်းနှိပ်စက်မှု ကာကွယ်ရေးကွန်ရက်၊ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၁၄ ရက်က ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ်များကို ခွေးရူးကင်းစင်နယ်မြေ ဖြစ်လာစေရန်အတွက် ၂၀၁၆ ဩဂုတ်လမှစ၍ ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ သတ်မှတ်အပတ်စဉ်အတိုင်း ဆောင်ရွက်ခဲ့ရာ ယခု နှစ်နှစ်တာကာလအတွင်း ခွေးရူးကာကွယ်ဆေးထိုးနှံပေးပြီးသည့် ခွေးအကောင်ရေ ၁၀၀၀ ကျော်ရှိသလို မျိုးပွားမှုထိန်းချုပ်ရန် ခွဲစိတ်ပေးနိုင်မှု ၅၀၀ ကျော်ရှိခဲ့၍ ခွေးမျိုးပွားမှု သိသာစွာကျဆင်းသွားခဲ့ပြီး အောင်မြင်မှုရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေ ထွက်ပေါ်လာပါက SME လုပ်ငန်းများအတွက် ပိုမိုကောင်းမွန်လာမည်

**ရန်ကုန် ဩဂုတ် ၁၅**

မကြာမီ ထွက်ပေါ်လာတော့မည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေကြောင့် SME လုပ်ငန်းရှင်များအတွက် အခွင့်အလမ်း အလားအလာကောင်းများ ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း(IPPAM)ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ပြောကြားသည်။

"တိုင်းပြည်တစ်ပြည်မှာ အရေးကြီးတဲ့ SME လုပ်မယ့် လုပ်ငန်းရှင်တွေအနေနဲ့ သူတို့ရဲ့လုပ်ငန်းတွေ၊ ထုတ်လုပ်တဲ့ပစ္စည်းတွေကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေနဲ့ အကာအကွယ်ယူလိုက်ရင် သူတို့လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့အခါ အကာအကွယ်ယူပြီးသား ဖြစ်သွားမှာပါ၊ လက်ရှိမြန်မာနိုင်ငံမှာ ကိုယ့်ရဲ့အသိဉာဏ်နဲ့ထုတ်လုပ်တဲ့ ပစ္စည်းတွေနဲ့ အခြားအရာတွေကို စာချုပ်စာတမ်းရုံးမှာ အသိပေးကြော်ငြာတာပဲ ရှိပါတယ်၊ ဒီအပေါ်မှာ တစ်ဖက်က လက်ခံထားတာပဲရှိတယ်၊ မှတ်ပုံတင်တယ်ဆိုတာက ဌာနတစ်ခုကနေပြီး အတိအလင်းကို အသိအမှတ်ပြုလို့ရတဲ့လက်မှတ်တွေ ထုတ်ပေးလို့ရတဲ့ အခြေအနေမျိုးကို ခေါ်တာပါ၊ ဒီအခြေအနေက အခုထိ မရှိသေးဘူး၊ ဥပဒေထွက်လာရင်တော့ နောင်တစ်ချိန်မှာတော့ ရှိလာမှာပါ၊ တီထွင်တဲ့လူတွေဟာ ကိုယ်တီထွင်တဲ့အရာကို လက်ဆုပ်လက်ကိုင်ရသွားတဲ့ အခြေအနေပေါ့၊ ဒီလိုဖြစ်လာဖို့ကို ဥပဒေတွေ အဆင့်ဆင့် တင်သွင်းထားပါတယ်"ဟု ပြောကြားသည်။

ဥပဒေထွက်ပေါ်လာပါက SME လုပ်ငန်းရှင်များအတွက် အခွင့်အလမ်း အလားအလာကောင်းများ ပိုမိုရရှိလာစေမည်ဖြစ်သလို ကုန်အမှတ်တံဆိပ်ပေါင်း သောင်းနှင့်ချီရှိနေသည့်အပေါ်မည်သို့ ကြိုတင်ဖြေရှင်းကြမည်ဆိုသည့်အတွက်လည်း အသင်းအနေဖြင့် အခါအားလျော်စွာ ပညာရှင်စကားဝိုင်းများ၊ ဆွေးနွေးပွဲများ ကျင်းပပေးနေပြီး ယင်းဆွေးနွေးပွဲများမှ အကောင်းဆုံးဆွေးနွေးချက်များက ခိုင်မာသည့်အဖြေများ ထွက်ပေါ်လာစေမည်ဖြစ်ကြောင်းလည်း အသင်းဥက္ကဋ္ဌကဆိုသည်။

ပြည်တွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် ဗဟိုဘဏ်နှင့်ချိတ်ဆက်ကာ ချေးငွေများထုတ်ချေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍ တိကျခိုင်မာသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေ ထွက်ပေါ်လာလျှင် SME လုပ်ငန်းများ၏ အခန်းကဏ္ဍကို ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေတွင် ကဏ္ဍလေးမျိုးရှိရာ စက်မှုဒီဇိုင်း/တီထွင်မှုမူပိုင်ခွင့် (မိမိတီထွင်မှုကို ပိုင်ဆိုင်ခြင်း)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်၊ အနုပညာဆိုင်ရာမူပိုင်ခွင့်(တေးသီချင်း၊ စာပေ၊ ဂီတ၊ သုခုမအနုလက်ရာ၊ ကွန်ပျူတာဆော့ဖ်ဝဲ)၊ တွေးတောကြံဆပြီးဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသောပစ္စည်းများမူပိုင်ခွင့် စသည်တို့ဖြစ်ကြောင်း သိရသည်။

အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းကို ၂၀၁၄ ခုနှစ်က စတင်တည်ထောင်ပြီး ယခုအခါတွင် အသင်းဝင်ပေါင်း ၁၅၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ လက်ရှိတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေ မထွက်သေးသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် အသင်းဝင်ရန် အာသီသ နည်းနေသေးကြောင်း၊ အသင်းအနေဖြင့် မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များစကားဝိုင်းကို ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI နှင့် ဆရာစံပလာဇာတို့တွင် မကြာခဏ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေမှာ လက်ရှိအချိန်တွင် ရေးဆွဲပြီးဖြစ်ကာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်သို့ အဆင့်ဆင့် တင်သွင်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်က အသိအမှတ်ပြု၍ ဥပဒေထွက်ပေါ်လာပြီဆိုပါက မြန်မာနိုင်ငံ၏ SME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏တီထွင်ဆန်းသစ်မှုများအတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အကာအကွယ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း IPPAM မှသိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# တပ်ကုန်းမြို့နယ်၌ လုပ်သားအခက်အခဲကြောင့် ပေါင်းရှင်းစက်များကို တောင်သူများ ပို၍အသုံးပြုလာ

**တပ်ကုန်း ဩဂုတ် ၁၅**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းမှ ထုံးဘို၊ မရိုးကုန်း၊ ဒဟတ်တော စသည့် ကျေးရွာများရှိ တောင်သူအချို့သည် စိုက်ပျိုးရေးလုပ်ငန်းအတွက် ပေါင်းရှင်းနေ့စားလုပ်သားရှားပါးသည့်အခက်အခဲကို ကြုံတွေ့နေရသဖြင့် ယခုနောက်ပိုင်းတွင် လယ်ယာကန်သင်းများနှင့် ဝါစိုက်ခင်း၊ ငရုတ်စိုက်ခင်းများတွင် ပေါင်းရှင်းရန်အတွက် လူအား၊ ငွေအားနှင့် အချိန်ကုန်သက်သာသော ပေါင်းရှင်းစက်များကို အသုံးများလာကြောင်း သိရသည်။

"ဒီဝါစိုက်ခင်းမှာ လူလုပ်အားအသုံးပြုပြီးတော့ ပေါင်းပေါက်ရင် တစ်ကေကို ဆယ်ယောက် ငှားရမ်းပြီးလုပ်မှ ပြီးစီးနိုင်မယ်၊ တစ်နေကုန် လူငှားတစ်ဦးကို ၄၀၀၀ ကျပ် ပေးရပါတယ်၊ အခု ပေါင်းရှင်းစက် အလုပ်သမားငှားရမ်းပြီး ပေါင်းရှင်းတဲ့လုပ်ငန်းဆောင်ရွက်တာ တစ်နာရီကို ၂၅၀၀ ကျပ်ပဲပေးရလို့ ကုန်ကျစရိတ်သက်သာပြီး အချိန်တိုအတွင်း ပြီးစီးပါတယ်"ဟု မရိုးကုန်းကျေးရွာမှ ဝါစိုက်တောင်သူတစ်ဦးက ပြောသည်။



တောင်သူများအနေဖြင့် တရုတ်နိုင်ငံထုတ် ပေါင်းရှင်းစက်ကို ကျပ် ၁၂၀၀၀၀ ဖြင့် ကိုယ်ပိုင်ဝယ်ယူ၍ အသုံးပြုနေကြပြီး တစ်နေကုန်အသုံးပြုပါမှ ဓာတ်ဆီ သုံးပုလင်းသာ ကုန်ကျကြောင်းနှင့် စက်ဝယ်ပြီး အလုပ်သမားတစ်ဦးငှား၍ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ လုပ်ခြင်းက ပေါင်းရှင်းနေ့စားအလုပ်သမားများ ငှားရမ်းဆောင်ရွက်ခြင်းထက် ကုန်ကျစရိတ် ပိုသက်သာပြီး လုပ်ငန်းများလည်း အမြန်ပြီးစီးသောကြောင့် ယခုအခါ တပ်ကုန်းမြို့နယ်အတွင်းမှ တောင်သူအများစုအနေဖြင့် ပေါင်းရှင်းစက်များကို တွင်ကျယ်စွာ ဝယ်ယူအသုံးပြုလာနေကြပြီဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**တင်စိုးလွင်**

# ကျိုက်မရောမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၄၀၀ နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း



**ကျိုက်မရော ဩဂုတ် ၁၄**

မွန်ပြည်နယ် ကျိုက်မရောမြို့မှ ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်အိတ် ၄၀၀ နှင့် ရေဘေးသင့် အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများကို ရွှေညဝါဆရာတော်ကြီး ဦးဆောင်သည့် မြန်မာလူမှုဘဝတိုးတက်မြင့်မားရေးအသင်းက ဩဂုတ် ၁၄ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် ၂၄ ပြည်ဝင် ဆန်အိတ် ၄၀၀ နှင့် ရေဘေးသင့် ဘိုးဘွားများအား တစ်ဦးလျှင် ကျပ်ငါးထောင်စီ ပေးဝေနိုင်ရန်အတွက် ထောက်ပံ့ငွေ ကျပ်ငါးသိန်းတို့ကို ရွှေညဝါဆရာတော် ဦးဆောင်ပြီး မြန်မာ လူမှုဘဝတိုးတက်မြင့်မားရေးအသင်းမှ ဥက္ကဋ္ဌ ဦးဗေလုဝနှင့် ဦးမေတ္တာ၊ ဦးနေမျိုးဇင်တို့ အဖွဲ့က ကျိုက်မရော မြို့နယ် သဘာဝဘေးဆိုင်ရာကော်မတီ တာဝန်ရှိသူများထံသို့ လာရောက်ပေးအပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

# ကျောက်ကြီးမြို့နယ်မှ နှစ် ၁၀၀ ကျော်သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံ ပြိုကျပျက်စီး

**ကျောက်ကြီး ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် တောင်ငူတန်းရပ်ကွက် မင်းကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ နှစ်ပေါင်း ၁၀၀ ခန့်သက်တမ်းရှိ ရှေးဟောင်းပိဋကတ်တိုက် အဆောက်အအုံသည် ဟောင်းနွမ်းဆွေးမြည့်လာခြင်းကြောင့် ဩဂုတ် ၁၄ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်က ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။



အဆိုပါ ပိဋကတ်တိုက်အဆောက်အအုံသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က ဆောက်လုပ်ထားရှိသည့် အဆောက်အအုံဖြစ်ပြီး အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ပေ ၂၀ ခန့်ရှိကာ အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုး အဆောက်အအုံဖြစ်ကြောင်း၊ ဟောင်းနွမ်းဆွေးမြည့်နေ၍ အသုံးမပြုတော့သည်မှာ ကြာပြီဖြစ်ကြောင်း၊ ပြိုကျ ပျက်စီးချိန်တွင်လည်း ထိခိုက်ဒဏ်ရာရသူမရှိကြောင်း အဆိုပါဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေသည့် ဆရာတော် ဉူးတေဇက မိန့်ကြားသည်။

**ကိုသားကြီး(ပြန်/ဆက်)**

# ပဲခူးမြို့၌ MPT လူငယ်ဘောလုံးပွဲတော်နှင့် လူငယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**ပဲခူး ဩဂုတ် ၁၅**

၂၀၁၈ ခုနှစ် ပဲခူးတိုင်းဒေသကြီးအဆင့် MPT လူငယ်ဘောလုံးပွဲတော်နှင့် အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ပဲခူးမြို့ရှိ Grand Royal အားကစားရုံ၌ ဩဂုတ် ၁၄ ရက်က ကျင်းပခဲ့သည်။

လူငယ်ဘောလုံးပွဲတော်နှင့် ပြိုင်ပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်နှင့် MPT တို့၏ စီစဉ်မှုဖြင့် အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကို ဩဂုတ် ၂၄ ရက်အထိ ကျင်းပပြီး ပဲခူး၊ တောင်ငူ၊ ပြည်နှင့် သာယာဝတီခရိုင်တို့မှ တစ်ခရိုင်လျှင် သုံးသင်းဖြင့် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းပါဝင်ကာ အုပ်စုလေးစုခွဲပြီး ပတ်လည် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးနှင့် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်တို့က အမှာစကားပြောကြားပြီး MPT Joint Operation မှ တာဝန်ရှိသူတစ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် လူငယ်ဘောလုံးပွဲတော်နှင့် ဘောလုံးပြိုင်ပွဲကို ဝန်ကြီးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး လူငယ်ဘောလုံးပွဲတော်တွင် ပါဝင်ကြမည့် ကလေးငယ်များနှင့် ယူ-၁၄ ဘောလုံးပွဲတွင် ယှဉ်ပြိုင်ကြမည့် အသင်းသားများအား လိုက်လံနှုတ်ဆက်ကာ ပဲခူးတိုင်းဒေသကြီးတွင် ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် MPT က ဘောလုံး ၂၅၀ နှင့် Myanmar Care မှ ဘောလုံး ၁၀၀ တို့ကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဘောလုံးအားကစားကဏ္ဍ တိုးတက်ရေးအတွက် အထူး Pilot Porject တစ်ခုအနေဖြင့် လူငယ်ဘောလုံးပွဲတော်နှင့် လူငယ်ဘောလုံးပြိုင်ပွဲများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်နှင့် MPT တို့ ပူးပေါင်းပြီး ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်မှ စွန့်ပစ်ခံ မွေးစကလေးငယ်တစ်ဦးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**မြို့သစ် ဩဂုတ် ၁၅**

မကွေးခရိုင် မြို့သစ်မြို့နယ် ဆင်ဖြူချီကျေးရွာအုပ်စု မကြီးကုန်းလေးကျေးရွာ၏ အရှေ့ဘက် ယင်းချောင်းအနီး၌ စွန့်ပစ်ထားခြင်းခံရသော မွေးကင်းစ မိန်းကလေးငယ်တစ်ဦးအား မကွေးတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါ်ဉမ္မာဝင်းနှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၏ဇနီး ဒေါ်အေးအေးဝင်းတို့ ဦးဆောင်သည့်အဖွဲ့က နို့မှုန့်၊ ပိတ်စ၊ နို့ဘူးနှင့် ကလေးအတွက် လိုအပ်သည့်အသုံးအဆောင်များကို ဩဂုတ် ၁၄ ရက်က သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

အဆိုပါကလေးငယ်မှာ ဩဂုတ် ၁၂ ရက်က စွန့်ပစ်ထားခံရခြင်းဖြစ်ပြီး မကြီးကုန်းလေးကျေးရွာနေ ဦး--- နှင့် ဒေါ် --- မိသားစုက တရားဝင်မွေးစားရန်ရည်ရွယ်ကာ စောင့်ရှောက်ထားသောကြောင့် တိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ကလေးအတွက်ပစ္စည်းများကို အဆိုပါမိသားစုထံသို့ သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌသည် မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်ဇော်မြင့်နှင့် မြို့နယ်လဝကဦးစီးမှူးတို့နှင့်လည်း တွေ့ဆုံ၍ စွန့်ပစ်ခံကလေးငယ်အတွက် လိုအပ်သည်များကို ဆွေးနွေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# အမြို့မြို့အနယ်နယ်၌ ပြည်သူ့စကားဝိုင်းများကျင်းပ

**လွယ်ဂျယ်**
ကချင်ပြည်နယ် လွယ်ဂျယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၃ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနိုင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်မှူး ဒုရဲမှူးအောင်လှိုင်၊ နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်သိန်းဇော်၊ ပညာရေးဌာနမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်နှင့် မြို့မိမြို့ဖဦးအုန်းကျော်တို့က သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသူများက လူကုန်ကူးမှုဆိုင်ရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒုရဲမှူးအောင်လှိုင်က သိရှိလိုသည်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




**ကျုံပျော်**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ရေစခန်းကျေးရွာ ပရဟိတကျောင်းတိုက် သစ္စာရောင်သျှံမ္မာရုံအတွင်း၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလှမျိုးအောင်က ပြည်သူ့စကားဝိုင်းများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မန်းဂျော်နီက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ပတ်သက်၍လည်းကောင်း၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ကျေးလက်လမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဆွေမှူဟန်က မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုသဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလိန်းကျိုးက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးနွယ်က စိုက်ပျိုးရေးဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ပြည်သူများက မေးမြန်းဆွေးနွေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိုင်းတုံ**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ ဒုတိယအကြိမ် ပြည်သူ့စကားဝိုင်းကို "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေအောင်က အမှာစကား ပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာက မူးယစ်ဆေးဝါး၏ အန္တရာယ်ဆိုးကျိုးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောမတ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှုများ၊ မြို့နယ်ဥပဒေအရာရှိ ဦးနေဒွန်းသာက မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဥပဒေများ၊ မြို့နယ်သွားဆရာဝန် ဒေါက်တာစမျိုးမင်းက မူးယစ်ဆေးကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးပြဿနာများ၊ ပညာရေးဌာနမှ ဆရာကြီး ဦးအောင်ကျော်ဇောက လူငယ်ဘဝ မှန်ကန်ရေးအတွက် ပညာရေးဦးစားပေးရမည့် အချက်များ၊ မြို့နယ်အားကာမှူး ဦးအောင်ကိုကိုက အားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများစသည်ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် လူငယ်များနှင့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေး သူများက ပြန်လည်ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ခိုလမ်**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ခိုလမ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက်က ဟိုင်းလိုက်ကျေးရွာအုပ်စု ၂၉ မိုင်ကျေးရွာရှိ အလင်းရောင်စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်လေးဝင်းက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူး၊ ခိုလမ်နယ်မြေရဲစခန်းမှ ရဲအုပ်ဇော်ထူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးစိုင်းဆာထွန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသော်တာ၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလေးဝင်း၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဒေါက်တာဟိန်းရာဇာ၊ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်ဒေါက်တာအောင်ကျော်စိန်နှင့် အထကကျောင်းအုပ်ကြီး ဦးသောင်းထွန်းဦးတို့က ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး စည်းဝေး

**ကျောက်ဆည် ဩဂုတ် ၁၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာလတွင် ကျင်းပမည့်ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က ကလေးစာပေပွဲတော်တွင် ခရိုင်အဆင့် မြို့နယ်အဆင့် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအပြင် မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များပါ ပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်က ကလေးစာပေပွဲတော်တွင် ပါဝင်ကျင်းပသွားမည့် ကလေးများအတွက် ဗလငါးတန် ဖွံ့ဖြိုးစေနိုင်သော ပြိုင်ပွဲများ၊ ပြခန်းများ၊ ဖျော်ဖြေပွဲများအကြောင်း ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

ဆက်လက်ပြီး ပွဲတော်ကြီးစည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်စေရေး လိုအပ်သည်များဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် မြို့မိ မြို့ဖဒေသခံများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ရေချိုငါးလုပ်ငန်းဥပဒေအား အသိပညာပေး

**ဘိုကလေး ဩဂုတ် ၁၅**
ဘိုကလေးမြို့နယ် ရေလုပ်သားဖွံ့ဖြိုးရေးအဖွဲ့ (FDA)နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ (၄/၂၀၁၈) အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ဘိုကလေးမြို့ဇေယျ မေဒနီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လွင်က ငါးလုပ်ငန်းဥပဒေ (၄/၂၀၁၈)မှ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **ဝ၈၇**

## သီပေါ၌ ဒေသထွက် နာနတ်သီးများအရောင်းသွက်

**သီပေါ ဩဂုတ် ၁၅**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဆောင်ကြဲ၊ ပန်မြိုင်း၊ ကောင်းလန်း၊ နောင်ကော်ကြီး စသည့်ကျေးရွာများမှ ထွက်ရှိသော ရာသီလက်ကျန် နာနတ်သီးများ မြို့မဈေး၊ ဝက်ဝံဈေးနှင့် မိုင်းပွန်လမ်းဘေး၌ ရောင်းချသည့်ဆိုင်များတွင် အရောင်းသွက်လျက်ရှိသည်။

"ယခုအချိန်က နာနတ်သီး ရာသီကုန်တော့မယ်ဆိုတော့ အရင်တုန်းကလို နာနတ်သီးတွေ လှိုင်လှိုင်မဝင်တော့ဘူး။ ကျွန်မတို့ ဒီမှာပြန်ရောင်းဖို့ ပေါ်ချိန်က စိတ်ကြိုက်ရွေးဝယ်လို့ရပေမယ့် အခုတစ်ခြံလုံးပြတ်ဝယ်ရတာ။ ခြံပြတ်ဆိုတော့ အရွယ်အမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးပေါ့။ ဆိုင်တင်ရောင်းဈေးကတော့ အနု၊ အရင့်၊ အသေး၊ အရွယ်အစားအလိုက်၊ နာနတ်သီးတစ်လုံးကို ငွေကျပ် ၇၀၀ ကနေ ၇၅၀ အထိ ရောင်းရတယ်။ သက်ရင့်ခြံကထွက်တဲ့ နာနတ်သီးက အချိုဓာတ်ပိုတော့ ဈေးပိုရပါတယ်" ဟု နာနတ်ကုန်သည် မနန်းနန်းက ရှင်းပြသည်။ **စိုင်း (သီပေါ)**

## ကသာ- ထီးချိုင့်အမှတ်(၃) ကားလမ်းမပေါ်ရှိ ချောင်းများတွင် ကွန်ကရစ်တံတားများ တည်ဆောက်

**ကသာ ဩဂုတ် ၁၅**
ကသာမြို့နယ်နှင့် ထီးချိုင့်အမှတ်(၃) ကားလမ်းမပေါ်ရှိ ချောင်းဖြတ်ကူးနေရာများအား သန်း ၁၈၀ တန်ဖိုးရှိ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်ရေး ကွန်ကရစ်တံတား သုံးစင်း တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသည်။

ထို့ပြင် ကသာ- ထီးချိုင့်ကားလမ်းရှိ ပိန္နဲချောင်း သံကူကွန်ကရစ်တံတား တစ်စင်း၊ BOX Culvert တစ်စင်း၊ အစုကြီးချောင်း သံကူကွန်ကရစ်တံတား တစ်စင်းတို့ တည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်လမ်းဦးစီးဌာနမှ ကြီးကြပ် လုပ်ဆောင်ပေးနေလျက်ရှိကြောင်းသိရသည်။ အဆိုပါ လမ်းတံတား တည်ဆောက်ပြီးစီးပါက ကသာခရိုင်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာချင်းဆက်ရွာများ ဖြတ်သန်း၍ ကုန်သွယ်မှုလမ်းကြောင်း ပိုမိုမြန်ဆန် လာစေနိုင်မည်ဖြစ်ကြောင်း၊ ယခင်က မိုးရွာသွန်းမှု အားကြီးလာပါက ဖြတ်သန်း သွားလာရန် ချောင်းရေကျ စောင့်ဆိုင်းနေရသော အချိန်များလည်း မရှိနိုင်တော့သဖြင့် ကသာ- ထီးချိုင့် ၃၆ မိုင်ရှိလမ်းမှ နာရီအနည်းအငယ်ဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း၊ ကသာမှ မိုးညှင်း- မိုးကောင်း- ကချင်ပြည်နယ်ဘက်သို့လည်းကောင်း၊ ကသာမှ ဗန်းမော်မြို့သို့ ခရီးသွားလာရာတွင် လည်းကောင်း ဖြတ်လမ်းသဖွယ် အသုံးပြုသူများလာမည်ဖြစ်၍ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် လမ်းပိုင်းကျောက်ချော မြေသားခင်းလမ်းကို ထပ်ပိုးလွှာကတ္တရာလမ်းပြီးမြောက်အောင် ခင်းသွားနိုင်ရန် ထီးချိုင့် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ညှိနှိုင်းတောင်းခံထားရှိကြောင်း ကသာ မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက ပြောသည်။

**ငွေအိုး (ကသာ)**



## မြစ်ကြီးနားမြို့၌ ကျောင်းအခြေပြု ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်

**မြစ်ကြီးနား ဩဂုတ် ၁၅**
မြစ်ကြီးနားမြို့ အမှတ် (၅)အခြေခံပညာ အထက်တန်းကျောင်း၌ ပြည်နယ်ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။



အဆိုပါ ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ငလျင်လှုပ်ချိန်၌ အဆောင်အသီးသီးမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ မြေငလျင်လှုပ်ပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဒဏ်ရာရသူများအား ရှေးဦးပြုစုခြင်းလုပ်ငန်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကား ပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဒေါ်ခင်သန်းနွဲ့က ကျောင်းသား ကျောင်းသူများအား ငလျင်ဘေးအန္တရာယ်ဆိုင်ရာများကို လေ့လာမှတ်သားကြရန်နှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးမှူး ဒေါ်လှကေသီမာက ငလျင်ဘေး အန္တရာယ်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားကြကာ မှတ်တမ်းဗီဒီယိုခွေအား ပြသခဲ့ပြီး ငလျင်ဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ဆရာကြီး ဦးသန်းနိုင်ဦးက ပြောကြားခဲ့ကြောင်းသိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ထာဝရငြိမ်းချမ်းရေးစေတီတော်သစ်

**ရတနာစည်ဆရာတော် (လှိုင်လင်)**

### ထာဝရငြိမ်းချမ်းရေး

ငြိမ်းချမ်းရေးဟူသည် ငြိမ်းချမ်းခြင်းပင်ဖြစ်၏ ။ ဥပမာအားဖြင့် တည်ငြိမ်သောရေပြင်နှင့်တူ၏ ။ ကြည်လင်၍ အေးချမ်းသော သဘာဝရှိ၏။ သောက်သုံးလျှင် နှလုံးအေးမည်။ ချိုးသုံးလျှင် ကိုယ်လုံးသန့်မည်။နှလုံးအေးမှု (စိတ်ပိုင်း)နှင့် ကိုယ်လုံးသန့်မှု (ရုပ်ပိုင်း)တို့ကို လူတိုင်းလူတိုင်းက နှစ်သက်မြတ်နိုးကြသည်မှာ ဧကန် ဧကသာဖြစ်ပါဘိ၏။ ငြိမ်းချမ်းခြင်းကို နှစ်သက်မြတ်နိုးမှုနှင့်အတူ ငြိမ်းချမ်းခြင်း ထာဝရတည်တံ့ခိုင်မြဲအောင်နှင့် ပိုမို၍ ကျယ်ပြောအောင် ကြိုးစားနေကြရမည်မှာ လူတိုင်း၌ မွေးရာပါ ဝတ္တရားအဖြစ် တည်ရှိနေပါသည်။

ထို့အပြင် တည်ငြိမ်သောရေပြင်ပေါ်သို့ အမှိုက်သရိုက် စွန့်ပစ်မှုများ၊ အညစ်အကြေး သွန်ထည့်မှုများ၊ ရေဆိုး ရေညစ် လောင်းထည့်မှုများ စသည့်လုံးဝမလုပ်အပ်သည့် အရာများ၊ လုပ်ချင်သူများ၊ လုပ်နေသူများ၏လုပ်ရပ်တွေကို ကာကွယ်ရန်အတွက်လည်း လူတိုင်း၌ တာဝန်အဖြစ်ရော ဝတ္တရားအဖြစ်ပါ တည်ရှိနေပါသည်။

ငြိမ်းချမ်းခြင်း တည်တံ့ခိုင်မြဲရန်၊ ကျယ်ပြောတိုးပွားရန်နှင့် ကာကွယ်ရန်အတွက် နိုင်ငံသားအားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေးသည်ပင် ထာဝရငြိမ်းချမ်းရေး ဖြစ်ပါဘိတော့၏။

### ငြိမ်းချမ်းရေးနှစ်မျိုး

နိုင်ငံတကာ၌ ငြိမ်းချမ်းရေးများ မည်သို့ရှိရှိ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌သော်မူ ငြိမ်းချမ်းရေး နှစ်မျိုးရှိပါသည်ဟု ဆိုပါမှ ပြည့်စုံပါမည်။ မှန်ပါ၏။ လောက ငြိမ်းချမ်းရေး(သို့မဟုတ်) လောကီငြိမ်းချမ်းရေးနှင့် ဓမ္မငြိမ်းချမ်းရေး (သို့မဟုတ်) လောကုတ္တရာငြိမ်းချမ်းရေး၊ ယင်းနှစ်မျိုးတို့ ဖြစ်ပါကုန်၏။

### လောက(သို့မဟုတ်)လောကီငြိမ်းချမ်းရေး

လောက ၊ လောကီငြိမ်းချမ်းရေးဟူသည် လောကီလူသားတို့၏ ငြိမ်းချမ်းရေးဖြစ်၏။ တစ်နည်းဆိုလျှင် လူ့ဘောင်ငြိမ်းချမ်းရေးဖြစ်၏။

ယင်းနှင့်စပ်လျဉ်း၍ သတိ၊ ပညာ ဦးစီးပြီး အဖန်ဖန်ဆင်ခြင်သုံးသပ်သတိချပ်အပ်သော ရှေးအဆိုအမိန့်များရှိနေကြောင်း ဦးစွာမှတ်တမ်းပြုပါ၏။ "ကိစ္စမြားမြောင်၊ လူတို့ဘောင်"အဆိုအမိန့်၊ " တိမ်တောင်သဖွယ်၊ မင်းရေးကျယ်" အဆိုအမိန့်၊ "တိုင်းရေးပြည်ရေး၊ ပေါက်နှင့်ကျေး" အဆိုအမိန့်၊ "တိမ်မ ယောင်နှင့် နက်၊ လွယ်မယောင်နှင့် ခက်"အဆိုအမိန့်များသည် လူ့ဘောင်ငြိမ်းချမ်းရေးအတွက် မဖြစ်မနေ နှလုံးသွင်းနေရမည့် အဆိုအမိန့်များဖြစ်၏။ နက်ရှိုင်းခြင်းကိုပြ၏။ ထောက်ရာ တည်ရာ ရရေး နက်နဲခြင်းကိုညွှန်း၏ ။

ယင်းအပြင် " သူတစ်လူ၊ ငါတစ်မင်း"၊ "တစ်တော၊ တစ်ကြက်ဖ" စသည် စသည်တို့ကလည်း စိန်ခေါ်မှုအစုံစုံ ဖြစ်ကြောင်း ပြဆိုလျက်ရှိ၏။ "တစ်ယောက်ကောင်းသော် တစ်သောင်း ဗိုလ်ခြေညက်ညက်ကျေ"၊ "တစ်ယောက်အားနှင့် ယူသော်မရ တစ်သောင်းအားနှင့်ယူသော်ရ၏" စသည် စသည်တို့ကလည်း နှစ်တစ်ရာကြာမှ တစ်ခါလောက်သာ ပေါ်ထွန်းလာတတ်သည်။ အာဇာနည် အရည်အသွေးပြည့် ခေါင်းဆောင်၏ ဂုဏ်ဒြပ်နှင့်ထိုကဲ့သို့မပေါ်ထွန်းခိုက်တွင်မူ အများကောင်း၊ အများညီခြင်း၏ ရလဒ်တို့ကို ထင်ဟပ်ထားပါ၏။ အမြွက်မျှ ဖော်ပြအပ်ပါသော ထိုထိုပညာရှိများ၊ ပညာရှင်များ၏ အတွေ့အကြုံများမှ ဥဒါန်းဖြစ်လာသည့် အဆိုအမိန့်တို့ကိုလည်း အလေးအနက် ပြုအပ်သည်သာဖြစ်ပါ၏။

### မြန်မာနိုင်ငံငြိမ်းချမ်းရေးခရီး

မြန်မာနိုင်ငံသည် ကိုလိုနီဘဝမှ လွတ်မြောက်၍ ကိုယ့်အချုပ်အခြာ ကိုယ့်အာဏာ ကိုယ့်လက်မှာ ကိုင်လိုက်ရခိုက် တစ်ခဏအတွင်း လွတ်လပ်ရေးနေရောင်ထွန်းပြောင်စ နိဒါန်းဦးကာလ၌ကတည်းက မိုးမှောင်ကြီးကျလာကာ ဖဆပလ အစိုးရကို လက်နက်ကိုင် ဆန့်ကျင်မှုများ ပေါ်ပေါက်လာခြင်းမှ စတင်ခဲ့သည့် ငြိမ်းချမ်းရေးအမှောင်ကျခြင်း ဇာတ်လမ်းတွဲကြီး မပြီးနိုင် မဆုံးနိုင်ခဲ့သဖြင့်. . .။

လွတ်လပ်ရေးအစိုးရမှစ၍ အစိုးရအဆက်ဆက်ကာလ၊ ဒေသ၊ ဘူတ၊ ပုဂ္ဂလအနေအထားအလျောက် ငြိမ်းချမ်းရေးကို အလေးထား ဆောင်ရွက်ခဲ့ကြသော်လည်း . . . သော်လည်း. . .။



**"နိုင်ငံတကာ၌ ငြိမ်းချမ်းရေးများ မည်သို့ရှိရှိ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌သော်မူ ငြိမ်းချမ်းရေး နှစ်မျိုးရှိပါသည်ဟု ဆိုပါမှ ပြည့်စုံပါမည်။ မှန်ပါ၏။ လောက ငြိမ်းချမ်းရေး(သို့မဟုတ်) လောကီငြိမ်းချမ်းရေးနှင့် ဓမ္မငြိမ်းချမ်းရေး (သို့မဟုတ်) လောကုတ္တရာငြိမ်းချမ်းရေး၊ ယင်းနှစ်မျိုးတို့ ဖြစ်ပါကုန်၏။ "**

### ယနေ့ထာဝရငြိမ်းချမ်းကာလ

တစ်ကျော့ပြန် ဒီမိုကရေစီနှစ်သစ်ဦးကာလမှ အစိုးရနှစ်ဆက် ယနေ့ ပြည်သူ့အစိုးရလက်ထက်သော်မူ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် ထွန်းသစ်လာစေရန် ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများကို အကြိမ်ကြိမ် အကျော့ကျော့ ကျင်းပလျက် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက်၊ လူပုဂ္ဂိုလ်အလိုက် အဖြေရှာကြရင်း ဘုံသဘောတူညီချက်များကို ရွေးထုတ်ကာ ဇာတ်လမ်းတွဲကြီး မြန်မြန်ပြီးဆုံးသွားအောင် ကြိုးပမ်းနေကြပါကုန်၏။

ဦးစွာပထမ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်မထိုးရသေးသည့် လက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းအားထုတ်ခဲ့ရ၏။ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ပြီး တိုင်းရင်းသားများ၏ လိုလားချက်များကို ဆက်လက်ဆွေးနွေး ညှိနှိုင်းကြရ၏။ နိုင်ငံရေးကဏ္ဍ ၊ စီးပွားရေးကဏ္ဍ ၊ လူမှုရေးကဏ္ဍ ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့ကို လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးကြရ၏။

ငြိမ်းချမ်းရေးဆွေးနွေးရာဝယ် သုံးနားညီ တွေ့ဆုံဆွေးနွေးကြရ၏။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တစ်နား၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်နားနှင့် နိုင်ငံရေးပါတီတစ်နား ဆွေးနွေးကြသည်။ နားလည်မှုတည်ဆောက်ပြီး ဆွေးနွေးအဆိုပြုချက်များမှ အခြေခံမူများ ပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်ကြရသည်။ ငြိမ်းချမ်းရေးနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲများ ဟူသမျှ သိမ်မွေ့နက်နဲခက်ခဲ ကျယ်ပြန့်လျက်ရှိပါကြောင်း ကြည့်သူမြင်လေ၏။ မည်မျှ ခက်ခဲနက်နဲ ကျယ်ပြန့်နေပါစေ ၊ အဓိကအားဖြင့် အမှန်တကယ် ငြိမ်းချမ်းရေးဇော ၊ ငြိမ်းချမ်းရေးစိတ်ရှိကြပါလျှင် အခက်အခဲဟူသမျှအားလုံး လွယ်ကူချောမွေ့သွားမည်ကတော့ ဧကန် ဧကဖြစ်ပါ၏။

၂၀၁၈ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကြီးကို ကျယ်ပြောကြီးမားစွာ ဖွင့်လှစ်နိုင်ခြင်း၊ ဆက်လက်ဆွေးနွေးကြပြီး ဘုံသဘောတူ အချက်အလက်အချို့ကို လက်မှတ်ရေးထိုးနိုင်ခြင်း စသည်တို့က ထာဝရငြိမ်းချမ်းရေး ကမ်းခြေကို လှမ်းမြင်နေရပြီဖြစ်ကြောင်း ပြသလျက်ရှိပါသည်။

တက်ညီလက်ညီဖြင့်သာ တက်စုံဝင့် ၊ ရွက်စုံလွှင့် နိုင်လျှင်တော့ အမှန်ဧကန် ကမ်းခြေကိုကပ် ကမ်းစပ်မှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးလွင်ပြင်ပေါ် ရောက်ရှိမည်သာဖြစ်ပါတော့သည်။

သံသယတွေ၊ မယုံကြည်မှုတွေ၊ မဝံ့မရဲ တုံ့ဆိုင်းမှုတွေ အားလုံး၊ ကိုယ်ကျိုးစီးပွားတွေ၊ အတ္တဗဟိုပြုအစွဲတွေအားလုံး၊ တည်ငြိမ်ရေပြင်ပေါ် ဂယက်ပြင်းထ လေပြင်းကျအောင် ထိုးချ မွှေနှောက်ချင်တာတွေ အားလုံး . . . အားလုံး. . . ချုပ်ဆုံးဆိတ်သုဉ်း၍ ထာဝရငြိမ်းချမ်းရေးခေတ်သစ် တည်ဖြစ်လာအောင် စွမ်းဆောင်ကြိုးပမ်းကြရေးသည် နိုင်ငံသားတိုင်း၏ အရေးဖြစ်လေတော့၏။ ယင်းသည်ပင် လူ့ဘောင်ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး ဖြစ်ပါဘိတော့၏။

### လောကုတ္တရာငြိမ်းချမ်းရေး

လောကုတ္တရာငြိမ်းချမ်းရေးဟူသည် လောက + ဥတ္တရာ = လောကထက် + ပိုမိုမြင့်မား၏ အဓိပ္ပာယ်အရ လောကမှ တစ်ဆင့်မြင့် ငြိမ်းချမ်းရေးဖြစ်ကြောင်း၊ လောကမှတစ်ဆင့် ထပ်မံတက်လှမ်းရေးဖြစ်ကြောင်း သဘောပေါက်ပြီးဖြစ်ပါမည်။ ထပ်၍ဆိုရပါလျှင် လောက၏ထွက်ပေါက်တံခါး၊ လောကမှ အတက်လှေကားဖြင့် ထွက်ခွာတက်လှမ်းရပါမည်။ ယင်းသည်နိယာမတစ်ရပ်အဖြစ် တည်ရှိနေသောကြောင့် ယင်းနိယာမနှင့်စပ်လျဉ်းပြီး မြတ်ဗုဒ္ဓ၏ ရှင်းလင်းလှစွာသော လမ်းညွှန်ချက်များနှင့်အတူ ဆက်လက်လေ့လာကြပါမည်။

### လောကနှင့်လောကုတ္တရာ

လောကနှင့် ပတ်သက်သော အခြင်းအရာမျိုးစုံအပေါ် ခြုံငုံရှင်းပြချက်အဖြစ် မြတ်ဗုဒ္ဓက ဤသို့ ညွှန်ပြထားခဲ့ပြီ။

၁။ လောက၌ (လောကီလူ့ဘောင်၌) သာယာဖွယ်၊ မိန်းမောဖွယ်၊ တွယ်တာဖွယ်၊ မြတ်နိုးဖွယ်တွေရှိနေပါ၏။ မရှိမဟုတ်ပါ။

၂။ သို့သော် ယင်းနှင့်အတူ လောက၌ ပူပင်ဖွယ်၊ မနှစ်သက်ဖွယ်၊ ညှိုးချုံးဖွယ်၊ ရင်နာဖွယ် အသွယ်သွယ်တွေကလည်း အစုံစုံရှိနေပါ၏။ မရှိမဟုတ်ပါ။

၃။ သို့ဆိုလျှင် သာယာဖွယ်တွေချည်းသာလာပါ၊ မနှစ်သက်တာတွေ ပါမလာစေနှင့်ဟု လောကသားတွေက စီမံပိုင်ခွင့် ရှိနေသလား။ ပျော်ရွှင်ဖွယ်တွေသာလာပါ၊ ငိုညည်းဖွယ်တွေ ပါမလာစေနှင့်ဟု တားမြစ်နိုင်ခွင့်ရှိနေသလား၊ ဘဝနှင့် ဆန္ဒကို တစ်ထပ်တည်းကျနေအောင် ကိုယ်ကိုယ်တိုင်ပင် ခန့်ခွဲနိုင်ခွင့် ရှိနေသလား၊ မိမိကိုယ်မိမိပင် တကယ်ပိုင်ပါ၏လား၊ ဇနီးမယား၊ သမီးသား၊ စီးပွားဉစ္စာ၊ ရတနာ၊ ခြွေရံများစွာ၊ လွန်သာယာ၊ နေ့စဉ်တိုင်းသာ ပျော်စရာဟူ၍ တကယ် အစိုးတရရှိပါ၏လား။

မအိုချင်ပါ၊ မနာပါစေ၊ မသေပါကြောင်း ဆုတောင်းနေ၍ရော ပြည့်နိုင်ပါမည်လား။ စဉ်းစားဖန်ဖန် ဝေဖန်သုံးသပ် ကြည့်ပါက အဖြေသည် "ခေါင်းယမ်းခြင်းသာ" ဖြစ်ပါမည်။ "ခေါင်းညိတ်ခြင်း"အလျှင်းမဖြစ်နိုင်ပါ။ သည်အကြောင်းတရားတွေကြောင့် လောကသည် သုခစစ်စစ်လား၊ ဒုက္ခစစ်စစ်လား ခွဲခွဲခြားခြား ကွဲကွဲပြားပြား စဉ်းစားဉာဏ်အမြင့်ဆုံး ထားကြည့်လျှင် "ဒုက္ခ စစ်စစ်" ဟု လက်ခံရတော့မည်သာ ဖြစ်ပါတော့၏။

၄။ လက်ခံချင်တာ လက်မခံချင်တာ အပထား၊ မလွဲမသွေ လက်ခံရမည့် အနေအထားဝယ် ဒုက္ခထွက်ပေါက်ကို ရှာ ၊ ဒုက္ခမှ အတက်လှေကားကိုရှာရင်း။

၅။ ရှာလျှင် ဧကန်တွေ့မည့် ထွက်ပေါက်တံခါး ၊ အတက်လှေကားများမှတစ်ဆင့် တစ်ပေါက်ပြီး တစ်ပေါက် ထွက်လာရင်း၊ အတက်လှေကားကို တစ်ထစ်ပြီး တစ်ထစ် တက်လှမ်းရင်း ရှစ်ပေါက်မြောက် တံခါး ၊ ရှစ်ပေါက်မြောက် အတက်လှေကားသို့ ရောက်သော် . . .

၆။ ယင်းသည် လောကထက် + မြင့်မားသော လောကုတ္တရာ ဖြစ်တော့၏။ ယင်းသည်ပင် လောကုတ္တရာ ငြိမ်းချမ်းရေးဖြစ်ပါ သည်။

သိပယ်ဆိုက်ပွား လေးပါးသစ္စာ စကားရှိခဲ့ပါ၏။ သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါးသစ္စာဟုဖြစ်ပါ၏။

**သိ**

ဒုက္ခလောကကို ဒုက္ခလောကဟု လက်ခံလာနိုင်အောင် မိမိဝန်းကျင်ကိုပင် ထဲထဲဝင်ဝင် လေ့လာကြည့်ပါ။ တစ်ဆင့် ကျယ်ကျယ်ဝန်းဝန်းလေ့လာကြည့်ပါ။ လေ့လာလေလေ သိရှိလေလေ ဖြစ်လာပါမည်။ အေးချမ်းမှုနှင့် ပူလောင်မှု၊ ကျဉ်းကျယ်မှုနှင့် ချောင်လည်မှု၊ များများလေ့လာလေ ဘယ်ဘက်က အားသာနေကြောင်း သိရှိလေ၊ ဒုက္ခသဘာဝကို လက်ခံလာနိုင်လာလေ ဖြစ်လာပါသည်။

ယင်း ဒုက္ခလောကကို လက်ခံလာနိုင်သောအခါ ယင်းမှထွက်မြောက်ရာ နယ်မြေသစ်ကိုရှာဖွေလို ဇောများ အဆက်မပြတ် ဇောစောလာပြီး နယ်မြေသစ်ရှာဖွေသော် ဒုက္ခလောကအကြောင်းရင်းကို တွေ့ရှိလာကာ ယင်းကို ပစ်ပယ်နိုင်အား၊ စွန့်ခွာနိုင်အားတွေ တွေ့ရှိ ရရှိလာပါတော့သည်။

**ပယ်**

ဒုက္ခလောကကိုပင် သုခလောကယောင်ယောင် ထင်မြင်၍ တွယ်တာတပ်မက်မှု ရစ်ပတ်လာပုံ သိရှိလာပြီး ယင်း တွယ်တာမှုကိုပယ်စွန့်နိုင်ဖို့။

**ဆိုက်**

လောကုတ္တရာဆိုက်ရောက်ရေးအတွက်

**ပွား**

နောက်ကိုမတွယ်ဘဲ နယ်ပယ်သစ် လောကုတ္တရာ အရောက် ဆက်လက်တိုးထွက်မှုဖြစ်သည့် လောက၏ တံခါးရှစ်ချပ်၊ လောကမှ အတက်လှေကားရှစ်ဆင့်၊ နောက်ဆုံးတံခါးရွက် ၊ အထက်ဆုံးလှေကားထစ်အရောက် တိုးတိုးပွားပွား သွားသောအခါ

ဒုက္ခသစ္စာကို **သိ**

သမုဒယသစ္စာကို **ပယ်**

နိရောဓသစ္စာ (လောကုတ္တရာ) **ဆိုက်**ဆိုက်မြိုက်မြိုက် ရောက်နိုင်ဖို့ မဂ္ဂသစ္စာ(၈)ပါး**ပွား**ခြင်းဖြင့် လောကုတ္တရာ ငြိမ်းချမ်းရေး ရရှိပါတော့သည်။

### ထာဝရငြိမ်းချမ်းရေးစေတီတော်သစ်

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ရန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းကုံ့ကော်ပန်းအဝိုင်းအနီး ထာဝရငြိမ်းချမ်းရေးစေတီတော်သစ် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရ ဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ခုနစ်ရက်သားသမီး၊ အလှူရှင်များ၏ ပေါင်းစုကောင်းမှု၊ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူမှုတို့ဖြင့် ထေရဝါဒ သာသနာတော်ဆိုင်ရာ မဟာမင်္ဂလာကိုးမျိုးနှင့် အညီ ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာဝယ် အနန္တရာယိက မြေသန့်မဟာမင်္ဂလာနှင့် ရတနာပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာတို့ကို ဆောင်ရွက်ပြီးစီးကာ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို ၂၄.၅.၂၀၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ကြည်ညို၍ ရတနာနဝရတ် ငွေကြုတ်တော် ထည့်သွင်းပူဇော်ခြင်း၊ ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဦးဟန်ဇော်၊ နိုင်သက်လွင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အလှူရှင်များက အုတ်မြစ်တော်များကို သတ်မှတ်နေရာအသီးသီး၌ ထည့်သွင်း၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ခြင်း၊ အလှူငွေများ ပေးအပ်ပွဲ ကျင်းပခြင်း၊ အနုမောဒနာနှင့် ရေစက်သွန်းချ အမျှဝေခြင်းတို့ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ဤအခမ်းအနားနိဒါန်းတွင် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှောက်တော်မူခြင်းနှင့်အတူ ဇွန်လ ၁၉ ရက်နေ့တွင်လည်း သတ္တဌာန မူလဌာပနာတော်သွင်းမဟာမင်္ဂလာကို အောင်မြင်စွာ ကျင်းပနိုင်လျက်၊ ဆက်လက်၍ အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊ ရွှေထီးတော်တင် မဟာမင်္ဂလာ၊ မြသပိတ်၊ ရွှေကြာ သင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာတို့ကိုပါ ကျင်းပရင်း တည်ထားကိုးကွယ်လျက်ရှိပါသော ထာဝရငြိမ်းချမ်းရေးစေတီတော်သစ်သည် ပွင့်ထွန်းလာတော့မည် ဖြစ်ပါတော့သတည်း။ ။

# ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာ နည်းပညာ Myanmar ICT Congress 2018 ပြသ




**ရန်ကုန် ဩဂုတ် ၁၅**

ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးဆိုင်ရာနည်းပညာများကို ဩဂုတ် ၁၅ ရက်မှ ၂၄ ရက်အထိ Huawei Myanmar ICT Congress (2018) တွင် ပြသသွားမည်ဖြစ်ရာ ယမန်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာပလာဇာဟွာဝေး ရုံးချုပ်ရှိရာ ၁၈ လွှာတွင် Customer Solution Innovation and Integration Experience Center ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်သော ဒစ်ဂျစ်တယ် နည်းပညာရပ်များဖြစ်သည့် Public Safety၊ Financial Service Industry၊ ISP နှင့် Smart City စသည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းဆိုင်ရာ နည်းပညာများ ကို ပြသခဲ့သည်။

အဆိုပါပြပွဲတွင် data center၊ any media giga acess၊ ဘဏ္ဍာရေး cloud solution၊ public safety၊ smart city၊ e-Government၊ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ အထောက်အပံ့ဖြစ်စေသော နည်းပညာများကိုပြသခဲ့ရာ နိုင်ငံတိုင်းတွင် ပြည်သူတို့ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေသည့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြစ်မှုကျူးလွန်သူကို ဗဟိုထိန်းချုပ်ရာဌာနမှ မြေပြင်တွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအား တိုက်ရိုက်ကွန်ထရိုးပေးခြင်းဖြင့်မြေပြင်တွင် ပြစ်မှုကျူးလွန်သူကို ရဲတပ်ဖွဲ့၏ စကားပြောစက်၏ ပုံရိပ်မှ ပုံဖော်ပြသနိုင်ပြီး ပြစ်မှုကျူးလွန်သူ၏ နေရာကိုလည်း သိရှိနိုင်ကာ အချိန်ပိုင်းအတွင်း ဖမ်းဆီးနိုင်သည့် Public safety ဒစ်ဂျစ်တယ်နည်းပညာကိုလည်းကောင်း၊ ယာဉ်ကြောရှုပ်ထွေးသောလမ်းများတွင် ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရန် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထိန်းချုပ်မှုကို လည်းကောင်း၊ ရေဘေးအန္တရာယ်ကြုံတွေ့ရပါက စမတ်ဆင်ဆာမှ ကွန်ထရိုးစင်တာသို့ ဖြစ်စဉ်များကို တင်ပို့ခြင်းဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်စေသော ဒစ်ဂျစ်တယ်နည်းပညာကို လည်းကောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာနှင့် နေအိမ်လုံခြုံရေးပိုင်းဆိုင်ရာ ဒစ်ဂျစ်တယ် နည်းပညာများကိုလည်းကောင်း ပြသခဲ့ကြောင်း သိရသည်။

"အိုင်တီလုပ်ငန်း ပတ်ဝန်းကျင် တည်ထောင်မှုနဲ့ မြန်မာနိုင်ငံတိုးတက်ဖို့ ကူညီရမှာလူတိုင်း၊ အိမ်တိုင်း၊ အဖွဲ့အစည်းတိုင်းကို ဒစ်ဂျစ်တယ်နည်းပညာတွေ ယူဆောင်လာမှာပါ"ဟု ဟွာဝေးမြန်မာ၏ CEO ဖြစ်သော မစ္စတာ Zhang liman က ပြောသည်။

ယနေ့ပြပွဲတွင် e-Government နှင့် ပတ်သက်၍ OSS ရုံးကဲ့သို့ လူဖြင့် လုပ်ငန်းပိုင်းဆိုင်ရာကို လုပ်ကိုင်လျက်ရှိရာ မြန်ဆန်စွာလုပ်ငန်းပြီးစီးစေသော သုံးမိနစ်အတွင်း စာရွက်စာတမ်းများကို စာရင်းသွင်းပြုလုပ်နိုင်သည့် ICT နည်းပညာဖြင့် အွန်လိုင်းကိုအခြေခံသော နည်းပညာကိုလည်း ပြသသွားခဲ့ပြီး ဒစ်ဂျစ်တယ် နည်းပညာ အသွင်ကူးပြောင်းရေးဆိုင်ရာ နည်းပညာပြပွဲကို ဩဂုတ် ၁၅ ရက်မှစ၍ ၂၄ ရက် အထိ ဗဟန်းမြို့နယ်ရှိ မြန်မာပလာဇာ ၁၈ ထပ်ရှိ ဟွာဝေးရုံးချုပ်၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

## စဉ့်ကူးမြို့နယ်တွင် ကျေးရွာပေါင်း ၂၃ ရွာအား ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်

**စဉ့်ကူး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် ကျေးရွာပေါင်း ၂၃ ရွာအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဓာတ်အားများဖြန့်ဖြူးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်းနှင့် ယနေ့အထိ ကျေးရွာလေးရွာ၌ မီးများလင်းနေပြီဖြစ်ကြောင်း သိရသည်။



စဉ့်ကူးမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာရှစ်ရွာကို မီးလင်းရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၏ ကြီးကြပ်မှုတို့ဖြင့် Tri Circle ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ ယနေ့အချိန်အထိ ဆည်သည်(မြောက်)၊ ညောင်ပင်ပု၊ ရေပြာအိုင်နှင့် ရုံးပင်သာကျေးရွာလေးရွာတို့တွင် မီးများလင်းနေပြီဖြစ်ကြောင်း မန္တလေး လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း မြို့နယ်မန်နေဂျာရုံးမှ သိရသည်။

ကျန်ရှိနေသည့် ဆည်သည်(တောင်) ရွာ၊ ချောင်းဝ၊ ကံပျို၊ ပျဉ်းပင်ကျေးရွာ လေးရွာတို့တွင်လည်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဆက်တည်းမှာပင် ဆည်ကြီး၊ ကျည်တော်ကုန်းကျေးရွာနှင့် တောင်ကိုင်း(မြောက်)၊ တောင်ကိုင်း(တောင်) ကျေးရွာတို့တွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မာလဲ၊ ကျောင်းဆိပ်၊ ဇီးပင်ကုန်း၊ ဒိုးပင်ကုန်း၊ တံတားဦး၊ ရေချမ်း၊ နွယ်ရုံ(သင်္ဂဟ)၊ ဝါးရုံကုန်း၊ ရေတော်၊ ထုံးကြီးနှင့် ရွာသစ်ကလေးကျေးရွာ မီးလင်းရေးအတွက် ၂၀၁၈-၂၀၁၉ မီနီဘတ်ဂျက်ဖြင့် ခြောက်လအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

## ပေုတောမြို့နယ်မှ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို စစ်ဆေး

**ငပုတော ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်းအရ ငပုတော Cluster အတွင်းရှိ ဖျန်ရေကျော် ကျေးရွာတွင် စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်နေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက ဩဂုတ်လဒုတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

စီမံကိန်းလုပ်ငန်းခွဲတစ်ခုဖြစ်သည့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ညွှန်ကြားရေးမှူးချုပ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေးခေါင်းဆောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများအားတွေ့ဆုံ၍ လမ်းကိုရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကျေးရွာအတွင်း အမှိုက်သိမ်းစနစ်ဖြင့် အမှိုက်ကင်းစင်ရွာဖြစ်အောင် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ညွှန်ကြားရေးမှူးချုပ်က တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်မှ ရွှေ့ပြောင်းလုပ်သားများ ကျန်းမာရေးပညာပေး

**ဆီဆိုင် ဩဂုတ် ၁၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေးဌာန အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် UNOPS-GF/RA2IE တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်းအရ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ ရွှေ့ပြောင်းလုပ်သားများအား တာရှည်ခံ ဆေးစိမ်ခြင်ထောင်များဖြန့်ဝေပေးခြင်း၊ သွေးဖောက် စစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းများကို ဩဂုတ်လ ဒုတိယပတ်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဦးချိုတူးမောင်က "မြို့နယ်အတွင်းမှာရှိတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို တာရှည်ခံဆေးစိမ်ခြင်ထောင်တွေ အခမဲ့ဖြန့်ဝေပေးတယ်။ ပြီးတော့ ငှက်ဖျားရောဂါရှာဖွေ သွေးဖောက်စစ်ဆေးပေးပြီး ရောဂါတွေ့ခဲ့ပါက ပျောက်ကင်းတဲ့အထိ ဆေးဝါးတွေ အခမဲ့ထောက်ပံ့ပေးပါတယ်"ဟု ပြောကြားသည်။

ကွင်းဆင်းကြီးကြပ်ရေးမှူး ဦးဝင်းသိန်းဦးက ၂၀၁၈ ခုနှစ်အတွင်း ရွှေ့ပြောင်းလုပ်သားများကိုဦးတည်ပြီး ခြင်ထောင်များဖြန့်ဝေပေးခဲ့ကြောင်း၊ ဦးတည်နေရာ ၁၅ နေရာမှ ရွှေ့ပြောင်းလုပ်သားပေါင်း ၂၈၄ ဦးအား ခြင်ထောင်ပေါင်း ၂၅၃ လုံး ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ယခု ဩဂုတ်လဒုတိယပတ်အတွင်း နားခိုက်ကျေးရွာအုပ်စုနှင့် လွယ်ပွတ်ကျေးရွာအုပ်စုအတွင်းရှိ ကျောက်ထုတ်လုပ်သားနှင့် လမ်းလုပ်သားများဆီသို့ ကွင်းဆင်းသွားရောက်၍ ခြင်ထောင်များဖြန့်ဝေပေးခြင်းနှင့် ပညာပေးမှုများဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## ပွင့်ဖြူမြို့နယ် ဂွေ့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးလှရွှေမောင်နှင့်အဖွဲ့သည် ယမန်နေ့က ဂွေ့ကျေးရွာသို့သွားရောက်ပြီး ဒေသခံစီမံကိန်းကော်မတီဝင်များအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ကွင်းဆင်းထုတ်ချေးပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဂွေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၇၉ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ ၁၁ ဦး စုစုပေါင်းစီမံကိန်းကော်မတီဝင် ၁၆၀ အား တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆၈၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## သုံးခွမြို့နယ်တွင် ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အောင်သာဒါန်းကျေးရွာနှင့် ထွန်းစိန်ကျေးရွာများ၌ ဩဂုတ် ၁၂ရက်က မုတ္တမပင်လယ်ကွေ့ထူးကဲဒီရေဝင်ရောက်မှုကြောင့် ဆည်မြောင်းစွန့်ပစ်တာ (လယ်သမားတာ)ကျိုးပေါက်သဖြင့် ရေမျောပျက်စီးသွားသည့် နေအိမ်တဲနှစ်လုံးနှင့် ရေနစ်မြုပ်ခဲ့သည့် နေအိမ် ၄၀ ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက်က မှိုကုန်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက နေအိမ် ရေမျောပါ အိမ်ထောင်စုနှစ်စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သိန်းစီ၊ ပစ္စည်း ၁၁ မျိုးပါ Family Kit ပုံးတစ်လုံးစီနှင့် စောင်တစ်ထည်စီပေးအပ်ခဲ့ပြီး နေအိမ်ရေနစ်မြုပ်ခဲ့သည့် အိမ်ထောင်စု ၄၀ အား အိမ်ထောင်စုလူဦးရေအလိုက် တစ်ပတ်စာဆန်ဖိုးငွေများနှင့် စောင်တစ်ထည်စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## မိုင်းယောင်း၌ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား သန်ချဆေးများတိုက်ကျွေး

**မိုင်းယောင်း ဩဂုတ် ၁၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို ယမန်နေ့က ဝမ်ဘိုးကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်း ဖကျောက်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးလက်သားဖွားဆရာမ ဒေါ်ခိုင်သွယ်ပန် ဦးဆောင်သော ကျေးလက်ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းနှင့် သန်ကောင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကို အသိပညာပေးဟောပြောပြီး ဗီတာမင်အေနှင့် သန်ချဆေးများတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်များ တိုင်းတာခြင်းနှင့် အရပ်အမြင့်တိုင်းတာခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
# ဦးအုန်းဟန် (ပုတီးကုန်း)
**အသက်(၈၉)နှစ်**

ဦးခင်မောင်လှ-ဒေါ်ငွေငွေဦး [လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊လမ်းဦးစီးဌာန၊ရန်ကုန်တောင်ပိုင်းခရိုင်]တို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးအုန်းဟန် အသက်(၈၉)နှစ်သည် ၁၄-၈-၂၀၁၈ရက် (အင်္ဂါနေ့) ည ၁၀း၄၅နာရီတွင် ပုတီးကုန်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အမြဲတမ်းအတွင်းဝန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နယ်လှည့်သစ္စာမိဋ္ဌာန်**
**စတုဒိသာပင်မအလှူရှင် ဒါယိကာမကြီး**
# ဒေါ်အုန်းမြင့်(ခ)ဒေါ်အုန်း (Ohn Gas)
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၅/ဋ)၊ ဦးဘအိုလမ်းနေ ဦးတင်သောင်း(ငြိမ်း) (ဓာတ်ငွေ့စက်ရုံ)၏ ဇနီး၊ ဦးဗညား-ဒေါ်မိုးမိုးအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုန်းမြင့်(ခ) ဒေါ်အုန်းသည် ၁၂-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာစိုးသိန်းနှင့် ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နယ်လှည့်သစ္စာမိဋ္ဌာန်**
**စတုဒိသာပင်မအလှူရှင် ဒါယိကာမကြီး**
# ဒေါ်အုန်းမြင့်(ခ)ဒေါ်အုန်း (Ohn Gas)
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၅/ဋ)၊ ဦးဘအိုလမ်းနေ ဦးတင်သောင်း(ငြိမ်း) (ဓာတ်ငွေ့စက်ရုံ)၏ ဇနီး၊ ဦးဗညား-ဒေါ်မိုးမိုးအေးတို့၏ကျေးဇူးရှင်၏မိခင်ကြီး ဒေါ်အုန်းမြင့်(ခ) ဒေါ်အုန်းသည် ၁၂-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဋ္ဌာဖောဓိသမ္မာရအသင်း**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
# ဒေါ်ခင်ဆွေဝင်း
**အသက်(၆၈)နှစ်**

(ဦးဝင်းမောင်-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်နွဲ့ရီ)တို့၏သမီးချွေးမ၊ ဦးငွေထွန်း၏ချစ်လှစွာသောဇနီး၊ ကိုကျော်မင်းသူ-မနီနီအောင်၊ ကိုဝဏ္ဏ-မဆွေသူဇာထွန်း၊ ကိုစိုင်းနော်ခန်း-မယဉ်ရူပါထွန်း(ခေတ္တ-USA)၊ ကိုမျိုးမြတ်သူတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၅-၈-၂၀၁၈ရက် နံနက် ၁၀း၃၅နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်း၊ (၁၈)မြရိပ်ကွန်ဒို၊ လေးလွှာ၊ အခန်း (၄ D) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
# ဒေါ်ခင်ဆွေဝင်း
**အသက်(၆၈)နှစ်**

(ဦးဝင်းမောင်-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်နွဲ့ရီ)တို့၏သမီးချွေးမ၊ ဦးကျော်စိုး-ဒေါ်မြမြဝင်း(ဆင်မမကြီး)တို့၏ညီမ၊ မမြင့်မြင့်ဝင်း၊ ဦးခင်မောင်ဝင်း၊ ညီမ ခင်နွယ်ဝင်း၊ မခင်မာဝင်း၊ ဦးရဲဝင်းအောင်တို့၏အစ်မသည် ၁၅-၈-၂၀၁၈ရက် နံနက် ၁၀း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်း၊ (၁၈)မြရိပ်ကွန်ဒို၊ လေးလွှာ၊ အခန်း (၄ D) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးတင်ထွန်းဦး
**BE.Civil-1982**
**အင်ဂျင်နီယာချုပ်(အဆောက်အဦ ဦးစီးဌာန)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၅၉)နှစ်**

ဒေါ်ရီရီရှိန်၏ချစ်လှစွာသောခင်ပွန်း ဦးတင်ထွန်းဦးသည် ၁၂-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Senior One ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)**
**သင်တန်းဆင်းများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ဦးတင်မြင့်
**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးဘသင်-ဒေါ်စိန်မေ)တို့၏သား၊ (ဦးကျော်သန်း - ဒေါ်ကလေးမ)တို့၏သားသမက်၊ (ဦးတင်ညွန့်-ဒေါ်အေးတင်)၊ (ဦးကျော်ရင်-ဒေါ်ခင်သန်း)၊ (ဦးအုန်းသွင်)-ဒေါ်ခင်ညွန့်တို့၏အစ်ကို၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၁၁နေ (ဒေါ်ယဉ်စိန်)၏ခင်ပွန်း၊ ဦးစိုးလွင်(MD-Panorama Global Travels & Tours)-ဒေါ်နီနီဝင်း(အိချော-ကုန်မာဆိုင်)တို့၏ဖခင်၊ မအိကေဇင်၊ ဦးလှစန်း - ဒေါ်ယဉ်မင်းမင်းဦးတို့၏အဘိုးသည် ၁၄-၈-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၈-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် (၁၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၁၁နေ ဦးလှစန်း-ဒေါ်ယဉ်မင်းမင်းဦးတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးကျော်ထူး (မြိတ်)
**အသက်(၉၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ် (၄၂/c)နေ (ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ ဦးသိန်းငယ်-ဒေါ်နုနုစိန်၊ ဒေါ်ခေမာနန္ဒီ (မှော်ဘီ၊ အောင်ပြည့်လှူကျောင်းတိုက်)၊ ဦးကြည်ဝင်း-ဒေါ်စိန်ပို၊ ဦးကျော်ဆန်း-ဒေါ်သန်းသန်းဆင့်၊ ဦးကျော်မိုး-ဒေါ်အေးအေးသန်း၊ ဦးမြင့်စိုး-ဒေါ်နီနီ၊ ဦးမောင်မောင်စိုး-ဒေါ်တင်တင်ဝင်းတို့၏ ဖခင်သည် ၁၅-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈ရက် (သောကြာနေ့)ညနေ ၃နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါ်ခင်တင့်
**အသက်(၆၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်ဝင်းကျေးရွာနေ (ဦးစံခင်-ဒေါ်ခင်သိန်း)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ လေးတဲရွာနေ (ဦးမြ - ဒေါ်မြညွန့်)တို့၏ ချွေးမ၊ ဦးသောင်းတင်၊ဦးထွန်းကြည်(ဦးခလေးကြီး)-ဒေါ်စိန်စိန်၊ ဒေါ်မြမြစိန်၊ ဦးဖိုးဖြူတို့၏ညီမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ(၁၀)လမ်းနေ ဦးမင်းလွင်၊ (ဦးဇော်ဖုန်း)၊ မအေးသီတာ၊ ဦးအောင်ကိုဦး-ဒေါ်မူမူမြင့်၊ မဇင်မာသိမ့်၊ ဦးသန်းထွန်းတို့၏မိခင်၊ (ဦးကြီးရွှေ)၏ဇနီးသည် ၁၄-၈-၂၀၁၈ရက်(အင်္ဂါနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၀-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးထွန်းထွန်းဦး(ခ)
# အင်းလေး
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊အမှတ် ၇၉၇နေ ဦးကျော်ဦး-(ဒေါ်ကျင်တင်)တို့၏သား၊ ဦးထိန်လင်း-ဒေါ်ခင်သန်းရီ၊ ဦးဝင်းလျှံ-ဒေါက်တာဒေါ်ခင်သန်းဝင်း၊ ဦးသန့်ဇင်ဦးတို့၏အစ်ကို၊ဒေါ်စန်းစန်းဖြူ၏ခင်ပွန်း၊ ယွန်းအိမ်စံ၊ သွန်းအိမ်ဟန်လဝန်းဖြူ (အထက-၂၊ လသာ)တို့၏ ဖခင်သည် ၁၄-၈-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါ်ခင်မြင့် (မိုးညှင်း)
**(မြစ်ကြီးနားအသင်း)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ခွန်နီ ၁လမ်း၊ အမှတ် ၈၅နေ (ဦးနီ-ဒေါ်ထွေး)တို့၏သမီး၊ (ဦးတင့်ဆွေ)၏ချစ်လှစွာသောဇနီး၊ ဦးအေးကြိုင်-ဒေါ်ရီရီမြင့်(ဒုညွှန်မှူး၊ ငြိမ်း၊ ကြေး/မြေ)၊ ဦးစိုးမြင့်လှိုင်-ဒေါ်နွယ်နီဝင်း၊ ဦးသက်ထွန်း(မန္တလာမင်း၊ နေပြည်တော်)-ဒေါ်သင်းသင်းဆွေတို့၏ချစ်လှစွာသောဖခင်၊ မရွှေရည်ဝင်းကြိုင်၊ ဒေါက်တာမေဖူးပွင့်ကြိုင်၊ မောင်သုန္ဒရ၊ မေစန္ဒီသက်ထွန်း၊ မကဥ္စနလှိုင်တို့၏အဘွားသည် ၁၅-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်ခင်မြင့်
**အသက်(၇၈)နှစ်**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်မှ ကထိက ဒေါက်တာဆန်းဝင်း-တွဲဖက်ပါမောက္ခ ဒေါက်တာခင်သန်းကြည်တို့၏မိခင် ဒေါ်ခင်ခင်မြင့် အသက်(၇၈)နှစ်သည် ၉-၈-၂၀၁၈ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်**
**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**သွားတုဆေးပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
# ဦးအေးကြူ(ခ)ဘရသေ့ရန်ကြီးအောင်
**(မြောက်ဥက္ကလာပဆေးရုံကြီး၊ Radio Grapher-ငြိမ်း)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၄လမ်းနေ [ဒေါ်ခင်စန်းရီ(ခ)ဒေါ်ညိုညို]၏ခင်ပွန်း၊ ဒေါ်အေးသီတာဦး (Kougakuin International Japanese Language School)၊ ဦးထိန်လင်း(Linn Thit Global Co.,Ltd.)-ဒေါ်ဆင့်သီတာ(မ-၆၊ တောင်ဥက္ကလာပမြို့နယ်)၊ ဒေါ်ဝင်းသီတာ(Future Light Japanese Language Centre , Principal)၊ ဦးစိုးလွင်-ဒေါ်သင်းသီတာ(Future Light Japanese Language, Teacher)၊ ဦးဇာနည်ထွဋ်(Specialist in Humanities int'L Services Japan)-ဒေါ်ခင်ပြုံးဦး (Japan)၊ ဦးထက်ကိုကို(Htet Ko Electronic)-ဒေါ်ဖြိုးသန္တာအောင်(Pharm Evo, Pvt. Ltd, Country Manager)၊ ဦးအောင်မျိုးသိန်း(တပ်ကြပ်ကြီး)-ဒေါ်ချိုချို(မိုင်းပြင်းအုပ်ချုပ်ရေးမှူးရုံး)တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်ခန့်ကျော်(Wiz International Information Engineering Automobile College)၊ မရွှေတင့်တယ်(HND Youth International College)၊ မောင်ပြည့်ထူးနိုင်(ပနစ်၊ Dagon University)၊ မောင်လင်းသစ်ထူးအောင်(VIII ထ-၂၊ တ/ဥ)တို့၏အဘိုးသည် ၁၅-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
# ဦးအေးကြူ(ခ)ဘရသေ့ရန်ကြီးအောင်
**မြောက်ဥက္ကလာပဆေးရုံကြီး၊ Radio Grapher (ငြိမ်း)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ (ဦးထွန်းကြိုင်) (ဘန္ဓုန္တဝေရောစနပန်ထားဆရာတော်)-ဒေါ်ခင်ကြိုင်တို့၏သား၊မြောက်ဥက္ကလာပမြို့နယ်၊ဝေဘာဂီနေ ဦးတင်ရွှေ(ကျောင်းအုပ်ကြီး၊ ငြိမ်း)-ဒေါ်တင်ရီတို့၏ညီ/မောင်၊ ဒေါ်မြမြစိုး၊ ဦးနေလင်း (ကြွေထည်မြေထည်စက်ရုံမှူး၊ ငြိမ်း)-ဒေါ်ကြည်ကြည်ခိုင်(ကျောင်းဆရာမ၊ ငြိမ်း)၊ ဦးစိုးသိမ်း(တိုင်းရင်းဆေး)-ဒေါ်အေးစီ၊ ဦးမြင့်အောင်(တိုင်းရင်းဆေးသမားတော်)-ဒေါ်ခင်ခင်ရွှေ၊ ဒေါ်မြမြဆွေ(သတ္တုတွင်း)၊ ဦးသောင်းလှိုင် (MPE-ရေယဉ်မှူး၊ ငြိမ်း)-ဒေါ်မြမြလွင်(တရားလွှတ်တော်ရှေ့နေ)၊ ဦးအောင်ဇေယျ-(ဒေါ်ခင်ငွေးရီ)တို့၏အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ဦးလေးသည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၄လမ်းနေ ဦးအေးကြူ(ခ)ဘရသေ့ရန်ကြီးအောင်သည် ၁၅-၈-၂၀၁၈ရက် မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## (၁)လပြည့် သတိရအောက်မေ့ခြင်း
# ဒေါ်မေသန်းဝင်း(ခ) Julia Thar Win
**B.Ed, M.A (English)**
**တွဲဖက်ပါမောက္ခ(ငြိမ်း)၊ အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ်**
**Principal (Green Hills Academy)**
**အသက်(၇၁)နှစ်**

Teacher Gyi ကွယ်လွန်သွားသည်မှာ ၁၆-၈-၂၀၁၈ရက်တွင် (၁)လပြည့်ပြီဖြစ်ပါသော်လည်း Green Hills Academy မိသားစုမှ ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အမြဲသတိရ လွမ်းဆွတ်လျက်ရှိပါသည်။

**Green Hills Academy မိသားစု**

**ရဟန်းအမ**
# ဒေါ်ခင်သန်းရီ (ပေါင်မြို့)
**(မိုးကုတ်ယောဂီ)**
**အသက်(၇၁)နှစ်**

ပေါင်မြို့နေ[ဦးမောင်ကြည်(ဒဂုံကြည်ဓာတ်ပုံတိုက်) - ဒေါ်သောင်းမြ]တို့၏သမီး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ မင်းခေါင်လမ်း၊ အမှတ် ၇၈၀နေ ဦးဖေအောင်၏ဇနီး၊ ဦးမြအေး-ဒေါ်ကေသီအောင် (နိုင်ငံတော် သမ္မတရုံး)၊ ဦးအိုင်စိုင်း-ဒေါ်အေးမိအောင်၊ ဦးစည်သူအောင်-ဒေါ်ဝေဝေဇင်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၅-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေါ်ရီရီဆွေ (ထားဝယ်)
**အသက်(၆၈)နှစ်**

ထားဝယ်မြို့နေ (ဦးဘသိန်း‌စိန်-ဒေါ်စိန်မြိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံ၊ (၂၀)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၄၂၃နေ ဦးစံမြ၏ချစ်လှစွာသောဇနီး၊ ဦးသက်ဆွေ-ဒေါ်လဲ့လဲ့မိုး၊ ဒေါ်နွယ်နွယ်လှိုင်၊ ဦးမျိုးနွယ်-ဒေါ်အိအိခင်(ရွှေငါးမုန့်အရောင်းဆိုင်)တို့၏ချစ်လှစွာသောမိခင်၊ မောင်ထူးအောင်စွမ်း၊ မဟန်ယဉ်ယဉ်မွန်၊ မောင်ခန့်မင်းထူး၊ မောင်ခန့်ညီထူးတို့၏အဘွားသည် ၁၄-၈-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးမျိုးသန့်(ခ)အော်ကုလား (ပဲနွယ်ကုန်း)
**M.P.P.E (အငြိမ်းစား)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၃၅နေ (ဦးစံဦး-ဒေါ်စော်ဖွား)တို့၏သား၊ (ဒေါ်အေးအေး)၏ခင်ပွန်း၊ ဒေါ်လှလှမြင့်(မကေ)၊ ဦးလှမြင့်-ဒေါ်မြင့်မြင့်သန်း(မပန်)၊ ဦးမြင့်ဆွေ-ဒေါ်အေးအေးခိုင်၊ ဦးကျော်ကျော်ရွှေ(ကိုဖိုးကျော်)၊ ဒေါ်ဝင်းဝင်းသန်း၊ ဒေါ်ချိုချိုသန့်တို့၏ဖခင်၊ မခင်ချောစုသန့်၊ မဝင်းလဲ့မိုး၊ မောင်ထက်နိုင်ဦးတို့၏အဘိုးသည် ၁၅-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
# ဦးမောင်အေးနု (စစ်တွေ၊ မင်းပြား)
**ကျန်းမာရေးမှူး(ငြိမ်း)**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ ပန်းခြံလမ်း**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၈၆/၄-အေနေ(ဦးမောင်ပု-ဒေါ်ဝင်းသာနု)တို့၏သား၊ (ဦးနှောင်းဘော်-ဒေါ်ဒါလှ)တို့၏သားသမက်၊ ဒေါ်သိန်းတင်(လယ်ပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်စန်းစန်းအေး (လယ်ပြ/လ-၁၀၊ လှိုင်သာယာ)-ဦးအောင်သိန်းထွန်း(အင်/ယာ M.Sc Co.,Ltd.)၊ ဒေါ်မြင့်မြင့်အေး(ညွှန်မှူး၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်နုနုအေး(အင်/ယာ YCDC ရေသန့်)၊ ဒေါ်မိုးသူဇာအေး-ဒေါက်တာပေါ်ထွန်း(ဂျမေကာ)၊ ဦးခင်ဇော်သိန်း(ဦးစီးအရာရှိ၊ ရခိုင်ပြည်နယ်စီမံကိန်းရုံး)၊ ဦးညီညီလှ(EO)-ဒေါ်သန်းနုရွှေတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးရှင်၊ မြစ်တစ်ယောက်၏အဖီးရှင်သည် ၁၄-၈-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁၁း၅၀နာရီတွင် ရန်ကုန်မြို့၊ ကျောက်မြောင်းလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ရက်(စနေနေ့)နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
# ဒေါ်ဈာနဝတီ(ခ)ဒေါ်ခင်စမ်းရီ (ယုဝတီ)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၄၄ (တတိယထပ်)နေ[ဦးကိုကိုကြီး-ဒေါ်သန်း(မေပုလဲအလှကုန်ထုတ်လုပ်ရေး)]တို့၏သမီး၊ (ဦးသန်းမြင့်)၏ဇနီး၊ ဦးအောင်ကျော်မြင့်(ဒုမြို့နယ်ပညာရေးမှူး၊ ငြိမ်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်)၊ ဒေါ်ယဉ်ယဉ်မြင့်-ဦးခင်မောင်မြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်လှရွှေ၊ ဒေါ်မေစန်းမြင့်-ဦးမြင့်သန်းအောင်၊ ဒေါ်သီတာထွေးမြင့်(ရုပ်ရှင်သရုပ်ဆောင် တုတ်တုတ်)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်၊မြစ် ၁၁ယောက်တို့၏အဘွား၊ဦးမျိုးညွန့်ကြီး-ဒေါ်ခင်ယောမေ၊[ဗိုလ်ကြီးမျိုးသန့်ကြီး(သနက-၆၊သူရဲကောင်းမှတ်တမ်းဝင်)]-ဒေါ်နန်းမိုးအေး၊ [ရှင်ဝေပုလ္လ(ခ)ဦးမျိုးဝင်းကြီး]-ဒေါ်ခင်ခင်မြင့်၊ ဒေါ်ခင်စန်းရင်၊ ဦးတင်ထူး၊ ဒေါ်ခင်စန်းအေး-ဦးစိုးမြင့်တို့၏အစ်မ(ကွမ်းခြံကုန်းမြို့နယ်အသင်းဝင်)သည် ၁၅-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရန်ကုန်ဆေး(၁) ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
# ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း(ငြိမ်း)
**အသက်(၆၇)နှစ်**

လပွတ္တာခရိုင်၊ ကန်ဘက်မြို့နေ (ဦးဘိုကြည်-ဒေါ်တင်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းနေ (ဦးမောင်အုန်း-ဒေါ်ကျော့ရင်)တို့၏သားသမက်၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဇေယျာသီရိ(၃)လမ်းနေ ဦးအောင်မြင့်-ဒေါ်စန်းရီ၊ ရွှေလောင်းမြို့နေ စခန်းမှူးဦးစံလှမောင်(ငြိမ်း)-ဒေါ်သန်းငွေးတို့၏မောင်၊ ကန်ဘက်မြို့နေ ဦးမြင့်တင်-ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းအောင်-ဒေါ်တင်တင်ခိုင်၊ လှိုင်သာယာမြို့နယ်နေ ဦးတင်လှိုင်-ဒေါ်မြင့်မြင့်အေး၊ လှည်းကူးမြို့နေ ဦးကြည်ညွှန့်သန်း-ဒေါ်ခင်စန်းဝင်း၊ မန္တလေးမြို့နေ ဒေါ်ခင်သန်းဝင်း၊ အင်းစိန်မြို့နယ်နေ (ဦးသိန်းဝင်းမှူး)-ဒေါ်ကျင်မွှေး၊ တည်းကုန်းမြို့နေ ဗိုလ်ကြီးသန်းဝင်း(စသစ-၁)-ဒေါ်မြင့်ဝင်းကြည်၊ ဦးထွန်းအောင်-ဒေါ်ဝင်းမြင့်ထွေးတို့၏အစ်ကို၊ ကိုငွေးလွင်-မစန်းမြင့်၊ မအိချိုဇင်(စန္ဒာရာမဘာ-က)၊ မောင်ဘိုဘိုကျော်-မဖြူသွယ်ဟန်၊ မောင်ငြိမ်းချမ်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်ဝင်းမြင့်ဦး၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၈-၂၀၁၈ရက် (အင်္ဂါနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ရဲ-၃၂၁၃ ရဲမှူးကျော်သန်း
**အသက်(၅၇)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲ-၃၂၁၃ ရဲမှူးကျော်သန်းသည် ၁၃-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၂နာရီတွင် ဘားအံပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ဦးသန့်ဇင်ဦး(ခ)ဖက်တီး (မြေနီကုန်း)
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သုခလမ်း၊ အမှတ် ၂၈၀နေ (ဦးတင်မောင်ဦး-ဒေါ်တင်ဝင်း)တို့၏သား၊ (ဦးမြင့်ဝင်း)-ဒေါ်တင်ပိုတို့၏သားသမက်၊ (ဦးညီညီစိုး)-ဒေါ်စန္ဒာဇော်ထွေး၊ (ဦးဟန်စိုး)-ဒေါ်ဇင်မာဦး၊ ဦးသက်နိုင်ဦး-ဒေါ်ကျော်ရတနာထွန်း၊ ဒေါ်သက်ဝါဦး၊ ဦးနိုင်လင်းဦး-ဒေါ်သန္တာလင်း၊ ဦးငြိမ်းချမ်းအောင်-ဒေါ်လဲ့လဲ့နိုင်တို့၏အစ်ကို၊ မောင်ကျော်ရဲထွန်း-မကေသီပိုင်၊ မောင်သန်းလင်းထွန်း-မမေနဒီကျော်အောင်၊ မဝင်းစန္ဒီခိုင်၊ မောင်မြတ်သူတို့၏ဖခင်၊ မောင်မျိုးမြင့်အောင်၊ မရှင်မင်းထက်၊ မောင်ကောင်းဆက်နိုင်၊ မောင်စစ်နိုင်ဦးတို့၏ဘကြီးသည် ၁၄-၈-၂၀၁၈ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ထူးကဲဒီရေနှင့် လှိုင်းများကြောင့် အမာမြို့နယ် ပင်လယ်ကမ်းစပ်ကျေးရွာများတွင် သုံးရက်အတွင်း လူနေတဲ ၁၁၃ လုံး ပြိုကျပျက်စီးပြီး ၁၄၄ လုံး ယိုင်နဲ့မှုဖြစ်

**အမာ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းစပ်ကျေးရွာများတွင် ထူးကဲဒီရေတက်လာချိန် မုတ်သုံလေ အားကောင်းစွာ တိုက်ခတ်ခဲ့သောကြောင့် သုံးရက်အတွင်း ကျေးရွာ ၁၀ ရွာမှ လူနေတဲအိမ် ၁၁၃ လုံး ပြိုကျပျက်စီးခဲ့ပြီး ၁၄၄ လုံး အခင်းအကာပျက်စီးကာ ယိုင်နဲ့သွားကြောင်း သိရသည်။

ယခင်ရေများနှင့်မတူဘဲ ယခုတက်လာသောဒီရေသည် ထူးကဲဒီရေဖြစ်ခြင်းကြောင့် ရေစတက်သော ဩဂုတ် ၁၂ ရက် ညနေပိုင်းတွင် သရက်ပင်ဆိပ်ကျေးရွာမှ နေအိမ်တစ်လုံး၊ ခါးပြတ်ကျေးရွာမှ နေအိမ်နှစ်လုံး စုစုပေါင်း သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး မင်္ဂလာသောင်တန်းကျေးရွာမှ နေအိမ်ရှစ်လုံး ယိုင်နဲ့သွားခဲ့ကြောင်း သိရသည်။ ဩဂုတ် ၁၃ ရက် ညနေပိုင်းတွင် သရက်ပင်ဆိပ်၊ ဘုရားလေးစု၊ အေးကုန်း၊ ခါးပြတ်၊ အောင်လှိုင်၊ ဗန္ဒာပင်ကျေးရွာများမှ နေအိမ် ၃၆ လုံး၊ မင်္ဂလာသောင်တန်းနှင့် တောကျိုး

စာမျက်နှာ ၁၀ ကော်လံ ၁ ✻



အမာမြို့နယ် ပင်လယ်ကမ်းစပ်ကျေးရွာတစ်ရွာတွင် ထူးကဲဒီရေတက်လာမှုကြောင့် နေအိမ်တဲအချို့ ယိမ်းယိုင်ပျက်စီးနေမှုကို တွေ့ရစဉ်။

## စစ်တောင်း၊ သံလွင်၊ ဝေါင်မြစ်နှင့် တိုးမြစ်တို့၏ စိုးရိမ်ရေမှတ် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါင်မြစ်ရေသည် ငါးသိုင်းချောင်း မြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်

စာမျက်နှာ ၁၀ ကော်လံ ၆ ❏





## အာရှအားကစားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲ မြန်မာအသင်း မြောက်ကိုရီးယားထံမှ အမှတ်ခွဲယူ

**ဂျကာတာ ဩဂုတ် ၁၅**

အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (စ) ပထမနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာနှင့် မြောက်ကိုရီးယားအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အာရှအားကစားပြိုင်ပွဲတွင် နှစ်ပေါင်း ၂၄ နှစ်အကြာ၌ တစ်ကျော့ပြန် ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအသင်း၏ ပွဲဦးထွက်မှာ ရလဒ်ကောင်းဖြင့် စတင်နိုင်ခဲ့ပြီး ၂၀၁၄ ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် မြောက်ကိုရီးယားအသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် မြောက်ကိုရီးယားအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး တိုက်စစ်ပိုင်းက ဂိုးသွင်းခွင့်ဖန်တီးနိုင်ခဲ့သလို ဂိုးသမားကျော်ဇင်ထက်၏ လက်စွမ်းပြမှုကြောင့်လည်း အဖွင့်လုခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသော်လည်း အဖွင့်ပွဲမှာပင် အမှတ်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် အောင်သူ၊ မောင်မောင်စိုး၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ လှိုင်းဘိုဘို၊ လွင်မိုးအောင်၊ နန္ဒကျော်၊ ဝင်းမိုးကျော်၊ ထိုက်ထိုက်အောင်၊ ဇော်မင်းထွန်း၊ ကျော်ဇင်ထက် (ဂိုး) တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတွင် မြောက်ကိုရီးယားအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာနောက်ခံလူများ ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရသည်။ စာမျက်နှာ ၁၂ ကော်လံ ၃ ●



မြန်မာအသင်းတိုက်စစ်မှူး အောင်သူ မြောက်ကိုရီးယားဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-ဂျကာတာ)

